www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့အကြောင်း အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓါတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဝေသူ ဦးအောင်မြင့်၊
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် အောင်မြင်ပုံနှိပ်တိုက်၊
ဖြန့်ချိရေး အောင်မြင်စာပေ၊
ပထမအကြိမ်-၂၀၁၂ ခုနှစ်၊ (အောက်တိုဘာလ)၊ အုပ်ရေ(၅၀၀)။

၈၉၅.၈၃
ဝိဇ္ဇာ
ကြွက်တွင်းထဲလည်း
ကြယ်ရောင်တောက်တဲ့နေ့ရှိပါတယ်
ယောက္ခမကြီးရယ်.../ဝိဇ္ဇာ။ -ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၂။
၁၅၃-စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ဝိဇ္ဇာ



BURMESE CLASSIC .com



# အခန်း (၁)

"**အောင်**မလေး ကုန်ပါပြီ၊ ကုန်ပါပြီတော့. . . အရပ်ကတို့ရဲ့"

မနက်စောစောစီးစီး ဒေါ်ဖန်စီ၏ ပြာနှမ်းနှမ်း အသံခပ်စူးစူးက ဝေစပြုနေသော နှင်းမှုန်မွှားမွှားလေးတွေကို အထိတ်တလန့်နှင့် ဖရိုဖရဲ ဝေသွားစေသည်။

တဖျတ်ဖျတ် ပျံသန်းနေသော ငှက်ကလေးတွေ၏ အတောင်ပံတွေ ဟန်ချက်မညီအောင် လန့်ဖျပ်သွားစေသည်။

အိမ်ထဲရှိဘုရားခန်းတွင် အိပ်တစ်ဝက် မှတ်တစ်ဝက်ဖြင့် တရားထိုင်နေသော ရပ်ကွက်ဥက္ကဋ္ဌ ဦးစိန်မောင် အိမ်ရှေ့မှာ ရှူးဝါးဝါး



www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်မြည်တမ်းနေသော ဒေါ်ဖန်စီအသံကြောင့် ကိုင်းကျနေသော ကိုယ်ကို ဆတ်ခနဲ မတ်ထောင်လိုက်ပြီး. . .

"ဟင်. . မနက်စောစောစီးစီး ဘာသံကြီးပါလိမ့်၊ ဌက်ဆိုးထိုးသံကြီးထင်တယ်. . ဖတ်. . ဖတ်. . ရွှေအိမ်. . ငွေအိမ်. ."

တစ်ယောက်တည်း အထိတ်တလန့်ဆိုရင်း တရားထိုင် ခြင်ထောင်စကို လှပ်ပြီး ထွက်ခဲ့လိုက်သည်။

"ဆရာကြီးရေ. . ဒေါ်ဖန်စီတော့ ဘာတွေကုန်ပြန်ပြီလဲ မသိပါဘူး"

BURMESE CLASSIC .com

ဦစိန်မောင်၏ဇနီး ဒေါ်ရွှေငွေး အငွေ့တထောင်းထောင်း ထနေသော ဆွမ်းတော်ပွဲပြင်ကာဝင်လာပြီး. . ဦးစိန်မောင် မကြားဘူးအထင်နှင့် သတင်းပို့၏။

ဦးစိန်မောင်ဆိုတာ ဒီရပ်ကွက်မှ ဥက္ကဋ္ဌဖြစ်သည့်အတွက် ရပ်ကွက်ထဲမှ ပြဿနာအကြီးစား အသေးစား အလတ်စား မှန်သမျှကို ဒိုင်ခံဖြေရှင်းပေးနေရသည့် ရပ်ကွက်ပေါင်ချိန်။

ညနေ ရပ်ကွက်ရုံးဖွင့်ချိန်ဆိုလျှင် ရုံးရှေ့မှာ တိုင်တန်းမှု အမျိုးအမည်ပေါင်းများစွာနှင့်. . ရပ်ကွက်ထဲမှ ပြဿနာလူများ စုရုံးရောက်ရှိနေကြ။ ယခုလည်း ဒေါ်ဖန်စီ ရပ်ကွက်ရုံးဖွင့်ချိန် မစောင့်ဘဲ အိမ်ကို စောစောစီးစီးလာရသည်ဆိုတော့. . ဘာများအရေးတကြီး ပြဿနာပါလိမ့်။

မိုးမှစင်စင် မလင်းချင်သေးဘူး နေခြည်နွေးနွေးတောင် အပျင်းကြီးနေဆဲအချိန်မှာ ဒေါ်ဖန်စီအသံကြောင့် ဦးစိန်မောင်. . တရားငိုက်. . အဲ. . တရားထိုင် ပျက်ရလေပြီ။





ဦးစိန်မောင် ခါးပုံစမှ လျော့ရဲနေသော ပုဆိုးကို ခပ်တင်းတင်း ပြင်ဝတ်ရင်း. . ခြံထဲသို့ ဆင်းလာခဲ့လိုက်သည်။

အပူရှပ်ကို စတိုင်လ်ထုတ်ပြီး ငိုချင်းချနေသော ဒေါ်ဖန်စီကို မေးခပ်ဆတ်ဆတ်ငေါ့ကာ. . .

"ကဲ. . ဒေါ်ဖန်စီ. . မနက်စောစော ဘာအရေးတွေဝင်နေပြန်ပြီတုန်း. ."

"ကျွန်မအိမ်ကိုညက သူခိုးဝင်သွားတယ် ကျွန်မသမီးဟာ. . အနှိုက်ခံရလို့. . ဒါတင်မကဘူး. . ကျွန်မသမီးရဲ့ အကွင်းပစ္စည်းတွေပါ. . အပိုင်သိမ်းသွားတယ်. . အီး. . ဟီး. . ခုတော့. . ကျွန်မသမီး လူစဉ်မမီဖြစ်ရချေရဲ့. ."

"ဟာဗျာ. . စိတ်မကောင်းလိုက်တာဗျာ၊ ခင်ဗျားသမီး မိုးရိပ်ထင်လေးက. . အလှသားဗျ. . ဒီရပ်ကွက်ရဲ့ကွမ်းတောင်ကိုင်ပဲ တကယ့်ကို လုံးကြီးပေါက်လှ နုထွက်ကြီး. . အဲ. . နုထွားကြီး. ."

ဦးစိန်မောင် ဒီရပ်ကွက်မှာ လူကြီးလုပ်လာတဲ့ သက်တမ်းတစ်လျှောက် သူခိုးက ခုလို. . စော်ရကား မော်ရကားသွားတယ်ဆိုတာ. . တစ်ကြိမ်တစ်ခါမှ မရှိခဲ့ဖူး။

ခုလိုအဖြစ်မျိုး ကြုံရတယ်ဆိုတော့ အတော်လေးပင် စိတ်မကောင်းဖြစ်ကာ နှမြောလဲနှမြောမိရဲ့. . ကိုယ့်သမီးအရွယ် နုနုထွတ်ထွတ်လေးမို့ပါ. . .

"ဟုတ်တယ်. . ကျွန်မသမီးကို လှသထက်လှအောင်. . အားဖြည့်ပေးတဲ့ အလှတရားတွေ. . ခုတော့ ဘာမှမရှိတော့ဘူး"

"ကဲ. . ကဲပါဗျာ၊ ဒေါ်ဖန်စီရယ်. . ကျုပ်ကို ဖြစ်ကြောင်းကုန်



www.burmeseclassic.com

www.burmeseclassic.com



ဝင် အသေအချာရှင်းပြစမ်းပါ၊ ကဲ. . ဝင်. . ဝင်. . အိမ်ထဲဝင်ပြီး အေးအေးဆေးဆေးပြောပြ. . ဟုတ်ပြီလား. . ”

ဒေါ်ဖန်စီ၏ အော်ကြီးဟစ်ကျယ် ငိုယိုတိုင်တန်းသံကြောင့် အိမ်နီးနားချင်းတွေပင် အိပ်ရာထက်မှနိုးလာပြီး. . ဒေါ်ဖန်စီနှင့် ဦးစိန်မောင်နားသို့ ပြူတစ်ပြူတစ် မယောင်မလည်ဖြင့် လာရောက်စပ်စုကုန်ကြ၏။

ဦးစိန်မောင် အိမ်ပေါ်သို့ ဒေါ်ဖန်စီ ငိုယိုမြည်တမ်းပြီး တက်တော့ အနီးအိမ်နီးချင်းတွေပါ. . မယောင်မလည် ဟိုလိုလို ဒီလိုလိုနှင့် လိုက်တက်ကြကုန်၏။ လူတို့၏ ဇီဇအရ ခွေးနှစ်ကောင် မိတ်လိုက်. . အဲ. . ဒိတ်ဒိတ်ကြဲ ကိုက်ကြလည်း မကြည့်ဘဲနှင့် မနေနိုင်ပေါင် ဆိုသလိုယခု. . ဒေါ်ဖန်စီ၏သမီး အနှိုက်ခံရပြီဆိုလေတော့. . သူတို့လည်း မသိဟု မရှိရလေအောင် ဗဟုသုတရှာမှီးဖို့ လိုက်တက်လာကြခြင်းဖြစ်သည်။

ဦးစိန်မောင်လည်း ကိုယ့်ရပ်ကွက်သားတွေ၏ အကျင့်ကို သိထားသူမို့ ဘာမှမပြောဘဲ တရှုပ်ရှုပ်ငိုနေသော ဒေါ်ဖန်စီကိုသာ အထူးတလည် အာရုံစိုက်၍. . .

“ကဲ. . ဖြစ်ပုံကိုအစက ပြန်ပြောပြစမ်းပါ. . ဒေါ်ဖန်စီရယ်၊ ဖြစ်ကြောင်းကုန်စင် သိထားမှ. . ခင်ဗျားသမီးကို လူစဉ်မမီအောင် လုပ်သွားတဲ့ ငမိုက်သားသူခိုးဟာ. . ဘယ်သူလဲဆိုတာ စုံစမ်းရမယ် မဟုတ်လား. . ”

ဒေါ်ဖန်စီ. . သူဝတ်ထားသော အင်္ကျီမှလည်ပတ်ကြိုးစကို ဆွဲယူပြီး မျက်ရည်မထွက်သော မျက်လုံးအိမ်ကို သုတ်လိုက်သည်။ အ





သက်က ငါးဆယ်နားနီးနေပြီ ဝတ်ပုံစားပုံက ဟော့တုန်း. . ခုလည်း ဒူးလောက်ရှိသော ညဝတ်အင်္ကျီနှင့် ဥက္ကဋ္ဌအိမ်ကို လာတာပဲကြည့်လက်ထဲမှာလည်း ဟမ်းဖုန်းတကိုင်ကိုင်. . .

အားလုံးဒေါ်ဖန်စီ လှုပ်ရှားဟန်ကို ဂရုတစိုက်ဖြင့် အလွတ်မပေး ဝိုင်းကြည့်နေကြသည်။

“ညက ကျွန်မရောသမီးရော ကိုရီးယားကားကြည့်ပြီး အိပ်ရာဝင်ကြတယ်. . ညဘက်တရေးနိုးလို့ ကျွန်မအတွာတောင် ထပေါက်လိုက်သေးတယ်. . ”

“ဘာထပေါက်တာလဲ. . ဒေါ်ဖန်စီ. . ”

ရှုံးစာရေးကြီး ဦးဘထူးက နားမလည်သလို လှမ်းမေး၏။

“သြော်. . စာရေးကြီးကလည်း အတွာဆိုတာ. . အတွာပေါ့လို့”

“သြော်. . အင်း. . အင်း”

“ကဲပါ. . ဆက်ပြောပါဦး”

ဥက္ကဋ္ဌကြီး ဆက်မေး၏။

“ရေအိမ်ထဲက ပြန်ထွက်တော့ ခွေးအူသံတွေကြားရလို့ အခန်းထဲ အမြန်ပြန်ဝင်ပြီး စောင်ခေါင်းမြီးခြုံပြီး အိပ်လိုက်မိတယ်၊ ဒါကြောင့် သမီးအခန်းထဲကိုတောင် ဝင်မကြည့်မိလိုက်ဘူး၊ အဲ့ဒီတုန်းက ခွေးသာမအူခဲ့ရင် ကျွန်မသမီးဟာကိုနှိုက်နေတဲ့သူခိုး လက်ပူးလက်ကြပ် မိချင်မိမှာ. . အဲ့ဒီခွေးကြောင့် ကျွန်မကြောက်ပြီး သမီးအခန်းထဲ ဝင်မကြည့်ခဲ့မိတာ. . ကျွန်မက လူကိုသာမကြောက်တာ သရဲတော့ ကြောက်သားအင်း. . အဲဒါနဲ့ ကျွန်မပြန် အိပ်ပျော်သွားလိုက်တာ. . စောစောကဥက္ကဋ္ဌအိမ်ကို မလာခင်အချိန်အထိပါပဲ. . .



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒါနဲ့ ကျွန်မသမီးအခန်းက ငိုသံထွက်လာတယ်၊ ကျွန်မ ခိုးရိုမ်ပြီး သွားကြည့်တော့ မွှေထားလိုက်တာ ရစရာကိုမရှိဘူး အားလုံး ကို ငိုခဲ့နေတာပဲ. ."

ဥက္ကဋ္ဌဦးစိန်မောင်. . ဒေါ်ဖန်စီစကားကြောင့် ခေါင်းမွှေးများ ထောင်ထသွားသည်။

"ဟ. . ခင်ဗျား. . ဘာ. . ဘာကိုပြောတာလဲ. . ပြဲတဲ့အ ကြောင်း ရှင်းအောင်ပြောစမ်းပါဟ. ."

ဦးစိန်မောင်စကားကြောင့် အားလုံးဝါးခနဲ ဝိုင်းရယ်လိုက်ကြ သည်.

"အခန်းထဲက ပစ္စည်းပစ္စယတွေလေ. . ရတနာမြေပုံရှာသလို မွှေသွားလို့ ပွပြဲနေတာပဲလို့ပြောတာ. ."

"ဩော်. . အဟီး. . အဲလိုရှင်းအောင် ပြောစမ်းပါဗျာ. ."

"ဒါနဲ့ ခင်ဗျားသမီး အနှိုက်ခံတယ်ဆိုတော့. . ဒီသူခိုး ပြစ်မှု တော်တော်ကြီးသွားပြီ၊ ဒါနဲ့. . ဘယ်လောက် အတိုင်းအတာထိ နှိုက်ခံ လိုက်ရသလဲ. ."

"အဲ. . အဲ. . ဘာ. . ဘာကို. . ပြောတာလဲ. ."

"ဟာ. . ခင်ဗျားပဲ. . အနှိုက်ခံရတယ်ဆို. ."

"ဟုတ်တယ်လေ"

"အေးလေ. . ခင်ဗျားသမီးကိုနှိုက်သွားတာ. . ပါးစပ်ပေါက် လား. . နှာခေါင်းပေါက်လား. . နားရွက်ပေါက်လား. . ဒါကိုမေးတာ"

"နောက်ပြီး ခင်ဗျားသမီးရဲ့ အတွင်းပစ္စည်းတွေ သိမ်းသွားတယ်ဆိုတော့ ဒါဟာ. . အတင်းအဓမ္မ ကြံစည်မှုဗျ"





"အို. . ဥက္ကဋ္ဌကလည်း ရှက်စရာ ဘာတွေပြောနေလဲနော်. ."

ဒေါ်ဖန်စီ ရှက်ရွံ့သွားသော မျက်နှာမျိုးဖြင့် မူနွဲ့လိုက်ပြီး. . .

"ကျွန်မသမီး အနှိုက်ခံရတယ်ဆိုတာ အဲ့ဒီဟာတွေ တစ်ခုမှ မဟုတ်ဘူး. ."

"ဒါဖြင့်ဘာလဲ. ."

"ပိုက်ဆံအိတ်. ."

"ဟာ. ."

"ဩော်. ."

"ဟင်း. . ဘာများလဲလို့. . ရေးကြီးခွင်ကျယ်နဲ့. ."

ဥက္ကဋ္ဌနှင့်အတူ အားလုံး အပျော့စား အာမေဋိတ်သံတွေ တစ်ယောက်တစ်ပေါက် ထွက်လာပြီး ဒေါ်ဖန်စီကို ပိုရန်ကောဟုသော အပြစ်တင်သည့် အကြည့်တွေဖြင့် ဝိုင်းကြည့်လိုက်ကြသည်။

"ဒါဆို. . ခင်ဗျားသမီးရဲ့ အတွင်းပစ္စည်းတွေ အပိုင်သိမ်းသွား တယ်ဆိုတာကရော. ."

"အဲ့. . အဲ့ဒါက. . ကျွန်မသမီးရဲ့ အတွင်းခံဘောင်းဘီတွေနဲ့ ဘရာစီယာတွေလေ၊ နောက်ပြီး. . ကိုယ်ကာယအလှ လေ့ကျင့်တဲ့ စာအုပ်၊ ဒီစာအုပ်မရှိရင်. . ကျွန်မသမီးနေ့စဉ်လုပ်နေတဲ့ ကိုယ်ကာယ လေ့ကျင့်ခန်းတွေ. . ဘယ်လိုဆက်လုပ်မလဲလို့၊ နဂိုကတည်းက ဝကစ် နေတဲ့ ကျွန်မသမီးလေး ခုတော့ ဝသထက် ထပ်ဝဦးတော့မှာပေါ့၊ အဲဒါ ဆို ယုမ့်ယောက်ျား ရှိပါတော့မလား. ."

"ဟာဗျာ. . ဒေါ်ဖန်စီရာ အစောကြီးထဲက. . ပိုက်ဆံအိတ်နဲ့ ဘောင်းဘီတွေ ဘရာစီယာတွေ လေ့ကျင့်ခန်းစာအုပ်တွေ ခိုးလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



ပါတာလို့ ပြောလိုက်ရင်ပြီးနေပြီ၊ ခင်ဗျားကြောင့် ခင်ဗျားသမီး အဖတ်ဆည်မရ ဖြစ်တော့မှာပဲဗျာ ခက်တော့တာပဲ. ."

ခကားကို လိုအပ်တာထက် ပို၍ချဲ့ကားပြီး မိတ္တူပွားတတ်သော ဒေါ်ဖန်စီကို ဥက္ကဋ္ဌစိတ်ပျက်လက်ပျက် အပြစ်တင်သည်။

"အင်းဗျာ. . ကျွန်တော်ဖြင့် တကယ်အောက်မေ့လို့. ."

ဒေါ်ဖန်စီ. . အားလုံး၏ အပြစ်တင်သံတွေကြားထဲမှ မကျေမနပ်ဖြင့် အိမ်ကိုပြန်သွားရသည်။

ဒေါ်ဖန်စီတို့က လူစိတ်ဝင်စားခြင်းခံရအောင် ထိုသို့ စတန့်ထွင်တတ်၏။ ထိုသို့ထွင်တိုင်းလည်း အပြောမတတ်တော့ အပတ်မလည်ဖြစ်ကာ. . အများတကာတို့ ယုံထင်ကြောင်ထင် ထင်ခံရ၏။

ဒါတင်မကသေး. . . အကြားသန်နေရာမှာ ဂရင်းနစ်စံချိန်ဝင် တင်လောက်၏။ ဒေါ်ဖန်စီဆိုတာ သူ့နာမည်အရင်းမဟုတ် အရွယ်နှင့် မလိုက်အောင် ခေတ်ဆန်လွန်းကာ. . သူ့ကိုယ်သူ သမီးနှင့်အပြိုင်အမြဲတမ်း နုပျိုအောင် နေထိုင်သူ၊ ရွှေဘယ်တော့မှမဝတ်ဘဲ 925 ဟုခေါ်သော ဖန်စီတွေကိုသာဝတ်သူ၊ နာမည်အရင်းက ဒေါ်မြသင်းကြွယ်သို့သော်. . မည်သူမျှ နာမည်ရင်းမခေါ် ဒေါ်ဖန်စီဟူသော နာမည်ပြောင်ကိုသာ အခေါ်များကြသည်။

ထို့ပြင်. . ကောင်လေး ငယ်ငယ်ချောချောတွေကို မျက်နှာသာပေးတတ်သူ. . .





# အခန်း ( ၂ )

"ဟာကွာ. . ငါ့မှာ စခန်းပဲလူပျောက်တိုင်ရမလို. . နာရေးကူညီမှုကိုပဲ ကြိုအကြောင်းကြားထားရမလိုနဲ့ မင်းကွာ. ."

"မင်းက အိမ်မှာ ထိုင်စောင့်နေတဲ့ကောင်ဆိုတော့ ဒီစကားမျိုးပြောမှာပေါ့ကွ. . ငါ့မှာသာ ဝွင်မတည့်လို့ တခြားဝွင်တွေ လျှောက်စမ်းတာ တကယ်ဖွတ်၊ လိပ်မဖင်သွားစမ်းတာကမှ လိပ်ဥလေးဘာလေးရချင်ရဦးမယ်၊ ဟွန်း. . ခုတော့ ချွေးထွက် သေးထွက်တာပဲ. . အဖတ်တင်တယ်. . ဘာဝွင်မှ ဖမ်းလို့မရခဲ့ဘူး၊ ဒီကြားထဲ ဟိုကောင် ကျော်ဦးတ သူခိုးလက်က သူဝှက်လုဆိုသလို ငါ့ဆီကငွေနှစ်သောင်း မနက်ဖြန်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းလာပြန်ပေးပါ့မယ်.. မင်းမှမပေးရင် ငါ့မိန်းမ မီးမဖွားနိုင်လို့ သေရပါတော့မယ်ဆိုပြီးတော့လေ.."

"ဟင်.. အဲ့ဒါနဲ့ မင်းကပေးလိုက်ရောပေါ့"

"ငါလည်း ကိုယ့်ရပ်ကိုယ့်ရွာ ခဏပြန်တဲ့အချိန်မှာ ငယ်ပေါင်းကြီးဖော် သူငယ်ချင်းတွေကို ဟန်လုပ်ချင်တာနဲ့.. ရော့.. အင့်.. ဆိုပြီး ဖတ်ခနဲ ပေးလိုက်မိတယ်.."

ကျော်ပိုးအိတ် ဖုတ်ခနဲချကာ ခြေပစ်လက်ပြစ် ထိုင်ပြီး.. 'ခို' ညည်းသလိုညည်းတွားနေသော.. ခိုင်ခန့် ခင်မျာ အမြတ်ရမလာသည့်အပြင် အရင်းပါပြုတ်ခဲ့၍ အတော့်လေးမအီမသာ ဖြစ်နေသည့်ပုံပေါက်နေသည်။

"မင်းက.. အဲဒီနှစ်သောင်းကို ပြန်မတောင်းခဲ့ဘူးလား.. ဘာလဲတစ်ခါတည်း အပြီးပေးလိုက်တဲ့ သဘောလား..."

"ဘယ်ကလာကွာ.. ငါ့စိတ်ထဲမှာတော့ မနက်ဖြန် တစ်ရက်စောင့်မယ်.. မလာရင်သဘက်ခါမှ သွားတောင်းမယ်ဆိုပြီး အေးအေးဆေးဆေး ကိုယ်လုပ်စရာရှိတာ လုပ်တာပေါ့။ အားလုံးကလည်း ငါ့ကို နိုင်ငံခြား ကုမ္ပဏီတစ်ခုမှာ လုပ်တယ်ဆိုပြီး ငါ့အမေအပါအဝင် ငါ့အမျိုးတွေကအစ အထင်ကိုကြီးနေတာ"

"ကဲပါ.. အဲဒါကအသာထား.. နိုင်ငံခြားထွက်မယ့်သူ ဘယ်နှစ်ယောက်စုမိလာလဲ.. အဲဒါက အဓိက"

"တစ်ယောက်မှ မစုမိခဲ့ဘူး.. အားလုံးက ငါတို့ထက်တောင် စာတတ်နေကြတယ်ကွ၊ မလေးရှားနိုင်ငံလောက်ကို စကားထဲ ထည့်မပြောဘူး.. စင်ကာပူတို့ ကိုရီးယားတို့လောက်မှ သူတို့ကစဉ်းစားမယ်





ဆိုလား..၊ တချို့ကောင်တွေဆို ကိုရီးယားသွားဖို့ ပတ်စပို့ စောင့်နေကြတာတဲ့.. ငါကလည်း ရွာစရောက်ကတည်းက မလေးရှားနိုင်ငံမှာ အလုပ်လုပ်နိုင်မယ့် အလုပ်သမားခေါ်ယူရေး အေဂျင်စီလို့ ရှည်ပြီးပြောလိုက်မိတော့.. ငုတ်တုတ်ကိုမေ့ရော.."

"မင်းတို့ရွာက.. အဲလောက်တောင် မီးမြင့်နေကြပြီလား"

"ဟား.. မီးမြင့်ဆို ငါတို့ရွာမှာ အနိမ့်ဆုံးအလုပ်လုပ်တဲ့ အိမ်သာကျင်းတူးတဲ့ အာဒီးတောင်.. မလေးရှား လိုင်းလောက်တော့ စည်ဘီယာခွက်ကိုင်ပြီးတောင် ဖင်ခုထိုင်လိုက်ဦးမယ်ဆိုပဲ"

"အလဲ့.."

"အလဲ့... မလုပ်နဲ့၊ သူတောင်.. ခုလာမယ့်ပထမပတ်မှာ ကိုရီးယားကို သွားတော့မှာတဲ့.. တစ်လကို ခုနစ်ပုံးလောက်ကတော့ ခိုင်မှာတဲ့၊ ငါ့ကိုတောင်.. သွားချင်ရင် ဆယ်သိန်းပဲထုတ် သူအားလုံးလုပ်ပေးမယ်ဆိုပြီး တွယ်လွှတ်လိုက်သေးတယ်.."

"ခိုင်ခန့် မင်းကလည်း.. ဟုတ်မှ ရှီးစမ်းပါကွာ.. အိမ်သာကျင်းတူးတဲ့လူက ကိုရီးယားသွားဖို့ ဘယ်ကဆယ်သိန်းရလဲ.."

"အောင်မယ်.. မင်းက အထင်သေးနေပြန်ပြီ၊ အဲဒီ အာဒီးဆိုတဲ့ကောင်ဆီမှာ.. သူတို့ မိဘဘိုးဘွားပိုင် မြေဝိုင်းလေး ရှိတယ်လေ၊ အခု.. အဲဒါကိုရောင်းလိုက်တာ ဘယ်လောက်ရတယ်လို့ မင်းထင်လဲ"

ခိုင်ခန့် အမေးကြောင့် ငြိမ်းဝေ.. ခေါင်းကို တဆတ်ဆတ် ခါယမ်းလိုက်ပြီး..

"သိဘူးလေ.."

"အေး.. သူတို့ ဘိုးဘွားပိုင်မြေကွက်ကို သိန်းတစ်ရာ့ဆယ်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



နဲ့ရောင်းလိုက်လို့ အခုဆို. . သူတို့အိမ်မှာ မိသားစု ငါးယောက်ရှိတယ် သူ့သမီး အငယ်ဆုံးမလေး ဘွတ်ကနားကလွဲပြီး ကျန်တာ "နှ်းတွေ တိုယ်စီနဲ့ဗျာ၊ ခုဆို အိမ်သာကျင်းတူးရင်းနဲ့တောင် အိမ်မှာကျန်ခဲ့တဲ့ သူ့မိန်းမ လက်ချမ်းနဲ့ ဖုန်းစကားပြောနိုင်ပြီ၊ သူ့သားတွေဆို. . ရှာဦး ဘုန်းကြီးကျောင်းမှာ ကျောင်းသားလိုက်လုပ်ရင်း. . ခါးမှာ ဖုန်းတွေ ချိတ်လို့. . ၊ ကဲ. . ကံကြမ္မာက မထင်ရှော့တွေနဲ့ လူတွေကို မထင်မှတ် တဲ့နေရာကနေ ကံကောင်းခြင်းတွေပေးနေပြီ၊ ငါတို့ကိုသာ. . မျက်စိ မှောက်ပြီး. . ခုထိ ဆင်းရဲနွံထဲမှာ ရုန်းရလွန်းလို့ ငယ်ထိပ်ပါမြုပ်တော့ မယ်. . "







"ဟင်. . ဒါဆို. . မင်းသွားဖန်တဲ့ဂွင်ကော. . စောစောတ မင်းပြောခဲ့သလို ချေးထွက်. . အဲ. . ချွေးထွက်. . သေးထွက်တာပဲ အဖတ်တင်ခဲ့တယ်ပေါ့"

"အဟွန့်. . ဟုတ်တယ်. . "

ခိုင်ခန့်အသံက အောက်စီဂျင် လျော့နေသလို အင်အားချိနဲ့ ကုန်ခန်းနေ၏။

"ဒါဆို ဟိုနှစ်သောင်းချေးတဲ့ကောင်ဆီကရော ပိုက်ဆံပြန်ရ ခဲ့တယ်မဟုတ်လား. . "

"မရပါဘူးကွာ. . ငါရန်ကုန်ပြန်တော့မယ်ဆိုပြီး အဲဒီပိုက်ဆံ သွားတောင်းတာ. . ဒီကောင့်မိန်းမက ဘာမီးမှမဖွားဘူး"

"ဟမ်. . ဒါဆို မင်းဆီက ညာတောင်းသွားတာလား"

"အဲဒီလိုပဲပြောရတော့မှာပေါ့. . ခုပေါ်နေတဲ့ နှစ်သိန်းတန် ဖုန်းဝယ်ဖို့ ငွေနှစ်သောင်းလိုလို့ဆိုပြီး. . ငါ့ဆီက ကလိန်ကျပြီး လာချေး တာ၊ ခုတော့. . ရွာထဲမှာ ဖုန်းတကားကားနဲ့ အဲဒီနှစ်သောင်းကို ရန်ကုန် ရောက်ရင် သူ့အဒေါ်ဆီမှာ သွားတောင်းလိုက်ပါတဲ့ သူ့ကြိုဖုန်းဆက် ထားမယ်ဆိုပြီး လိပ်စာပေးလိုက်တယ်. . ငါ့မှာ ဖွတ်လည်းမရ ခါးမ လည်းဆုံး"

"ဒါနဲ့ပဲ ရန်ကုန်ကို ပြန်လာတာ မျောက်မှိုင်,မှိုင်ပြီး ပြန်လာ တယ်ပေါ့၊ ဒီမှာပေးစရာရှိတဲ့ အိမ်လခနဲ့ တခြားအကြွေး ဘယ်လိုလုပ် မလဲ. . "

ထိုစဉ်. . .

"ဟေး. . ဘယ်သူမှမရှိကြဘူးလား. . "



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းနှစ်ယောက် အဆင်မပြေခြင်းတွေနဲ့ အကြွေးစာရှင်း ထိုင်တွက်နေတုန်း . . အိမ်ရှေ့မှ အိမ်ရှင်ဒေါ်အာစိန် အသံက သူတို့အိမ်ထဲသို့ စွေ့ခနဲ ဝင်လာသည်။

“ဟိုက် . . သောက်ကျိုးနည်း ဒေါ်အာစိန်၊ အိမ်လခ ဝင်ပုန်းနေ . . အဲ . . လာတောင်းနေပြီ . . ငါတို့ ပုန်းနေမှပဲ . .”

“ဟေ့ကောင် . . အိမ်တံခါး ဟောင်းလောင်းဖွင့်ထားပြီးမှ ဝင်ပုန်းနေလို့ မင်းကြီးတော်အာစိန်က မရှာတော့ဘူးတဲ့လား . . ပုန်းစရာဆိုလို့ ဒီအိမ်ထဲမှာ ဖျာလိပ်လေးတစ်ချပ်နဲ့ အိုးခွက်ပန်းကန်လေးပဲ ရှိတာ . .”

ပုဆိုးစ စွန်တောင်ဆွဲပြီး အိမ်ထဲပြေးတော့မည့် ငြိမ်းဝေကို . . ခိုင်ခန့်ကနေ လှမ်းဆွဲပြီး တားလိုက်သည်။ ငြိမ်းဝေ ရှေ့ကို ဟတ်ထိုးလဲမလို ဖြစ်ပြီး . . .

“ဟာ . . မပုန်းလို့ မင်းကြီးတော် အာစိန်က ငါတို့ကိုအလွတ်ပေးမယ်ထင်လား၊ အိမ်လခမပေးနိုင်ရင် ဒီကနေဒိုးရတော့မှာ . .”

“အေးလေ . . မင်းဘယ်မှာ ပုန်းမလဲ . .”

“ဖျာလိပ်ထဲဝ င်ပုန်းမှာပေါ့ . . .”

“ဟမ် . . ဟာကွာ . . ငါခွီးတဲ့မှပဲ . .”

ခိုင်ခန့် ခေါင်းကို တဗျင်းဗျင်း ကုတ်ပြီး . .

“တဲ . . လုပ်ကွာ . . လုပ်လက်စနဲ့ ဂွင်အသစ်လေးရလိုရငြားပေါ့”

ခိုင်ခန့်ဆီမှ ခွင့်ပြုချက်ရသည်နှင့် ငြိမ်းဝေ ဖျာလိပ်ထဲ ခွေ့ခနဲ တိုးဝင်လိုက်သည်။ ခိုင်ခန့် ဘုရားစင်ပေါ်မှ အမွှေးတိုင်နှင့် ဖ





ယောင်းတိုင်ကို ကပျာကသီလှမ်းယူပြီး ဖျာလိပ်ဘေးမှာ ထွန်းလိုက်သည်။ ပြီးနောက် . . ဆောင့်ကြောင့်ထိုင်ကာ သဏ္ဍာန်လုပ်သရုပ်တူရှုံ့လက်အုပ်ချီလိုက်သည်။

လတ်တလောအကြံမို့ ဒေါ်အာစိန်၏ ဒေါသအာရုံကို ဖမ်းစားနိုင်ပါ့မလားတော့မသိ . . ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၃ )

"**အ**လိုတော်. . ဒါက ဘာလုပ်နေတာတုန်း၊ ဖျာလိပ်ဘေးမှာ အမွှေးတိုင်တွေ ဖယောင်းတိုင်တွေထွန်းပြီး. . "

ဒေါ်အာစိန် ပိုက်ဆံအိတ်နှင့်ထီးကို ချိုင်းကြားညှပ်ပြီး အိမ်ထဲသို့ လုံချည်စလေး မကာ့မကာနှင့် ရန်တွေ့ရန် ဝင်လာသည်။ အိမ်ကသူ့ကိုယ်လုံးကြီးနဲ့မို့ သိမ့်ခနဲ ယမ်းနေသည်။

ခိုင်ခန့်လက်အုပ်ချီပြီး ဆောင့်ကြောင့်သာထိုင်နေရသည်။ စိတ်ထဲမှာတော့ ကြောက်စိတ်ကြောင့် သရဏဂုံတင်နေမိသည်။ ဒေါ်အာစိန်ဆိုသည့် အိမ်ရှင်မိန်းမက ရန်သူမျိုးငါးပါးထက် ကြောက်စရာကောင်း





သည်။ သူ့အိမ်လခမရရင် ဘယ်လိုမျက်ခွက်မှ မထောက်ထား. . .

"ရှူး. . တိုးတိုး. . ဒီမှာ. . အရေးကြီးဆောင်ရွက်စရာ ကိစ္စရှိလို့ ဖျာလိပ်နတ်မေးနေတာ. . "

ဖျာလိပ်နတ်ဆို၍ ဒေါ်အာစိန်၏ တင်းနေသောမျက်နှာ. . အနည်းငယ်လျော့လာပြီး. . .

"ဖျာလိပ်နတ် ဟုတ်လား. . "

"ဟုတ်တယ်. . ဒါကြောင့် စကားကို တိုးတိုးပြောပါ. . "

ခိုင်ခန့်လေသံမျှ ပြောလိုက်သဖြင့် ဒေါ်အာစိန် ခိုင်ခန့် ဘေးမှာ ခပ်ကျုံ့ကျုံ့လေး ဝင်ထိုင်လိုက်သည်။ ချိုင်းကြားမှ ထီးနှင့်ပိုက်ဆံအိတ်ကို ကြမ်းခင်းပေါ်သို့ အသာချပြီး. . သူပါ လက်အုပ်လိုက်ချီလိုက်သည်။

ခိုင်ခန့် ချောင်းတစ်ချက် ဟန့်လိုက်သည်။

"အဟမ်း. . ဖျာလိပ်နတ်မင်း ခင်ဗျား၊ အရှင်ဖျာလိပ်နတ်မင်းအား ဖယောင်းဆီမီး နံ့သာရနံ့တို့ဖြင့် ထွန်းညှိကာ ပူဇော်ပြီး ပင့်ဖိတ်ပါသည်။ အရှင်ဖျာလိပ်နတ် ကြွရောက်လာပြီဆိုလျှင် ထိုဖျာလိပ်အား အသက်သွင်းတော်မူပြီး. . အကျွန်ုပ်၏ ဆောင်ရွက်စရာ လုပ်ငန်းဆောင်တာများအတွက် ကူညီဆောင်မတော်မူပါဘုရား. . "

ခိုင်ခန့်စကားဆုံးသည်နှင့် ဖျာလိပ်ကြီးမှာ ဘယ်မှညာသို့ သိသိသာသာ ယိမ်းထိုးပြသည်။ ဒေါ်အာစိန်မျက်နှာမှာ ယုံကြည်မှုကြောင့် လင်းထိန်သွားကာ. . .

"ဟယ်. . တကယ်ကြွလာပြီတော့၊ ဖျာလိပ်ကြီး ယိမ်းထိုးသွားတယ်. . ဒါဆို. . ငါလည်းကြုံတုန်း မေးသွားဦးမှ. . "

"မေးရမယ်. . ဒေါ်အာစိန်၊ ဒါပေမဲ့ ကျွန်တော် အရင် အရေး



www.burmeseclassic.com

www.burmeseclassic.com



ကြီး ကိစ္စကြောင့် အရင်မေးလိုက်မယ်. . ခဏနော်. . ”

“အေးပါ. . မေးပါ. . မေး. . မေး. . ”

ဒေါ်အာစိန် လေသံတွေ လုံးဝမာကျောခြင်း မရှိတော့ဘဲ. . ဖျာလိပ်နတ် တန်ခိုးကြောင့်လားမသိ. . အိမ်လခတောင်းဖို့ပင် သတိရသည့်ပုံမပေါ်. . ခိုင်ခန့်ကျိတ်ပြုံးလိုက်ပြီး. . .

“အရှင်ဖျာလိပ်နတ် ယခု ကျွန်တော်ကိုင်ထားတဲ့ စိန်သန့်စိန်ပွင့်များကို ဈေးကောင်းကောင်းနဲ့ ရောင်းချင်ပါတယ်၊ ဒါပေမယ့် ကုန်သည်အချို့နဲ့စကားပြောတာ ဈေးမညီဘူး ဖြစ်နေတယ်၊ အကယ်၍ ကျွန်တော့်စိန်ပွင့်တွေကို ကြိုက်ဈေးပေး ဝယ်မည့်သူ ဒီတစ်ရက် နှစ်ရက်အတွင်း ရောက်လာမည်ဆိုပါက အသင်ဖျာလိပ်နတ်မင်းက ဘယ်မှညာသို့ သုံးချက်တိတိ ယိမ်းထိုးပေးပါ။ အကယ်၍ ဈေးကောင်းပေးဝယ်မည့် ကုန်သည် မလာဘဲ ပွဲခနည်းနည်းလေးပဲ ရမည်ဆိုလျှင် ဖျာလိပ်အား လုံးဝ မလှုပ်မယှက်ပဲ ငြိမ်နေပါစေ. . ”

ဖျာလိပ်မှာ ဘယ်မှညာသို့ သုံးချက်တိတိ ယိမ်းထိုးပြသည်။

“ဟယ်. . မောင်ခိုင်. . နင့်စိန်အရောင်းအဝယ် အလုပ်ဖြစ်တယ်တော့ သုံးချက်တိတိ ယိမ်းပြတယ်. . ”

“အဲ့ဒါ. . ကျွန်တော်ကို စောင့်ရှောက်တယ်ဆိုတဲ့ သက်သေပဲပျ. . ကျွန်တော် နယ်မှာ သူငယ်ချင်းတွေနဲ့ တစ်ခါမေးသေးတယ်. . အဲဒီတုန်းကလည်း အရမ်းမှန်တာ၊ ဒါကြောင့် ကျွန်တော်. . ငွေသုံးသောင်းတောင်မှ ဖျာလိပ်နတ်ကို ပသခဲ့သေးတယ်၊ ဒါမှလည်း ကိုယ့်ကိုသူ့တပည့်ရင်းလို သဘောထားပြီး စောင့်ရှောက်မှာပေါ့ ဟုတ်ဘူးလား”

“အို. . ဟုတ်တာပေါ့၊ ကိုယ့်ကိုအကျိုးပြုရင် သူကိုလည်း ပြုရ





မှာပေါ့. . ”

“ဒါပေါ့. . ဒါပေါ့. . ကဲ. . ကဲ. . ဒေါ်အာစိန်က ညည့်သည်ဆိုတော့ ဒေါ်အာစိန်ပဲ အရင်မေးလိုက်ပါတော့၊ ကျွန်တော်က နောက်မှပဲ အေးအေးဆေးဆေး မေးတော့မယ်၊ ဟိုကောင် ငြိမ်းဝေလာရင် ဖျာလိပ်နတ်ကို ဒါနပြုဖို့ ခေါက်ဆွဲကြော်တို့ ကြာဇံကြော်တို့ ဝယ်ပြီးကပ်ရဦးမယ်၊ ကိုယ့်ဆီပင့်ဖိတ်ထားမှတော့ နေ့ခင်းစာတွေဘာတွေကို ကျွန်တော်တို့ပဲ တာဝန်ယူရတော့မှာပေါ့ ဟုတ်ဘူးလား. . .

ဩော်. . ဒေါ်အာစိန်ရော ဒါနပြုဦးမလား၊ ဒေါ်အာစိန် စေတနာ ထက်သန်သလောက် ဒါနပြုလို့ရတယ်နော်. . ”

“အေး. . အေးပါ. . ငါလည်း လှူပါ့မယ်ဟယ်၊ ခုလောလောဆယ်တော့ ငါမေးချင်တာလေး မေးပါရစေဦး. . ”

“ဩော်. . ဟုတ်သားပဲ၊ အဟဲ. . မေးပါ. . မေးပါ. . ”

ဒေါ်အာစိန် ဖျာလိပ်ရှိရာသို့ လက်အုပ်ချီ ဦးညွှတ်လျှက်. .

“အရှင်ဖျာလိပ်နတ်မင်း ကျွန်မမှာ အိမ်ထောင်ရေး ပြဿနာတွေနဲ့ ရင်ဆိုင်နေရပါတယ်၊ ကျွန်မရဲ့မောင်က. . အခုဆို အပြင်မှာ စမောလ်လေးတွေနဲ့ ခြေရှုပ်နေပါတယ်၊ သူ့ရဲ့အချစ်တွေဟာ ကျွန်မပေါ်မှာ သွေးအေးသတ္တဝါတစ်ကောင်လို အေးစက်စက် ဖြစ်နေပါတယ်. . ”

သူ့ရုပ်ကြီးနဲ့ ရှိုက်သံစွက်ပြီး တိုင်တည်နေသော ဒေါ်အာစိန်ကိုကြည့်ပြီး. . ဖျာလိပ်ထဲမှာ ပုန်းအောင်းနေသော ငြိမ်းဝေ ရယ်ချင်နေမိသည်။ အသံထွက်မည်စိုး၍ ပါးစပ်ကို ခပ်တင်းတင်း ပိတ်ထားရ၏။ ခိုင်ခန့်ကတော့ တစ်ဖက်သို့လှည့်ပြီး အသံတိတ်ရယ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မရဲ့မောင်. . ကျွန်မရင်ခွင်မှာ ပြန်လည်ခိုဝင်အောင် ဖျာလိပ်နတ်က ကျွန်မကိုယ်စား တန်ခိုးဣဒ္ဓိပါဒ်နဲ့ ဆွဲဆောင်ဖြားယောင်းပေးတော်မူပါ။ အကယ်၍ ဖျာလိပ်နတ်က ဤသို့ဆွဲဆောင်ဖြားယောင်းပေးမည်ဆိုလျှင် ထိုဖျာလိပ်အား အဆက်မပြတ် ယမ်းခါပြုပြီး တီခနဲရပ်သွားပါစေ. . အကယ်၍ ကျွန်မဆန္ဒပြည့်အောင် မဖြားယောင်းပေးဘူးဆိုလျှင် ထိုဖျာလိပ်သည် ကျောက်တုံးတစ်တုံးလို ငြိမ်သက်၍နေပါစေ. ."

ဒေါ်အာစိန်၏ တိုင်တည်ဆုတောင်းသံ အဆုံးတွင် ဖျာလိပ်သည် နတ်ဝင်သည် တစ်ယောက်လို အားမာန်အပြည့်ဖြင့် ယိမ်းထိုးလေတော့၏။

ဒေါ်အာစိန် ထခုန်မတတ် ဝမ်းသာသွားကာ. . ။

"ဟယ်. . တကယ်တော့၊ မောင်က တကယ်ပြန်လာမှာတဲ့တော့. . . အမလေး ဝမ်းသာလိုက်တာ"

ဒေါ်အာစိန် ဝမ်းသာလွန်း၍ အနီးရှိ ခိုင်ခန့်ကိုတအား သိမ်းကျုံးဖက်ပြီး မွှေ့ယမ်းလိုက်သည်။ ခိုင်ခန့်လျှာထွက်မတက်ပင် မျက်လုံးပြူးထွက်ကာ. . .

"အဲ. . အား. . ဒေါ်. . ဒေါ်အာစိန်. . စိတ်. . စိတ်ထိန်းပါကျွန်တော် ခိုင်ခန့်ပါ၊ အောင်မလေး၏ အရိုးတွေ ကျိုးတော့မှာပဲ. ."

ဒီတော့မှ ဒေါ်အာစိန် အပျော်မျက်နှာဖြင့် အရှက်ပြေ ပြုံးတီတီပြုံးကာ. . .

"ငါဝမ်းသာလွန်းလို့ပါဟယ်. . တကယ်ပဲ. . ငါ့ကို ဖျာလိပ်နတ်က တကယ်စောင့်ရှောက်တာပဲ. . အမလေး. . မောင့်ကိုငါ မဆုံးရှုံးရ





တော့ဘူး. ."

ထိုသို့ပြောပြီး ဒေါ်အာစိန် သူပိုက်ဆံအိတ် ဇစ်ကိုဗြဲခနဲ ဆွဲဖွင့်လိုက်ပြီး. . .

"ရော့. . နင်က ဖျာလိပ်နတ်ကို သုံးသောင်းလှူရင် ငါက လေးသောင်းလှူမယ်၊ ဒါက. . ခေါက်ဆွဲကြော်နဲ့ ရှပ်ဘူးဖိုး ငါးထောင်ယူထား၊ အမလေး အပူရုပ်ကို ဟန်လုပ်ပြီး နေနေရတဲ့ငါ့ဘဝ. . ခုတော့ဟန်လုပ်ရ ကျိုးနပ်ပြီ၊ မောင် ငါ့ဆီ ပြန်လာမှာတဲ့. ."

ဒေါ်အာစိန်. . ငါးထောင်တန် အခေါက်ကလေး ခပ်ပါးပါးတစ်ထပ်လှမ်းပေးပြီး သူ့ကိုယ်လုံးကြီးဖြင့် ထိုင်ရာမှ အားယူထလိုက်သည်။ ကြမ်းခင်းပေါ်တွင် ကျန်နေသောထီးကို ခိုင်ခန့်က မေ့မည်စိုး၍ကောက်ယူပြီး လှမ်းပေးလိုက်သည်။

"ကဲ. . ငါပြန်လိုက်ဦးမယ်၊ မောင်ပြန်လာခါနီးနေပြီဆိုတော့ရေလေးဘာလေးချိုး. . အလှလေးဘာလေး ပြင်ထားဦးမှ. ."

ဒေါ်အာစိန် ခိုင်ခန့်အနားမှ ကော့လန်ကော့လန်ဖြင့် ထွက်သွား၏။ အိမ်ရှေ့လမ်းမပေါ်ရောက်ပြီး အိမ်နှင့်အတော်လေး ဝေးသွားမှ ခိုင်ခန့်အိမ်တံခါးကို ပိတ်ကာ ချက်ချပြီး တခွမ်းနှစ်ပတ်သုံးပတ် လှိမ့်လိုက်သည်။

"ဟား. . ဟား. . ဟား. . ဒေါ်အာစိန်ကြီး. . ငါတို့အကွက်ထဲကို ယိုးဒယားအက ကပြီး တန်းကိုဝင်လာတော့တာပဲ၊ အဟီး. . အိမ်လခ တောင်းဖို့တောင် မေ့သွားရှာလေရဲ့၊ ဟော့ကောင်. . ငြိမ်းဝေ ဖျာလိပ်နတ်ကြီး. . ထွက်လာတော့၊ အမြင်က မုန်တိုင်းကို ငါလေနဲ့ မှုတ်ထုတ်လိုက်လို့ အတ္တလန်တိတ်သမုဒ္ဒရာဘက်ကို လွင့်သွားပြီ. ."



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းဝေ ချွေးဒီးဒီးကျနေသော မျက်နှာဖြင့် စပ်ဖြီးဖြီးရယ်ကာ ဖျာလိပ်ကို ဖြုပြီး ထွက်လာလိုက်၏။

"ဇာတ်တိုက်ထားရင်တောင် ခုလောက် ဂွင်ကျမှာမဟုတ်ဘူး၊ ဆိုင်းမဆင့်ဗုံမဆင့် အစိမ်းကစ် ကစ်လိုက်တာ ငွေလေးသောင်းခွဲက အတင်းကို ခုန်ဝင်လာတော့တာပဲ၊ မင်းအိုင်ကျူးတွေ နည်းနည်းအသုံးဝင်လာပြီ ခိုင်ခန့်ရ. . ဟား. . ဟား. . ဟား. ."

"ကဲ. . မအတ္တကြီးကို အိမ်လခပေးရမှာက သုံးလစာ လေးသောင်းခွဲ၊ ခု. . သူပေးတဲ့ ပိုက်ဆံနဲ့ပဲ. . သူကို အိမ်လခပြန်ပေးလိုက်ရုံပေါ့ကွာ၊ သူ့တဏှာနဲ့သူ ပြန်ရိုက်. . အဲ. . ဟုတ်ပါဘူး. . သူ့တုတ်နဲ့သူ ပြန်ရိုက်လိုက်ကြတာပေါ့. . ဒန်. . တန့်တန့်"

အလကားပဲနင်း ရလိုက်သောငွေကြောင့် ထွက်ပေါက်တစ်ခု ရသွားသော ကြွက်တွင်းပိတ်ခံထားရသည့် ကြွက်သူငယ်လေးတွေလို မြူးတူးခုန်ပေါက်နေကြ၏။





# အခန်း ( ၄ )

"ပိုးရိပ်"

"ရှန်. ."

"ဒါက ဘယ်လဲ. ."

"ဟို. . အင်တာနက်ဆိုင်ကိုပါ. . မာမီ. ."

အသားဖြူဖြူ မျက်လုံးက ပိုင်းစက်ရွှန်းစိုလျက်. . နှင်းဆီရောင်နှုတ်ခမ်းဖူးဖူးလေးနှင့် ပြေပြစ်သောနှာတံချွန်မြမြလေးက ကျစ်လစ်ဖွံ့ဖြိုးသော ကိုယ်ခန္ဓာလေးနှင့် လိုက်ဖက်စွာ ဖက်ထားချင်စရာကောင်းအောင် အိစက်နူညက်နေသည်။ ဝကစ်ကစ်ကလေးပေမယ့် ချစ်စရာကောင်းသော သမီးလေးကို ဒေါ်ဖန်စီ စိတ်မချ. . ရပ်ကွက်ထဲက တစ်



www.burmeseclassic.com

www.burmeseclassic.com



ရာ့ကိုး တစ်ရာ့တစ်ဆယ်တွေနဲ့ ပြိုစွန်းသွားမှာကိုလည်း စိတ်ပူမိသည်။

ဒေါ်ဖန်စီ စိတ်ပူလည်း စိတ်ပူချင်စရာ အနေအထိုင် အေးဆေးသော သမီးလေး မိုးရိပ်ကို ပိုးပန်းနေတဲ့သူတွေက ဒီရပ်ကွက်မှာ အပေါ်သား. .

ဒေါ်ဖန်စီဆိုတာကလည်း ရပ်ကွက်ထဲမှာ စားနိုင်သောက်နိုင် လှူနိုင်တန်းနိုင်သော အခြေအနေလေးနှင့် ယောကျ်ားလက်ထပ်ပွား ကျန်ခဲ့သော ကားလေးတစ်စီးကို ကိုယ်တိုင်မောင်းပြီး စီးပွားရေးလောကမှာ ကျင်လည်နေသူ. . တစ်ခါတစ်ရံ အပေါင်းအသင်းတွေနှင့် ချိန်းကာ ပိုကာဒေါင်းသည့် နေပုံထိုင်ပုံ ပြောပုံဆိုပုံ ဆိုရှယ်ကျကာ နေထိုင်မှုက အနည်းငယ် စရိုက်ဆန်သလောက် မိုးရိပ်ကတော့ ဒေါ်ဖန်စီနှင့် ဆန့်ကျင်စွာ ငြိမ်းချမ်းအေးဆေးသူ. .။

မိုးရိပ်မှာ ဝါသနာထုံတာလေး တစ်ခုတော့ရှိသည် ထိုဝါသနာသည် အင်တာနက်ဆိုင်တွင် ချက်တင်ထိုင်လေ့ရှိသော ဝါသနာ. .

"ညည်းကို မာမီ ဘာပြောထားလဲ အားရင် စာအုပ်ဖတ်၊ ခွေကြည့် ဒါမှမဟုတ်ရင် စကိုင်းနက်ခ်က လာတဲ့ကားတွေကြည့်လို့ ပြောထားတယ်မဟုတ်လား. . ( သွား. . ခုဝင်. . ဘယ်အင်တာနက်ဆိုင်မှ မသွားရဘူး. ."

မိုးရိပ် မျက်နှာလေးငယ်သွားကာ အိမ်ထဲသို့ ခြေဆောင့်ပြီး ပြန်ဝင်ခဲ့သည်။ အမေဆိုတော့လည်း. . ဘာမျှစောဒက မတက်ချင်။ နဂိုကမှ မိုးရိပ်က စကားနည်းသူမို့ မိခင်ကိုဂျစ်တိုက်နွဲ့ဆိုး,ဆိုးဖို့ဆိုတာ ဟိုအရင် ကလေးဘဝကတည်းက မရှိခဲ့. . .

မိုးရိပ်၏ နေထိုင်မှု ဟန်ပန်သည် နွေဦးတွင်ပွင့်သည့် ပန်းလေး





တစ်ပွင့်လို တအုံ့နွေးနွေးနှင့် နေတတ်၏။

ဆောင်းနှင်းပွင့်လို ငြိမ်းအေးသည့် အလှကို ပိုင်ဆိုင်၏။ နွေဦး၏ ဥသြငှက်လေးလို အသံသာ၏။ မာယာကင်းသော အလှက ရိုးရှင်းလွန်း၏။

မိခင်၏ ခြဖာအောက်တွင် သံကွန်ချာ ခုနစ်ထပ် ကာရံထားသလို အကျဉ်းစံမင်းသမီးလေး တစ်ပါးဟု ယိုးစွပ်နေရ၏။

အလိုလိုနေရင်း နတ်ပန်းပွင့်ကို စောင့်သည့် မှော်ဆရာမကြီး ဖြစ်နေသူက ဒေါ်ဖန်စီပင်ဖြစ်သည်။

သမီးကိုရှိသဲ့သဲ့ လိုက်လုပ်သူကတော့ ဒေါ်ဖန်စီနှင့် တွေ့လျှင် မလွယ်။ ဘာကြောင့် မလွယ်လဲဆိုလျှင် ဒေါ်ဖန်စီသည် ကျူဒိုမှာ ခါးပတ်နက်ရထားသူ ဖြစ်သောကြောင့် ဖြစ်သည်။

ဒါ့အပြင်. . သမီးလုပ်သူကို တော်ရုံယောကျ်ားလေးမျိုးနှင့်ဆိုလျှင် တူတယ်တန်တယ်မထင်. . သမီးနှင့်သဘောတူမည့် အရည်အချင်းမှာ အနည်းလေး ဘွဲ့နှစ်ခုလောက်တော့ ရနေရမည်။ တိုက်ပါရမည်၊ ကားပါရမည်၊ လုပ်ငန်းပါရမည်၊ တစ်ဦးတည်းသော သားဖြစ်ရမည်၊ ရုပ်ရည်သန့်ပြန့်ရမည်၊ ယောက္ခမကို ဂါရဝတရားရှေ့ထားပြီး ရိုသေတတ်သူဖြစ်ရမည်၊ သတ္တိရှိဖို့ မလို. . အဲ. . နောက်ဆုံးလက်ကျန် အရည်အချင်းက အိမ်မှုကိစ္စနိုင်နင်းသူ ဖြစ်ရမည်။

ထိုသို့သော အရည်အချင်းတွေ မပြည့်မီပါက သားမက်အဖြစ် စဉ်းစားမည်မဟုတ်။

ခုချိန်ထိတော့ အလိမ္မာအိမ်ပါ သားသမက်မျိုးကို ရှာမတွေ့သေး။ ဒါကြောင့်လဲ. . သမီးဖြစ်သူကို ကိုယ်ကာယလေ့ကျင့်ခန်းများတို



www.burmeseclassic.com

www.burmeseclassic.com



တိုလ့်အိမ်မှာပဲ . . ကျင့်ခိုင်းနေရ၏။

အရင်ကတော့ သမီးဖြစ်သူ၏ ခန္ဓာကိုယ်သည် ဝဝဖိုင့်ဖိုင့်လေး ခုတော့ ကျစ်ကျစ်လစ်လစ်ကလေးနှင့် လှနေသည်။ ခန္ဓာကိုယ်မှ မလို အပ်သော အဆီပိုတွေကျဆင်းကာ ယခင်ကလောက် မဝတော့။

မိုးရိပ်ကလေး ပိုလှလာလေ ဒေါ်ဖန်စီတို့ ပို၍မာန်တက်လေ ဖြစ်နေသည်။

"မိလုံး . . မိလုံးရေ . ."

"ရှင် . . အန်တီ . . လာပါပြီ . . ဘာခိုင်းမလို့လဲ . ."

မိလုံးဆိုသော ကောင်မလေး အသံနှင့်အတူ ဒေါ်ဖန်စီနားကို စွေ့ခနဲ ရောက်လာသည်။

"ငါ အပြင်ခဏသွားမယ် . . နင့်အစ်မကို ကြည့်ထား . ."

"ဟုတ်ကဲ့ . . ကြည့်ထားပါမယ် . ."

"ဘယ်ဖုန်းလာလာ . . ငါ့သမီး မကိုင်စေနဲ့ ညည်းကိုင်ရမယ် ကြားလား . ."

"ဟုတ်ကဲ့ . ."

မိလုံးကိုမှာစရာရှိတာမှာပြီး ဒေါ်ဖန်စီဘေးတွင် အဆင်သင့် ချထားသော လက်ပွေ့အိတ်နှင့် ကားသော့ကိုယူကာ ထွက်လာခဲ့လိုက် သည်။

ဒေါ်ဖန်စီကား ခြံထဲမှ မောင်းထွက်သွားပြီး သိပ်မကြာလိုက် အိမ်ရှေ့သို့ ယောင်လည်ယောင်လည်နှင့် ခိုင်ခန့် ရောက်လာသည်။

မိလုံးခြံတံခါး ဆင်းပိတ်ရင်း အိမ်နံပါတ်ကို အသေအချာပြူး ကြည့်နေသော ခိုင်ခန့်ကို လှမ်း၍မေးလိုက်သည်။





"ဒီကအစ်ကို . . အိမ်နံပါတ် ရှာတာလား"

"ဟုတ်တယ် . . ဒီအိမ်နံပါတ်က (၇/က) ဆိုတော့ ဒေါ်မြသင်း ကြွယ်တို့ရဲ့ အိမ်များလား . ."

"ဟုတ်ပါတယ် အစ်ကို . . အန်တီကတော့ ခုပဲအပြင်ထွက် သွားတယ်၊ ဒါပေမယ့် သူ့သမီးတော့ရှိတယ် ကိစ္စအရေးကြီးရင် အိမ် ထဲဝင်ပါဦး အစ်ကို . ."

မိလုံးအာသွက်လျှာသွက်ဖြင့် အိမ်ထဲအတင်း ဖိတ်ခေါ်နေသ ဖြင့် ခိုင်ခန့် လိုက်ဝင်လိုက်သည်။ သိပ်မကျယ်ဝန်းသော ဧည့်ခန်းလေး ထဲတွင် ဟောင်းစပြုနေသော ဆိုဖာခုံတွေ၊ ပန်းအတုတွေနှင့် လက်ရာ ခပ်ညံ့ညံ့ ပန်းချီကားအချို့၊ ကောင်မလေး တစ်ယောက်၏ ဘွဲ့ရဓာတ်ပုံ နှင့် ထိုကောင်မလေးအမေ ကျော်ဦး၏အဒေါ် . . ဒေါ်မြသင်းကြွယ်၏ ခပ်မိန့်မိန့်စတိုင်ဖြင့် ရိုက်ထားသော ရွှေရောင်မှန်ပေါင်ကွပ်ထားသော ဓါတ်ပုံတွေဖြင့် ဧည့်ခန်းလေးမှာ သပ်ရပ်နေသည်။

"ဒီက အစ်ကို . . ဘာကိစ္စရှိလို့လဲ . ."

"အစ်ကိုက . . ကျော်ဦးရဲ့သူငယ်ချင်းပါ . ."

"ကျော်ဦး သူငယ်ချင်းဟုတ်လား . . ဘယ်ကလဲ"

ဆွေမျိုးနှင့် အလှမ်းဝေးနေသောမိုးရိပ် ကျော်ဦးဆိုတာကို ပြောရုံနှင့် ဒက်ခနဲမသိ။

"ကျောက်ဆည် ရဲစုရွာက ကျော်ဦးလေ၊ သူ့ပြောပြချက် အရ တော့ . . ကျော်ဦးနဲ့ဒေါ်မြသင်းကြွယ်နဲ့ တူကြီးတော်တယ်ဆိုပဲ . . ကျော်ဦးအမေနဲ့ ဒေါ်မြသင်းကြွယ်နဲ့က ညီအစ်မ နှစ်ဝမ်းပဲကွဲတယ်လို့ ကျော်ဦးအမေရဲ့ အမေနဲ့ဒေါ်မြသင်းကြွယ် အမေကတော့ ညီအစ်မ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဝမ်းကွဲတယ်တဲ့၊ အဲ. . ဒေါ်မြသင်းကြွယ်ရဲ့သားသမီးနဲ့ ကျော်ဦးတို့က မောင်နှမ်မသုံးဝမ်းကွဲ ဆိုလားပဲ. . အဲ. . ကျော်ဦးမွေးထားတဲ့ကလေးတွေနဲ့ ဒေါ်မြသင်းကြွယ်မွေးတဲ့သားသမီးက မွေးတဲ့ မြေးဆိုရင်တော့ မောင်နှမလေးဝမ်းကွဲလောက်တော့ တော်မှာပေါ့. . ”

“အို. . တော်. . တော်ပါတော့ရှင်၊ ဒီလိုသာ အမျိုးစပ်နေရင် ဒီနေ့ညနေ နေဝင်ချိန်တောင် မပြီးလို့ ရပ်ကွက်လူကြီးကို ညှိစာရင်းကြိုတိုင်ထားရမယ့်ပုံပဲ. . ”

“ဩော်. . ရပါတယ်၊ အစ်ကို ညမအိပ်တော့ပါဘူး အဟဲ. . အားနာပါတယ်. . ”

ရွဲ့ပြော၍ ပြောမှန်းမသိသော ခိုင်ခန့်ကို ကြည့်ပြီး. . မိုးရိပ်မရယ်မိအောင် ထိန်းနေရသည်. . ။

“ကဲပါ. . အခုလာရင်းကိစ္စကို ပြောပါ. . ”

“အကြွေး လာတောင်းတာပါ. . ”

“ဟော့တော်. . ဘာအကြွေးလဲ. . ဘယ်သူ့ဆီလာတောင်းတာလဲ. . ”

“ဒေါ်မြသင်းကြွယ် ဆီကပါ. . ”

“ဘုရားရေ. . မေမေ့ဆီက ဟုတ်လား. . မဟုတ်မှလွဲရော ရှင်တို့ဖဲဝိုင်းမှာ တင်တဲ့အကြွေးမဟုတ်လား၊ အဲဒါဆိုရင် မေမေ ပြန်လာမှလာ. . ကျွန်မတာဝန်ယူပြီး စိုက်မရှင်းပေးနိုင်ဘူး. . ”

“ဟာ. . မဟုတ်ဘူးလေ. . ”

“အို. . ဘာလို့မဟုတ်ရမှာလဲ. . ဟုတ်ကိုဟုတ်တယ်၊ ကျွန်မတ ဖဲသမားတွေဆိုမုန်းတယ်. . ကိုယ့်အမေမို့သာ ကြည့်နေတာ. .





ဟွန်း. . ”

“ဟာ. . ရှုပ်ကုန်ပါပြီ . . ဒါက ဒီလိုရှိတယ်၊ ဟိုဟာက ဟိုလိုရှိတယ်. . . မအတ္တရဲ့. . ”

ခိုင်ခန့်ပင် နားလည်မှုလွဲစွာဖြင့် စွတ်တင်နေသော မိုးရိပ်၏ ထင်ရာမြင်ရာစကားကြောင့် ယောင်နနဖြစ်ကာ. . စကားအစ ရှာမရတော့. . ။ သူမနားလည်အောင် မနည်းကို အချိန်ယူပြီး ရှင်းပြလိုက်ရ၏။

“ဩော်. . ဒီလိုလား. . အဟင်း. . ဆောရီးနော် ကျွန်မက ရှင့်ကို ဖဲသမားလို့ စွပ်စွဲမိလိုက်လို့. . ”

“ရပါတယ် ကိစ္စမရှိပါဘူး . . အဟဲ . . အမိက က အစ်ကို့ရဲ့ ငွေနှစ်သောင်းပြန်ရဖို့ပဲမဟုတ်လား၊ အဲ. . သူလဲ. . အဒေါ်မြသင်းကြွယ်ဆီကို ဖုန်းဆက်ထားမယ်လို့ ပြောပါတယ်. . အဟဲ. . အဲဒါကလည်း. . ဒေါ်မြသင်းကြွယ် နယ်ပြန်တုန်းက ဖဲကစားရင်း တင်ခဲ့တဲ့အကြွေးလို့ ပြောပါတယ်”

“ဘာ. . ဩော်. . အဲလိုလား. . ဟွန်း. . ဒါဆိုရင်တော့. . အဲ့ဒီနှစ်သောင်းကို ရှင်ကိုယ်တိုင် ရွာပြန်ပြီးတော့သာ သွားတောင်းလိုက်တော့. . ဖဲကြွေးဆိုရင် လုံးဝပြန်မဆပ်နိုင်ဘူး. . ”

“အယ်. . ဟာ. . ဒါက. . ဒီလို. . ”

“ကဲ. . ဒါကတွေ ဒီကတွေ လုပ်မနေနဲ့ ဂျောင်းတော့”

မျက်နှာစူတင်းတင်းလေးဖြင့် မကျေမနပ်နှင်ထုတ်ကာ လှည့်ထွက်သွားသော မိုးရိပ်၏ ရေဆင်းငါး ကိုယ်လုံးကိုကြည့်ပြီး ခိုင်ခန့် . . ညှိခန်းထဲတွင်. . အူကြောင်ကြောင်ဖြစ်ကာ ကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက ချစ်တော့ ချစ်စရာလေးပဲ. . တုတ်တုတ်ခိုင်ခိုင်လေးနဲ့. . . ။





# အခန်း ( ၅ )

"ဒုတ် . ."

"အဲ. . ဗုဒ္ဓေါ. ."

ဒေါ်ဖန်စီ. . ကားကို နောက်ဆုတ်လိုက်သည်နှင့် ဒုတ်ခနဲအသံကို ကြားလိုက်ရပြီး. . နှုတ်မှ. . ဘုရားပင် တလိုက်မိသည်။

စိုးရိမ်ပူပန်စိတ်နှင့်. . ကားပေါ်မှ ကပျာကသီ ဆင်းလိုက်မိပြီး. . ကားနောက်ဘက်သို့ အထိန့်တလန့် လာကြည့်လိုက်သည်။ နောက်ကားဘန်ဘာမှာ အတော်လေးချိုင့်ပြီး. . မီးသီးနှစ်လုံးလည်းပိုး အက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ကားကိုကြည့်လိုက်တော့ အကောင်းစားအသန့်စားကား . .

"ဟာ . . သွားပါပြီ၊ ကျွန်တော့် ဘောစိသိရင်တော့ အကြီးအကျယ် တွိုင်တော့မှာပဲ . ."

အသံကြားလိုက်၍ ဒေါ်ဖန်စီ . . ကားကိုပြုံးပြုံးပြီး ငုံ့ကြည့်နေရာမှ ငြိမ်းဝေ၏ စိုးရိမ်တကြီးပြောလိုက်သော လေသံကြောင့် . . . လှည့်ကြည့်ပြီး . . . အားနာပြုံးလေးဖြင့် တောင်းပန်ကြည့်လေးကြည့်လိုက်သည်။

"ငါ့မောင်ကားလားကွယ် . . ."

"ကျွန်တော့်ဘောစိကားဗျ . . ကားက တစ်နေ့ကမှဝယ်ထားတဲ့ အသစ်စက်စက်ကြီး . . သူသာသိရင် မိုးမီးလောင်မှာ ဒုက္ခပါပဲ . ."

"ဟိုလေ . . ဆော . . ဆောရီးပါကွယ်၊ မမလည်း လွတ်မယ်ထင်ပြီး ကားကို ဘက်ဆုတ်ပြီး မောင်းထွက်မလို့လုပ်တာ၊ ဟိုလေ . . မမအားလုံး ပြင်ဆင်ပေးပါ့မယ်ကွယ် . ."

သူ့အရွယ်နှင့်သူ့အရွယ် . . မမဟု နာမ်စားသုံးနေသော မိန်းမကြီးကိုကြည့်ပြီး . . . ငြိမ်းဝေ သူဆင်သည့်ဂွင်ထဲကို ထိုမိန်းမကြီးဝင်လာပြီဟု ကွက်တိ ယုံလိုက်သည်။

"အဲဒီလိုပြင်ဆင်ပေးယုံနဲ့သာ ပြီးသွားမယ်ဆိုရင် . . ကျွန်တော် ဒီလောက်ထိ သောကများမနေတော့ဘူး၊ ခုဟာက ကျွန်တော့် ဘောစိတာ တကယ့်အရစ်ဗျ . ."

"ဟင် . . သူ . . သူက သောက်ထားလို့လားကွယ် . ."

"အင်း . . ဟုတ်တယ် . . နှစ်ပက်သုံးပက် . . အဲ . . အား . . ဘယ်ကလာသောက်ရမှာလဲ . . ဒီလောက်အချိန်ကြီး သောက်စရာ





လား . ."

"အဲဒီလို ရစ်တာ မဟုတ်ဘူးဗျ၊ သူကားကို . . ဒီက မမလှလှကြီးရဲ့ဖင်နဲ့ ဝင်တိုက်တယ်ဆိုတာသာသိရင် . . သူကအမှုဖွင့်မှာဗျ . ."

ဒေါ်ဖန်စီ သူ့ကိုမမဟု ခေါ်လိုက်၍ စိတ်ကျေနပ်မှုရသွားပေမယ့် ဖင်နဲ့ဝင်တိုက်တယ်ဆိုတာကြီးကတော့ နားထဲကန့်လန့်ကြီးဝင်သွား၍ . . ပြာဟောက်ဟောက် မိတ်ကပ်တွေ ဖို့ထားသော အဆီပြန်ပြန် မျက်နှာကြီးမှာ . . အဆမတန် ရှုံ့တွ၍သွားသည်။

"အို . . မင်းကွယ် . . ဘယ်နှယ့်ပြောလိုက်တာလဲ . . မမက မင်းဘောစိကားကို . . အသားနာခံပြီး ဖင်နဲ့ဝင်တိုက်စရာလားလို့၊ တကယ်ပဲ ငါ့မောင်လေးက ရယ်စရာပြောတတ်လိုက်တာ၊ သွား . . လူဆိုး"

ဒေါ်ဖန်စီ သူလက်သီးဆုပ်ဖြင့် ငြိမ်းဝေပခုံးကို ခပ်ဖွဖွထုသည်။

"ဟုတ်တယ်လေ . . မမရဲ့ကားဖင်နဲ့ ဝင်တိုက်တာလေ . ."

"အို . . အဲလို . . မရှင်း မရှင်း . . အဲ . . ခပ်ရှင်းရှင်းပြောပါလားလို့ ဒီက ရင်ကို ထိတ်သွားတာပဲ"

"မမက . . ခင်ဖို့ကောင်းမယ့် ပုံပဲ၊ သိပ်ပြီး တွက်တွက်ကပ်ကပ်လုပ်မယ့်လူစားမျိုးလဲ ဟုတ်ပုံမပေါ်ဘူး၊ အဲဒီလိုလူမျိုးကို ကျွန်တော့် ဘောစိနဲ့ အတိုက်အခံတွေ ပြောခိုင်းရမှာ . . အားတောင် နာတယ်ဗျာ"

"အားနာရင် မင်းဘောစိနဲ့ မတွေ့တော့ဘူးလေ မမက . . မင်းနဲ့ပြီးရင် ပိုတောင်ကောင်းသေး . ."

"အမ် . . ကျွန်တော်နဲ့ ဘာပြီးချင်တာလဲ"

"ဒီကား ပြင်ဆင်စရိတ်ကို မင်းနဲ့ပဲ ဈေးညှိပြီး ပြီးလိုက်ချင်တယ်လို့ . . ."



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . ဒီကားရဲ့ ရှေ့မီးသီးတွေ ဘန်ဘာတွေက အားလုံး အော်ကြီးတွေပဲဆိုတော့ ဈေးကတော့ ကြီးမယ်ဗျ၊ မမနဲ့ အညီမ တော်ရင် . . ကျွန်တော် ပြုတ်မှာဗျ . ."

"ဟယ် . . မင်းပြုတ်ရင် မမဆီကိုလာ၊ မမက မင်းကိုခန့်မှာ . ."

"မမခန့်မှာကနောက် . . ခုလောလောဆယ် မောင်လေးက အိတ်စိုက်လုပ်ရမှာ"

"အို မလုပ်ရအောင် . . မမက လောက်လောက်ငှငှပေးခဲ့မှာ ပါ . ."

ဒေါ်ဖန်စီ သူ့လက်ပွေ့အိတ်ကို ဇစ်ဖွင့်လိုက်ပြီး အထဲမှ တစ် သိန်းအုပ်တစ်အုပ် ထုတ်ပေး၏။

ငြိမ်းဝေ ခေါင်းကို စုံကုတ်လိုက်ပြီး . .

"ပစ္စည်းတွေက ဂျပန်ပစ္စည်း အသစ်စက်စက်တွေ ဝယ်ထည့် ရမှာဆိုတော့ . . သိပ်ပြီးမလောက်,လောက်ဘူး၊ နောက်ပြီး . . ရှေ့မှာ လည်း ဆေးတွေပွန်းသွားတာကို ဆေးပြန်မှုတ်ရဦးမယ်ဆိုတော့ ကုန် စရာတွေက များမှာနော် မမ"

"ဒါဆို . . မမ ဘယ်လောက်ထပ်ပေးခဲ့ရမလဲကွယ် . ."

"အင်း . . ကျွန်တော် လျှော့လျှော့ပေါ့ပေါ့နဲ့ ဈေးသက်သာတဲ့ ဘော်ဒီရုံမှာ လုပ်မှာပါ၊ ကိုယ့်မမကိုလည်း ပိုက်ဆံအများကြီး အကုန်မ ခံစေချင်ဘူး၊ ဟိုလေ . . ငါးသောင်းလောက်ပဲ ထပ်ပေးခဲ့ပါ၊ မလောက် တော့လည်း ကျွန်တော်ပဲ စိုက်လိုက်ပါ့မယ်"

"ကဲပါ . . . ငါ့မောင်လဲ စိုက်မနေနဲ့ မမနောက်တစ်သိန်း ထပ် ပေးခဲ့မယ်၊ ပိုတော့လည်း မောင်လေးရဲ့ အကျိုးဆောင်ခအဖြစ် ယူထား





လိုက်တော့ ဟုတ်ပြီလား . . . မင်းနဲ့မမလည်း မိတ်ဖြစ်ဆွေဖြစ်ပေါ့"

ငြိမ်းဝေလက်ထဲသို့ အလကားနေရင်းထိုင်ရင်း တစ်သိန်းအုပ် နှစ်အုပ် ခုန်ဝင်လာသည်။

"ကဲ . . မမ သွားတော့၊ တော်ကြာ ကျွန်တော့်ဘောစိဆင်းလာ ရင် အားလုံးရှင်းပြီးသားကို ပြန်ရှုပ်သွားမယ်"

"အေးပါ အေးပါ . . ရော့၊ ဒါမမရဲ့ အိမ်လိပ်စာနဲ့ ဖုန်းနံပါတ် ကတ် မင်းလမ်းကြုံရင် ဝင်လည်လို့ရတာပေါ့"

"ဟုတ်ကဲ့ . . ကျွန်တော် ဝင်လည်ပါ့မယ်"

"မမ . . သွားပြီ ဘိုင့်ဘိုင်"

အရွယ်နှင့်မလိုက်အောင် နှုတ်ပျိုဟန်ဆောင်ပြီး ခွဲပစ်ချိုအီလွန်း သော ဒေါ်ဖန်စီကို ငြိမ်းဝေဟန်လုပ်ပြီး တာ့တာပြလိုက်သည်။

ပြီးနောက် ဒေါ်ဖန်စီ၏ကား အတော်ဝေးသွားမှ ငွေနှစ်သိန်း ထပ်ကို ပွတ်ခနဲနမ်းလိုက်ပြီး . . .

"ကျေးဇူးပဲ ကားလေးရေ မင်းသခင်လာရင် မိန်းမကြီးတစ် ယောက် ဝင်တိုက်သွားတာလို့ ကြည့်ကောင်းအောင်ပြောလိုက် ငါတော့ လစ်ပြီ . . . ဘိုင့်"

ငြိမ်းဝေ TAXI တစ်စီးလှမ်းတားပြီး ထိုနေရာမှအမြန်ဆုံး လစ် ထွက်ခဲ့လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၆ )

"ဟာ. . ငြိမ်းဝေတို့ကတော့ ရောက်သမျှနေရာမှာ ဖန်စရာ ဝွင်တွေက အဆင်သင့်ကို စောင့်နေတော့တာပဲ"

"ဟဲ. . ဟဲ. . ငါလေ၊ မုဆိုးမတွေ အပျိုကြီးတွေကပိုပြီး ဖန်လို့ ကောင်းတယ်. . အဟဲ ရုပ်ပြစားရတာပေါ့ကွာ"

နေရင်းထိုင်ရင်း သွားရင်းလာရင်းနှင့် ငွေနှစ်သိန်းခိုင်လာသော ငြိမ်းဝေ မြောက်ကြွမြောက်ကြွနှင့် အပျော်ကြီးပျော်နေသည်။

"မင်းမို့ သူများကားကို ဝင်ပြီးကိုယ့်ပြဿနာဖြစ်အောင် လုပ်တယ်၊ မတော်လို့ အဲဒီကားပိုင်ရှင်လာလို့ မင်းဆင်ထားတဲ့ဝွင်တွေ ပေါ်





တုန်ရင် နှစ်ဖက်လုံးက ဝိုင်းပြီးဘေတာကို ခံသွားရနိုင်တယ်ဆိုတာ မင်းမစဉ်းစားမိဘူးလား"

"ပထမတော့ ငွေရပေါက်တွေ့ပြီဆိုပြီး အဲဒီမိန်းမကြီးကို အာတည်ပေါက် ဝင်ဟိန်းလိုက်တာကွာ၊ ဒီမိန်းမကြီး အတည်ထင်သွားလို့ ငါတို့ချင်း ဈေးညှိကြတော့ ငါ့စိတ်ထဲကြောက်စိတ်တော့ နည်းနည်းဝင်လာတယ်၊ ခုနေ သူများကားကို ကိုယ့်ဘောစိကားဟန်လုပ်ပြီး ဝင်ဖွဲ့နေတုန်း ကားပိုင်ရှင်သာလာလို့ကတော့ ငါလည်း သုတ်ဖို့ ခြေလှမ်းပြင်ပြီးသား၊ ဒီကြားထဲ အဲဒီမိန်းမကြီးက ငါ့ကို အီစီကလီရိုက်ချင်သေးတယ် ငါ့မှာမနည်းကို အကွက်ရွှေ့နေရတာ တော်သေးတာပေါ့၊ ငါ့ဘက်က ငွေစကားမဟခင် သူ့ဘက်ကအရင် ကျလာလို့ ငါလည်းနည်းနည်း လောဘတက်ပြီး ငွေပိုတောင်းလိုက်တာ သူ့က လိုတာထက်တောင်ပို ပေးသွားသေးတယ်၊ အရေးထဲ သူကတော်တော်နဲ့မသွားသေးလို့ ငါ့မှာ ဘောစိနဲ့ ခြိမ်းခြောက်ရတယ်၊ သူရွှေ့တာနဲ့ ငါလည်းရွှေ့လာတော့တာပဲ နောက်ကြောင်းကို ပြန်လှည့်မကြည့်တော့ဘူး၊ ဒီကြားထဲ မိန်းမကြီးက မိတ်ဖြစ်ဆွေဖြစ်ဆိုပြီး သူ့လိပ်စာကတ် ပေးသွားသေးတယ်"

"ကောင်းတာပေါ့ ငွေလိုတော့ သွားဖန်လို့ရတာပဲ"

"သူများကျတော့ အတင်းဖန်ခိုင်း မင်းကျတော့ရော ဒီနေ့အကြွေးသွားတောင်းတာ အဆင်ပြေပြေနဲ့ ရခဲ့ရဲ့လား"

"အေးကွာ. . ဒေါ်မြသင်းကြွယ်မရှိဘူး၊ သူ့သမီး လုံးကြီးပေါက်လှနဲ့ပဲ တွေ့ခဲ့တယ်"

"ဟာ. . နာမည်ကြီးက ဆိုးလိုက်တာ လုံးကြီးပေါက်လှတဲ့"

"အဲဒါ နာမည်မှမဟုတ်တာ၊ ကိုယ်လုံးကိုယ်ပေါက် ဖွံ့ဖွံ့ထွား



www.burmeseclassic.com

www.burmeseclassic.com



ထွားနဲ့ မြူမြူနစ်နစ်ကလေးမို့ တင်စားလိုက်တာ ချောတာတော့ အတော် ချောတယ်ကွ၊ လူလေးကသာ ဝကစ်ကစ်ပုံလေးဖြစ်နေတာ မျက်နှာ လေးကတော့ အတော့်ကိုအပြစ်ကင်းစင်တယ်ကွာ ခုချိန်ထိ ငါ့မျက်စိထဲ တကို မထွက်ဘူး"

"အေးပါ မထွက်တာက မင်းသမိုင်း၊ အခု အဲဒီအကြွေးနှစ် သောင်းကိုရခဲ့လား"

"မရခဲ့ဘူး. . ပထမတော့ ကောင်မလေးက ထုတ်ပေးမလို့ပဲ နောက်တော့ ငါစကားထဲမှာ ဒေါ်မြသင်းကြွယ်နဲ့ကျော်ဦး ဖဲဝိုင်းမှာ တင်ခဲ့တဲ့အကြွေးလို့လဲဆိုရော. . ငါ့ကိုပိုက်ဆံနှစ်သောင်း ထုတ်မပေး တဲ့အပြင်၊ ဖဲဝိုင်းကအကြွေးမဆပ်ပေးဘူးဆိုပြီး အိမ်ပေါ်ကအတင်း ဆင်းခိုင်းတော့တာပဲ"

"ဟွန်း. . မင်းဟာကလည်း ပါးအရိုက်မခံရတာပဲ ကံကောင်း၊ နေပါတော့ကွာ သွားတောင်းမနေနဲ့တော့ ထားလိုက်ပါတော့၊ ခုရက်ထဲ မှာ ငါတို့ဂွင်တွေ ဆက်တိုက်ဖြစ်နေတော့ ငွေလျှံနေတာပဲ၊ အဲဒီပိုက်ဆံ လျှော်လိုက်တော့"

ငြိမ်းဝေ ခိုင်ခန့်ကိုနားလည်ဖြေသိမ့်ပေးရှာ၏။

"ငြိမ်း ငခိုင် အိမ်ရှေ့ကိုထွက်ခဲ့ကြစမ်းပါဦး၊ နင်တို့နဲ့စာရင်း ရှင်းစရာရှိလို့ပါ"

"ဟော့ကောင် ဒေါ်အာစိန်အသံမဟုတ်လား"

ငြိမ်းဝေ ငွေနှစ်သိန်းအုပ်ကို စောင်ကြားထဲ ကမန်းကတန်း ဝှက်လိုက်သည်။ ထိုငွေကို ဒေါ်အာစိန်တွေ့၍မဖြစ်၊ နို့မို့ဆို ပေးစရာ ရှိတဲ့ အကြွေးတွေ ခုပေးဆိုပြီး ဖြတ်ခုတ်သွားမှာ. . .





"လေသံကတော့ ခြေကန်မယ့် လေသံပဲဟေ့၊ ကဲ. . ထ. . သူငယ်ချင်း လာမယ့်ဘေး ပြေးတွေ့လိုက်ကြရအောင် အိမ်လခလည်း ပေးပြီးနေပြီဆိုတော့ သိပ်ပြီးအရေးစိုက်စရာတော့ မလိုတော့ပါဘူး"

ခိုင်ခန့် ထိုသို့ရဲဆေးတင်ပြီး အိမ်ရှေ့သို့ထွက်သွား၏။

ငြိမ်းဝေ၊ ခိုင်ခန့်နောက်မှ ခပ်ကုပ်ကုပ်ထလိုက် လာလိုက်သည်။ အိမ်ရှေ့ရောက်တော့ ဒေါ်အာစိန်က အိမ်ပေါက်ဝပင် ရောက် နေပြီ။

"ဩော်. . ဒေါ်အာစိန် နေကောင်းတယ်နော် စားပြီးပြီလား ဘာကိစ္စရှိလို့လဲ"

"ရှိတာပေါ့ ကိစ္စသိပ်ရှိတာပေါ့၊ နင်တို့ဖျာလိပ်နတ်ပြောတော့ ငါ့ယောက်ျား ငါ့ဆီပြန်လာမှာဆို ခုတော့ပြန်မလာတဲ့အပြင် သူ့မယား ငယ် အမြွှာညီအစ်မနှစ်ယောက်စလုံးကို ခိုးပြေးသွားပြီဟဲ့"

"ဟမ်. . မယားငယ်ခိုးတာ တစ်ယောက်မဟုတ်ဘူး. . နှစ် ယောက်တောင် ဟုတ်လား. ."

"ဟုတ်တယ်. . ငါ့ယောက်ျားက သူများယောက်ျားတွေနဲ့ မတူ ဘူး. . မိန်းမတွေနဲ့ ပတ်သတ်ရင် သိပ်လောဘကြီးတာ. ."

"ဟာ. . အားကျလိုက်တာ. . ဟာ. . ယောင်လို့. . စိတ်မ ကောင်းလိုက်တာဗျာ. ."

"အေး စိတ်မကောင်း ဖြစ်ရုံတင်မဟုတ်ဘူး. . ငါ့ကို ဖျာလိပ် နတ်ယောင်ဆောင်ပြီး ပိုက်ဆံတွေ ဘတ်တဲ့ကောင်တွေ. . နင်တို့ နှစ် ကောင်လုံးကို. . ငါဒီအိမ်မှာ မထားနိုင်တော့ဘူး. . ခု ချက်ချင်း ဆင်းကြ. ."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အာစိန် အသံမှာ ကျယ်လောင်သထက် ကျယ်လောင်လာ၍ . . လမ်းသွားလမ်းလာ နှင့်ဘေးပတ်ဝန်းကျင်မှ လူများပင် အားလုံးဝိုင်း ကြည့်ကုန်ကြ၏. . ။

ခိုင်ခန့် ရှက်ရှက်ဖြင့် ဒေါ်အာစိန်ပြောသမျှကို ခေါင်းငုံ့ခံနေ၍တော့ မဖြစ်

"ဒီမှာ ဒေါ်အာစိ. . အဲ. . ဒေါ်အာစိန်. . ကျွန်တော်တို့က ခင်ဗျားအိမ်မှာနေတာ အလကား တက်နေတာ မဟုတ်ဘူးလေ. . အိမ်လခပေးနေတာ အိမ်ငှားခတွေ ငါးထောင်တစ်သောင်းပဲရှိတဲ့ ဒီလိုခေတ်ကာလမှာ. . ကျွန်တော်တို့ တစ်သောင်းခွဲကြီးများတောင် ပေးထားတယ်၊ ဒါကြောင့် ကျွန်တော်တို့က ဘာလို့ဆင်းပေးရမှာတုန်း"

ခိုင်ခန့် ပုဆိုးစကို ဖင်ချိတ်ကာ. . ခါးထောက်ပြီးရန်စွယ်ငေါ်လိုက်သည်။

"ဟုတ်တယ်. . လုံးဝ. . လုံးဝကို ဆင်းမပေးနိုင်ဘူး. . "

ငြိမ်းဝေကပါ ခိုင်ခန့်သံယောင်လိုက်ပြီး အတည်ပေါက်ဖြင့် ယောက်စားပြန်လုပ်သည်။

"ဘာ. . အိမ်လခ တစ်သောင်းခွဲဟုတ်လား၊ အေး. . အခု နင်တို့ ငါ့ကိုပေးထားတဲ့ အိမ်လခသုံးလစာက ဘယ်သူ့ပိုက်ဆံတွေလဲ. . ငါ့ပိုက်ဆံတွေပဲမဟုတ်ဘူးလားဟဲ့ သေချင်းဆိုး ကာလနာတွေရဲ့. . "

ဒေါ်အာစိန် ပွဲကြမ်းကုန်ပြီ. . .

"ဒေါ်အာစိန်. . ခင်ဗျား လူကြီးဖြစ်ပြီး မဟုတ်တန်းတရားတွေ လာမပြောနဲ့. . ခင်ဗျားစရိုက်က တစ်လုံးချိုင့်အဆင့်ပဲရှိလို့ ခုလို ယောကျ်ား မယားငယ်နှစ်ယောက် ပြိုင်ယူသွားတာ. . ဖျာလိပ်နတ်နဲ့





ဘာဆိုင်လဲ. . "

ခိုင်ခန့်လက်ဖမိုးနှင့် လက်ဝါးပွတ်ပြီး တဖျန်းဖျန်းရိုက်ကာ အနိုင်မခံ အရှုံးမပေး ကက်ကက်လန်အောင် ရန်ပြန်တွေ၏။

"အောင်မာ ငါ့တစ်လုံးချိုင့်တာ သိရအောင် နင်က ငါ့ကိုနေ့တိုင်း လာချောင်းနေလို့လား မသာကောင်ရဲ့ ဟမ်. . ၊ အမလေး အရပ်ကတို့ရေ ကြားကြရဲ့လား. . ဒီသေချင်းဆိုးနှစ်ကောင် ကျွန်မရဲ့ တော့စီးခရပ်ကို လူပုံအလယ်မှာ ဘွားဘွားကြီးပေါ်အောင် အရှက်ခွဲတယ်တော့ လူကြားလို့မှ ကောင်းရဲ့လားလို့. . ကိုယ့်အမေ အရွယ်လောက်ရှိတဲ့သူကို ဒင်းတို့က မရိုမသေမလေးမစား လာပြောတယ်. . လူကိုလည်း ကလိန်ကကျစ်ကျပြီး ငွေချူသေးတယ်. . ဒင်းတို့ကိုရပ်ကွက်ရုံး တိုင်မယ်. . ၊ ငါယောကျ်ား မရှိတဲ့အချိန်မှာ ခုလိုငါ့ရဲ့ဂုဏ်သိက္ခာကို ပျက်ပြားအောင်လုပ်တဲ့အတွက် နင်တို့တာဝန်ယူရမယ်၊ လာ. . ခုလာကြ ရပ်ကွက်ရုံးရောက်မှ ရှင်းမယ်"

ဒေါ်အာစိန် ထဘီစွန်တောင်ဆွဲပြီး ရပ်ကွက်ရုံးရှိရာသို့ ဘောက်ဆတ်ဘောက်ဆတ် ထွက်သွား၏။ ရန်ပွဲကြည့်ပရိတ်သတ်လည်း ဒေါ်အာစိန်နောက်မှ လူကြီးလူရွယ်ကလေးပါမကျန် တစ်ချို့က မယောင်မလည် တချို့ကပေါ်တင်ပင် လိုက်သွားကြသည်။

"ဟေ့ကောင် ဘယ်နှယ့်လုပ်ကြမလဲ ဒေါ်အာစိန် ရပ်ကွက်ရုံး တကယ်သွားပြီဟ ဖျာလိပ်နတ်ကိစ္စတ ငါတို့ဘက်က မရိုးသားတာနော်"

ငြိမ်းဝေခင်ဗျာ ရပ်ကွက်ရုံးမှာ ရှင်းရမည်ဆိုတော့ အနည်းငယ်တော့ ထိတ်လန့်သွားသည်။

"ဘာဖြစ်တာလဲကွာ လာစမ်းပါ ဟိုရောက်မှ မီးစင်ကြည့် ကကြ



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့"

ထို့နောက် ခိုင်ခန့်နှင့် ငြိမ်းဝေ ရပ်ကွက်ရုံးသို့ ပြဿနာဖြေရှင်းရန် လိုက်သွားလိုက်ကြ၏။





# အခန်း ( ၇ )

ခိုင်ခန့်တို့ ရပ်ကွက်ရုံးရောက်တော့ ရပ်ကွက်ရုံးရှေ့မှာ လူတွေရှုန်းစုရုန်းစုနှင့် ခိုင်ခန့်တို့ သူငယ်ချင်းနှစ်ယောက်အလာကို စိတ်ရှည်လက်ရှည် ထိုင်စောင့်နေကြသည်။

ခိုင်ခန့်ရော ငြိမ်းဝေပါ ရှုံးတိုးရှုံ့တန့်ဖြစ်ပေမယ့် မျက်နှာထားတွေကို ကိုယ်စီတင်းထားလိုက်ကြသည်။ အားလုံးကို ဘာမထီတဲ့ပုံစံနှင့် ရပ်ကွက်ရုံးထဲသို့ မြောက်ကြွမြောက်ကြွ ဝင်ခဲ့ကြသည်။

ဒေါ်အာစိန် ရှက်ကြောပြတ်သည့် မျက်နှာဖြင့် ဥက္ကဋ္ဌကြီးရှေ့မှာ အော်ကြီးဟစ်ကျယ် မြည်တွန်တိုင်တန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဥက္ကဋ္ဌကြီးရယ် စဉ်းစားကြည့်ပါရှင်. . . ကျွန်မကို သူတို့နှစ်ယောက် ဖျာလိပ်နတ်နဲ့ပေါင်းပြီး ငွေလေးသောင်းခွဲ ဘတ်သွားပါတယ်၊ အဲဒီဘတ်ငွေနဲ့ပဲ ကျွန်မကို အိမ်လခလာပြန်ပေးပါတယ်၊ ဒါတင် ကလိန်ကျလို့ အားမရသေးဘူး လူရှေ့သူရှေ့မှာ ကျွန်မအားနည်းချက်ကို နှင်းပြီး တစ်လုံးချိုင့်ဆိုပြီး အရှက်ခွဲတယ်၊ အဟင့်. . အီး. . ဟီး. . ကျွန်မလေ ရှက်လွန်းလို့ ဟောဒီမျက်ခွက်ကြီး ဘယ်နေရာဝှက်ထားရမှန်းတောင် မသိတော့ပါဘူး"

ဒေါ်အာစိန် ရုပ်ကြမ်းကြီးဖြင့်နွဲ့ကာ သူ့မျက်နှာပြဲပြဲကြီးကို သူ့လက်ညှိုညှိုတုတ်တုတ်ကြီးတွေဖြင့် ကာပြီး စားပွဲခုံပေါ် မျက်နှာအပ်ချလိုက်သည်။

မူရာမာယာများပြနေသော ဒေါ်အာစိန်ကိုကြည့်ပြီး ငြိမ်းဝေရောခိုင်ခန့်ရော အတော်လေးကို အမြင်ကတ်၍နေသည်။

"ဟွန်း. . သူ့ရုပ်ကြီး တွေးကြည့်တာနဲ့တင် အော်ဂလီဆန်တယ်"

"ကဲ. . မောင်ခိုင်ခန့်နဲ့မောင်ငြိမ်းဝေ သူပြောတာဟုတ်သလားအားလုံးပြေပြေလည်လည် ညှိကြပေါ့ကွာ၊ အိမ်ရှင်နဲ့အိမ်ငှား ဒီလို ကတောက်ကစဖြစ်တာ မဆန်းပေမယ့် မဖြစ်ရင်တော့ အကောင်းဆုံးပေ့ါ၊ ကိုယ့်လို ငယ်ငယ်ရွယ်ရွယ် တည်တည်ခန့်ခန့် ရုပ်ကလေးတွေနဲ့ ခုလို ကိုယ်အရွယ်နဲ့ မမျှတဲ့အဒေါ်အရွယ်ကြီးကို ဖျာလိပ်နတ်နဲ့ပေါင်းပြီး ကြံတဲ့အပြင် သူ့လိုပိုက်ဆံရှိ ငွေကြေးရှင်ကို တစ်လုံးချိုင့်လို့ ပြောလိုက်တော့ ကြားရတာ တယ်အကျည်းတန်သကိုးကွ"

"ဥက္ကဋ္ဌကြီးရယ် ကျွန်တော်ရှင်းပြပါ့မယ် သူပြောသလို ဖျာလိပ်





နတ်နဲ့ ကျွန်တော်တို့ပေါင်းကြံတာ မဟုတ်ပါဘူး၊ အဲဒီနေ့က ကျွန်တော့်ဘာသာကျွန်တော် ကိုယ့်အရောင်းအဝယ်လေး အဆင်ပြေမပြေသိချင်လို့ ဖျာလိပ်နတ်ကို မေးနေတာပါ"

"ဟေ. . ဖျာလိပ်နတ်က မိန်းကလေးတွေပဲ မေးလို့ရတာမဟုတ်ဘူးလားကွ"

"အရင်ခေတ်ကတော့ ဟုတ်ချင်ဟုတ်မှာပေ့ါ၊ ခုတော့ ဖျာလိပ်နတ်ကို ယောက်ျားတွေလဲ မေးလို့ရနေပါပြီ၊ ဒီလို တရွေ့ရွေ့ ပြောင်းလဲတိုးတက်နေတဲ့ခေတ်ကြီးထဲမှာ ယောက်ျားရယ် မိန်းမရယ်လို့ ရွေးနေရင် ဖျာလိပ်နတ်လည်း စားပေါက်မချောင်တော့ ခုဆိုရင် လူမျိုးဘာသာကျား-မ,မရွေး မေးခွင့်ရနေပါပြီ"

"ဟေ. . ဟုတ်လား၊ ဒါဆို ငါလည်း အိမ်ရောက်ရင် မေးဦးမှ"

ဥက္ကဋ္ဌကြီးပါ ဖျာလိပ်နတ်ကို စိတ်ဝင်စားသွားသည်။ ပြီးမှ ဒေါ်အာစိန်၏ တိုင်တန်းမှုကို သတိရသွားပြီး. . .

"ကဲပါ ဆက်ပြောပါဦး၊ ဒေါ်အာစိန်ဆီက ပိုက်ဆံကို မင်းတို့ဘယ်လိုလုပ် ယူလိုက်ကြတာတုန်း"

"ဘယ်လိုလုပ်ပြီးမှ မယူပါဘူး ကျွန်တော်ကလည်း မတောင်းပါဘူး၊ ကျွန်တော်ဟာကျွန်တော် ဖျာလိပ်နတ်မေးတာကို သူအရင်မေးမယ်ဆိုပြီး အလုအယက်ဝင်မေးပါတယ်၊ ပြီးတော့ မောင်က သူ့ရင်ခွင်ရိပ်မှာ ပြန်လည်ခိုဝင်လာမယ်တဲ့လို့ ပြောပြီး သူ့ဟာသူ အူတွေဘာတွေမြူးပြီး သူ့ပိုက်ဆံအိတ်ထဲက ဖျာလိပ်နတ်ကို လှူပါတယ်ဆိုပြီး လေးသောင်းထုတ်ပေးပါတယ်၊ ပြီး ဖျာလိပ်နတ်ကို ကပ်ဖို့ခေါက်ဆွဲကြော်ပြီးနဲ့ အအေးဘူးဖိုးဆိုပြီး ငါးထောင်တန်တစ်ရွက်ထပ်ပေးပါတယ်၊ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



ဥက္ကဋ္ဌကြီးပဲ စဉ်းစားကြည့်ပါ သူ့ဟာသူ တဏှာကျွန်. . အဲ. . သဒ္ဒါလွန်ပြီး ဒါနပြုသွားတာ ကျွန်တော်တို့က သူ့လည်စိညစ်ပြီးတောင်းတာမှ မဟုတ်ပဲ၊ ဒီတော့ ဖျာလိပ်နတ်နဲ့ပေါင်းကြံတယ်ဆိုတဲ့စကားဟာ လုံးဝ မှားယွင်းပါတယ်"

ခိုင်ခန့်ချက်နှင့်လက်နှင့် ဥက္ကဋ္ဌကြီးအား တင်ပြတော့ ဒေါ်အာစိန်ပါးစပ်အဟောင်းသား၊ နားထောင်နေကြသော ရပ်သူရွာသားများထံမှ တစ်ယောက်တစ်ပေါက်နှင့် တီးတိုးပြောသံရယ်သံတွေက လျှံထွက်လာသည်။

"အို ဒါဆို အဲဒီပိုက်ဆံတွေကို ကျွန်မဆီ အိမ်လခဆိုပြီး ဘာလို့ လာပေးလဲ၊ မဟုတ်ဘူးလို့ ငြင်းလို့မရအောင် ကျွန်မမှာ အမှတ်အသား ရှိတယ် ဘာဖြစ်လို့လဲဆိုတော့ အဲဒီပိုက်ဆံထဲက ငါးထောင်တန်တစ်ရွက်မှာ နှစ်လုံးထီနံပါတ် (၀၅)ဆိုပြီး ရေးထားတာပါတယ်၊ အဲဒီပိုက်ဆံက ကျွန်မဆီ ပြန်ရောက်လာတယ်၊ ဒါဟာ ကျွန်မလှူခဲ့တဲ့ပိုက်ဆံတွေနဲ့ လာပေးတာ ခိုင်လုံကြောင်းသက်သေပဲ၊ ပြီးတော့ ဖျာလိပ်နတ်က ကျွန်မဆီကို ကျွန်မယောက်ျား ပြန်လာလိမ့်မယ်လို့ ဟောကိန်းထုတ်ပြီး ခုတော့ခုတော့ အဟင့်ရှုတ်. . အီး. ."

ပြောရင်းဖြင့်. . ဒေါ်အာစိန်ချုံးပွဲချငိုကာ ငိုသံပါကြီးဖြင့်. .

"ခုတော့လေ ကျွန်မယောက်ျားက သူ့မယားငယ်အမြှာပူးမနှစ်ယောက်စလုံးကို ခိုးပြေးသွားပြီး ကျွန်မကိုထားခဲ့ပြီ၊ ခုတော့ ကျွန်မမှာ ပိုက်ဆံလေးသောင်းခွဲလည်းဆုံး လင်လည်းဆုံး ဒီကြားထဲ ဒီကာလနာ မြွေပွေးကိုက်နှစ်ကောင်က ကျွန်မရဲ့အားနည်းချက်ကို နင်းပြီး အဒေါ်ချင်းမစာနာ တစ်လုံးချိုင့်ဆိုပြီး လူကြားသူကြားထဲ အရှက်ခွဲသေးတယ်၊





ဒါကြောင့် ဒီနှစ်ကောင်ကို ပြင်းပြင်းထန်ထန်အရေးယူပေးပါ"

ခိုင်ခန့် ဒေါသတွေဖြင့် ရှူးရှူးရှားရှားဖြစ်သွားပြီး. .

"ဟေ့. . ဒီမှာ ပြိတ္တာမကြီး ခင်ဗျားမြွေဟောက်လို လျှာနှစ်ခွနဲ့ လျှာအရိုးမရှိတိုင်း လျှောက်မပြောနေပါနဲ့"

ခိုင်ခန့် ဒေါသသံဖြင့် ရပ်ကွက်ရုံးထဲ ဟိန်းနေအောင်အသံကုန်ဟစ်တော့ ဒေါ်အာစိန်ကြီးဆတ်ခနဲ ကိုယ်ကိုတွန့်လျက် မျက်လုံးပေကလပ် ပေကလပ်ဖြင့်ကြည့်ပြီး. .

"ဟဲ့. . ဘာတုန်း သေချင်းဆိုးတွေရဲ့ ငါကဟုတ်တာမှန်တာ ပြောတာ၊ ငါက မြွေဟောက်မဟုတ်ဘူး ငါ့ခန္ဓာကိုယ်မှာ မြွေနဲ့တူတဲ့ နေရာ တစ်နေရာမှမရှိဘူး နင်တို့မှာသာရှိတာ မြွေပွေးကိုက်ကောင်တွေရဲ့"

"ခင်ဗျားနော် ကျုပ်တို့မှာ ဘာရှိရှိ ခင်ဗျားအပူပါသလား၊ ခင်ဗျားသာ ကိုယ့်ရုပ်မှုကိုယ်အားမနာ ခင်ဗျားလိုမျက်နှာမှာ တင်းတိပ်ဗလပွနဲ့ သွေးဆုံးကိုင်နေတဲ့ သပိတ်ရောင်အသားအရေ ညစ်စုတ်စုတ်နဲ့ ကျုပ်တို့လို လူပျိုသန့်သန့်လေးတွေကို မတန်မရာ အသားကပ်ယူနေတယ်၊ ဝေါ့. . ထွီး. . အနားကပ်ရင်တောင် ပျို့ချင်တဲ့ရုပ် ဒီမှာ ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော်တို့ပြောတဲ့ တစ်လုံးချိုင့်ဆိုတာ အဆင့်ပါတဲ့ချိုင့်တွေလို အဆင့်မရှိတဲ့အတွက် တစ်လုံးချိုင့်လို့ပြောတာ"

"ဟမ်. . ဒါ ဒါဆို၊ နင်တို့က ငါရင်သားကင်ဆာဖြစ်လို့ ရင်သားတစ်ဖက်ဖြတ်ထားရတာကိုသိပြီး တစ်လုံးချိုင့်လို့ပြောတာမဟုတ်ဘူးလား"

"ဝါး. . ဟားဟားဟား. . ဒါဆို အတ္တာတစ်ဖက် မရှိဘူးပေါ့



www.burmeseclassic.com

www.burmeseclassic.com



တယ်. . သနားစရာ”

“အဟီး. . ဟင်းဟင်းဟင်း လွဲတဲ့အခါလည်း လွဲဦးမှာပေါ့”

ဒေါ်အာစိန် သူပြောမှပင် ဥက္ကဋ္ဌမှအစ ဝိုင်းကြည့်နေသော သူတွေအဆုံး တဝါးဝါးတဟားဟား ဖြစ်ကုန်ကြသည်။ သူမှာ ရင်သား တစ်လုံး မရှိတာကို ခိုင်ခန့်တို့ ငြိမ်းဝေတို့ သိဖို့နေနေသာသာ အိမ်နီးနားချင်းက လူတွေပင် သိကိုမသိကြတာ။

“ဒီမှာ ခင်ဗျား အပေါက်ဆိုးလို့ စကားပြောရင် အဆင့်အတန်း မရှိလို့ တစ်လုံးချိုင့်လို့ပြောတာ ခင်ဗျားရဲ့အဖုတစ်လုံးမရှိလို့ တစ်လုံး ချိုင့်နေတာလဲမသိဘူး နှစ်လုံးစလုံးချိုင့်နေတာလည်း ကျုပ်တို့စိတ်မဝင်စားဘူး”

ဒေါ်အာစိန် ခိုင်ခန့်ချေပသောစကားတွေကြောင့် ပါးစပ်အဟောင်းသားနှင့် ကြိတ်မနိုင်ခဲမရ မျက်လုံးအပြူးကြည့်ကာ. .

“ဘာ. . နင်တို့က ငါ့ကိုအဆင့်မရှိလို့ တစ်လုံးချိုင့်လို့ခေါ်တာ ဟုတ်လား၊ အောင်မလေး ဥက္ကဋ္ဌကြီးရဲ့ သူတို့က ကျွန်မကိုအဆင့်မရှိဘူးတဲ့၊ ကျွန်မအဆင့်ရှိလားမရှိလား ဥက္ကဋ္ဌကြီးအသိဆုံးပါ ကျွန်မရပ်ကွက်သာရေး နာရေးတွေမှာ လှူထားတာ ဥက္ကဋ္ဌကြီး အသိနော်၊ ဒါအဆင့်ရှိလို့ လှူနိုင်တာပေါ့လို့ အိမ်ခြေရာခြေမရှိ အုတ်ကြားမြက်ပေါက်တလေကဝတွေက ကျွန်မကိုခုလို ပြောနေရတာကို ဥက္ကဋ္ဌကြီးဒီအတိုင်းကြည့်နေတော့မှာလား အောင်မလေး မောင်ရေ စိန်အဖြစ်ကိုလာကြည့်လှည့်ပါဦး ‘လင်ပစ်မ’ဆိုတာနဲ့ အပြီကိုကစ်နေကြတော့တာပဲ. . .

ယောက်ျားတန်မဲ့ ကြက်ဖင်တွေလို တဗျစ်ဗျစ်နဲ့ လေမတိုးအောင်ပြောတတ်တဲ့ အကောင်တွေကို စိန်အရှုံးပေးနေရပြီ မောင်ရဲ့”





ဒေါ်အာစိန် သူ့ယောက်ျားကိုတတပြီး တိုင်တည်နေပုံများ အားလုံး အပ်ကျသံမကြားရအောင်ကို တိတ်ဆိတ်စွာ ငေးမောနေလိုက်ကြတာ အပမှီနေသည့်အတိုင်း. .။

“နောက်ဆိုရင် သူတို့ စိန့်ဘဝကိုပါ တစ်သက်လုံးအနိုင်ယူလို့ သူတို့လက်ထဲ ဘဝတစ်ခုလုံး ဝကွက်အပ်ရတော့မယ်၊ အောင်မလေး တစ်ထုပ်ကနှစ်ထုပ် တစ်ရှက်ကနှစ်ရှက် ပေါ်သလို ပေါ်နေတဲ့အဖြစ် ကံဆိုးမသွားရာ နေလိုက်ပူသလိုပေါ့ မောင်ရယ်. . ဒါကြောင့်ဒင်းတို့ ကျုပ်ဆီက လိမ်ယူထားတဲ့ ငွေတွေကိုလည်း ပြန်မယူတော့ပါဘူး၊ အိမ်လခတွေကိုလည်း နှစ်ဆပြန်အမ်းပေးပါမယ် ကျုပ်အိမ်က ဆင်းပေးကြပါလို့ တောင်းပန်ပါတယ်. . အီး. . ဟီး. . ဟီး. . ”

ကြုံကြုံပါအောင် ငိုချင်းချပြီး ငိုသံနှောကာပြောနေသော ဒေါ်အာစိန်ကို အားလုံးကဝိုင်းပြီး သနားသွားရသည့်အဖြစ်. .

ခိုင်ခန့်တို့ကတော့ ထုံးစံတိုင်း ကျွမ်းတောင်ပစ်လိုက်ချင်သေးရဲ့ ယောက်ျားတန်မဲ့ ဒီတစ်ခါရန်ဖြစ်ရတာအတန်ဆုံးပဲ. .

ဘာဖြစ်လို့လဲဆိုတော့ အိမ်လခငွေတွေကို နှစ်ဆပြန်အမ်းမယ်လို့ ပြောလိုက်တာကိုး. .။ ကြားရတာ အရသာရှိလေစွ. .။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၈ )

"ဟယ်. . မောင်လေး. . ဘယ်ကိုလာတာလဲ. . "

"ဟာ. . အဒေါ်ကြီး. . အဲ. . မ. . မမပါလား. . "

ငြိမ်းဝေ ဒေါ်ဖန်စီကိုမြင်တော့ နှုတ်မှယောင်ထွက်သွားသဖြင့် မနည်းဘရိတ်ပြန်အုပ်ကာ. . မမဟု အောက်ကလီ အောက်ကလာ အသံဖြင့် မချိမဆန့် ခေါ်လိုက်ရသည်။

အမှန်ဆို ကိုယ့်အမေသာ ဆယ့်ရှစ်နှစ်နဲ့ အိမ်ထောင်ပြုခဲ့ရင် ယခုဒေါ်ဖန်စီအရွယ်လောက်ကို အမေတောင်တော်လို့ရသည်။ ခုတော့ သူသဘောကျ မမဟုခေါ်လိုက်ရတာ လျှာထဲမှာ ယားကျလိ ယားကျလိ





ပင် ဖြစ်၍သွားသလိုလို။

ခိုင်ခန့်က ဘယ်သူလဲဆိုသော အကြည့်ဖြင့်ကြည့်ကာ ငြိမ်းဝေ ကို မေးငေါ့ပြသည်။

"ဒါ ငါဟိုတစ်ခါပြောတဲ့ မမလေ၊ ငါ့ဘောစိကားကို ဖင်နဲ့ချိတ် သွားတယ်ဆိုတာ"

"သြော်. . ဟုတ်လား၊ အဟား. . အဲဒီတုန်းကလေ မမ အကြောင်းကို ပြောမဆုံးဘူး၊ မမက သဘောကောင်းကြောင်း လှကြောင်း အရမ်းကို နုပျိုကြောင်း၊ ငွေကိုရေလိုသုံးပြီး သူ့ဘောစိကားကို ငွေအလုံ အလောက်တင်မဟုတ်ဘူး ပိုလျှံအောင်ပါပေးခဲ့ကြောင်း၊ အို. . မမရာ နားငြီးလောက်အောင်ကို ပြောနေတာ ကျွန်တော်တောင် နားငြီးယူရ တယ်"

ခိုင်ခန့်၏ မြှောက်လုံးပင့်လုံးစကားတွေကြောင့် ဒေါ်ဖန်စီ မျက် နှာမှာ သကြားနှင့်ယိုထိုးထားသလို ချိုရီဖျဉ်းတွဲကာ ငှက်ဖျားတက်သလို တဟင်းဟင်းနှင့် ရယ်လေတော့သည်။

"အို. . ငါ့မောင်က မမကို အဲဒီလောက်တောင် အလေးအ နက်ထားတာပဲ. . . အဟင်း ဟင်း ဟင်း ဟင်း"

ငြိမ်းဝေ မချိပြုံးလေး ပြုံးကာ ခိုင်ခန့်ကို မသိမသာအံကြိတ် ပြသည်။ မင်းငါ့ကို အချွန်နဲ့ မနေတာလားဆိုသည့် သဘောနဲ့ဖြစ်သည်။ ပြီးနောက် ဒေါ်ဖန်စီဘက်ကို ဘာမှမဖြစ်သလို အမူအရာနှင့် ပြန်လှည့် ကာ. . .

"ဟုတ်တယ် မမရဲ့ မမကအရမ်းသဘောထားဖြူတော့ ကျွန် တော် သူငယ်ချင်းကို ပြောမဆုံးဘူးဖြစ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း . . ဒါပေ့ါ၊ မမက မောင်လေးအတွက်ဆိုရင် မမ့ရဲ့ သဘောထားတွေက ရှယ်ဖြစ်ရမယ်လေ၊ ဒါနဲ့ အဲဒီကားရော အခု ကောင်းသွားပြီလား"

"ဟုတ်ကဲ့ . . ကောင်းတော့ ကောင်းသွားပါပြီ၊ ဒါပေမဲ့ ကျွန်တော်တော့ အလုပ်ပြုတ်သွားတယ်"

ငြိမ်းဝေ့ရှိုးလက်စနဲ့ ဂွင်တစ်ခုခုဖန်၍ရလိုရငြား ပိုပိုသာသာလေး ရှိုးလိုက်သည်။

"ဟယ် . . ဟုတ်လား၊ အမလေး စိတ်မကောင်းလိုက်တာ ငါ့မောင်ရယ်၊ မမကြောင့် ငါ့မောင်အလုပ်ပြုတ်ရတာပါ အခုငါ့မောင် ဘာလုပ်နေလဲ"

"ခုလောလောဆယ် အလုပ်မရှိဘူး ရှာတုန်းပါ မမ"

"ဒါဆို အခု ဒီကိုလာတာ အလုပ်လာရှာတာပေါ့"

"အလုပ်လာရှာတာမဟုတ်ဘူး အိမ်ငှားဖို့လာရှာတာပါ"

"ဟော့တော် ငါ့မောင်မှာ နေဖို့အိမ်လဲ အခက်အခဲဖြစ်နေတယ်ပေါ့"

"ဟုတ်ပါတယ် မမ"

"အိုကွယ် ဖြစ်မှဖြစ်ရလေ၊ အင်း . . နေဦး မင်းတို့က ခုလောလောဆယ် ချက်ချင်းပြောင်းရမယ့် အနေအထားလား"

"တစ်လတော့ အချိန်ရပါတယ်"

"ဒါဆိုရင်တော့ အိုကေပဲ မမအိမ်ရဲ့ဘေးချင်းကပ်လျက်မှာ မမအိမ်တစ်လုံး အပိုဆောက်ထားတယ် ခုတော့လူငှားတင်ထားတာပေါ့နော်၊ ဒါပေမဲ့ကိစ္စမရှိဘူး အဲဒီအိမ်ငှားတွေကို မမဒီလကုန် ရက်ပြည့်





တာနဲ့ ဖယ်ခိုင်းလိုက်မယ်၊ ပြီးရင် မောင်လေးပြောင်းလာနေလိုက်လေ အိမ်က မမရဲ့ခြံထဲတင်ဆိုတော့ မမတို့သားအမိလည်း အဖော်ရတာပေါ့ ဟုတ်ဘူးလား"

"ဟာ . . အဲဒီလိုဆိုရင်တော့ အတိုင်းထက်အလွန်ပေါ့ မမရာ၊ အဲ . . ဒါပေမယ့် ကျွန်တော့်ကြောင့် အခုလက်ရှိနေတဲ့လူတွေကို ပြောင်းခိုင်းတာတော့ ကျွန်တော်စိတ်မကောင်းဘူး"

ငြိမ်းဝေရောက် ခိုင်ခန့်ရော ထိုကိစ္စအတွက်တော့ အမှန်တကယ် စိတ်မကောင်းကြောင်း ရင်ထဲက စိတ်ရင်းအမှန်နဲ့ ပြောခြင်းဖြစ်သည်။

"အို . . ဘာမှစိတ်မကောင်းမဖြစ်နဲ့၊ အဲဒီလူတွေကို မမပြောင်းခိုင်းချင်နေတာကြာပြီ၊ မမသမီးကို ရိသဲ့သဲ့လုပ်နေလို့လေ၊ မမက မမကို ကြိုက်သလောက် ရိသဲ့သဲ့လုပ် မမစိတ်မဆိုးဘူး . . အဲ . . မမသမီးကိုတော့ ဘယ်သူမှ ရိသဲ့သဲ့လုပ်တာ မကြိုက်ဘူး၊ သမီးအတွက်ဆိုရင် မမက ရပ်ကွက်ထဲမှာ ဖိုက်တာပဲ"

ဒေါ်ဖန်စီ ငြိမ်းဝေကိုတစ်ခါတည်း အရိပ်အငွေ့ပြကာ သတိပေးလိုက်ခြင်းဖြစ်သည်။

"ဟာ . . ဟုတ်တာပေါ့ မမရဲ့၊ ကိုယ့်သမီး လုံခြုံဖို့အတွက် မိဘတိုင်းကာကွယ်ကြတာပဲလေ၊ မမနေရာမှာ ကျွန်တော်ဆိုရင်လည်း ကိုယ့်သားသမီးအတွက် ဖိုက်တာတင်မဟုတ်ဘူး ဂေါ်ဇီလာလို အစွမ်းမျိုးနဲ့တောင် . . ဟောဒီလို . . ဟောဒီလို ခြေထောက်နဲ့ စေ့စေ့ညက်ညက် ကျေအောင်ကို အမှုန့်ကြိတ်ပစ်မှာ"

ငြိမ်းဝေ၏ လိုတာထက်ပိုသော အမူအရာကိုကြည့်ပြီး ခိုင်ခန့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကိုလှည့်ပြီး မျက်နှာမဲ့လိုက်သည်။ ဒေါ်ဖန်စီကတော့ သူနှင့် စိတ်သဘောထား ကိုက်ညီတယ်ဆိုပြီး သဘောအကျကြီးကျကာ ငြိမ်းဝေအပေါ် ယုံကြည်မှုတွေပိုသွားသည်။

ထိုနေ့က ငြိမ်းဝေနှင့်ခိုင်ခန့် အိမ်ရှာဖို့ ခြေသိပ်မဆန့်လိုက်ရပဲ အားလုံးအဆင်ပြေသွားသည်။





# အခန်း ( ၉ )

ဒီနေ့ရပ်ကွက်ထဲမှာ ဆီဘောက်စာတွေထောင်ထားသော ဦးထွန်းကြိုင်၏သားများနှင့် ရပ်ကွက်ထဲမှ မရှိန္တမ်းပါးသော သားအရွယ်စုံဆိုဒ်စုံကို ရဟန်းခံပေးသောနေ့ဖြစ်သည်။

ရဟန်းလောင်းတွေ ရှင်သာမဏေလောင်းတွေကို မြင်းနှင့်တင်ပြီး လှည့်သဖြင့် အားလုံးတညီတညွတ်တည်း စီတန်းသွားကြသည်။ ထိပ်ဆုံးမှ အလှူဒါယိကာ ဒါယိကာမများဖြစ်သည့် ဦးထွန်းကြိုင်တို့လင်မယား ချိတ်ပုဆိုး ချိတ်ထဘီတို့ဖြင့် တစ်ကိုယ်လုံး စိန်တွေရွှေတွေ တလက်လက်ဖြင့် အလှူရှင်ဆိုတာ တန်းသိအောင် ဝတ်စားဆင်ယင်ထားကြသည်။ မျက်နှာတွေမှာလဲ ပြုံးပျော်နေကြသည်။

အနောက်မှ မိုးရိပ်တို့ အဖျိုစင်တွေ စုစုပေါင်းအယောက်ငါး



www.burmeseclassic.com

www.burmeseclassic.com



ဆယ်ခန့်က ကွမ်းတောင် ပန်းတောင်နှင့် ပဒေသာပင်လေးတွေကိုင် သူကကိုင်နှင့် နွေဦးပန်းပွင့်လေးတွေလို အစီအရီအလှချင်းပြိုင်နေကြသည်။ အနောက်မှ အမျိုးသမီးကြီးများနှင့် ကလေးများကလည်း မနည်းမနော စီတန်း၍ လျှောက်နေကြသည်။ ဖျာလိပ်ပိုက်သူပိုက်၊ ခေါင်းအုံးပိုက်သူပိုက်နှင့်လည်း မနည်း ထိုအထဲတွင် မိုးရိပ်အလှဆုံးဟု ပြော၍ရအောင်ပင် သူမ၏အလှက ထင်းလင်းတောက်ပနေသည်။ ဖြူနုသောအသားရောင်နှင့် တင့်တယ်စွာဝတ်ဆင်ထားသော ရွှေအိုရောင် ချိတ်မြန်မာဝတ်စုံလေးကို ချပ်ချပ်ရပ်ရပ် ဝတ်ထားသဖြင့် ကိုယ်လုံးကိုယ်ပေါက်မှာ အများငေးမော အားကျလောက်အောင်ပင် တစ်တစ်ရစ်ရစ်ဖြင့် အချိုးအစားပြေပြစ်လွန်း၍နေသည်။

VIDEO Cameramen တွေကလည်း အကွက်စေ့၊ ထောင့်စေ့အောင် ရိုက်သည်။ အနောက်မှ ဒိုးပတ်ဝိုင်းကလည်း ဘေးမှရပ်ကြည့်နေသူများပင် ထကချင်စိတ်ဖြစ်လောက်အောင် မြိုင်လွန်းလှသည်မှ ဟ်ည်းဟည်းထနေသည်။

စည်ကားလွန်းသော ထိုရှင်ပြုပွဲကြောင့် လမ်းသွားလမ်းလာများ ခရီးသည်တင်ကားများပေါ်မှလူများ လမ်းတစ်လျှောက် ဈေးဆိုင်ခန်းတွေမှလူများအားလုံး ထွက်ကြည့်ကြ၏။

ထိုအထဲတွင် ခိုင်ခန့်လည်း အပါအဝင်ဖြစ်သည်။ ခိုင်ခန့်မှာ မိုးရိပ်ကို မှတ်မိနေသဖြင့် လက်ထဲမှာကိုင်ထားသော လက်ဖက်ရည်ခွက်ကိုပင် ပါးစပ်ထဲ မငုံမိဘဲ ကိုင်လျက်တန်းလန်းကြီးဖြင့်ပင် အကြောင်သားလေး ငေးနေမိသည်။

"လှချက်ကတော့ အများထက်သာတာအမှန်ပဲ အရင်က





လောက် မဝတော့ဘူး သိလား၊ ဒီကောင်မလေး ဘောဒီဝိတ် ချလိုက်တာဖြစ်မယ်"

"ဟော့ကောင် မင်းမျက်လုံးကြီးက နီရဲစူထွက်ပြီး ဘာတွေတစ်ယောက်တည်း တွတ်ပွတွတ်ပွ ပြောနေတာလဲ"

သီချင်းနားထောင်ရင်း ဂျာနယ်ဖတ်နေသောငြိမ်းဝေ ခိုင်ခန့်၏ မျက်လုံးကျွတ်ကျမတတ် ငေးနေသောနေရာကို လိုက်ကြည့်ရင်းမေးလိုက်သည်။

"ဟိုမှာလေကွာ ရှေ့ဆုံးက. . လုံးကြီးပေါက်လှ ရွှေအိုရောင်လေး"

"သြော်. . ဟိုတစ်ခါ မင်းပြောတဲ့ ပေါက်လှကိုပြောတာလား"

"အေး"

ငြိမ်းဝေ ခိုင်ခန့်ညွှန်ပြရာသို့ လိုက်ကြည့်လိုက်သည်

"အင်း. , ဆိုးတော့မဆိုးပါဘူး ပုံစံလေးက ယဉ်စစလေး၊ မင်းအသေခိုက်သွားပြီမဟုတ်လား"

"အသေခိုက်ရုံတင်မကဘူး အသေပါလိုက်ဖို့ ဆုံးဖြတ်လိုက်ပြီအဟီး. . အဝေးကကြည့်ရတာ အားမရလိုက်တာ၊ အနီးကပ်ဆွဲကြည့်ပစ်လိုက်ချင်တာ"

"ဟော့ကောင် စိတ်လျှော့. . ဒါကိုယ့်ရပ်ကွက်မဟုတ်ဘူးနော်သူများရပ်ကွက်"

ငြိမ်းဝေ သတိပေးတုန်းရှိသေးတယ် အလှူ့ရှင်မိန်းမကြီးမှာသူကိုင်ထားသော ငွေဖလားကြီးထဲမှ ပေါက်ပေါက်ဆုပ်တွေနှင့် ငွေစတွေတွေကို ဖွာလန်ထအောင် ကြဲပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းဝေ ချွေးဒီးဒီးကျနေသော မျက်နှာဖြင့် စပ်ဖြီးဖြီးရယ်ကာ ဖျာလိပ်ကို ဖြုပြီး ထွက်လာလိုက်၏။

"ဇာတ်တိုက်ထားရင်တောင် ခုလောက် ဂွင်ကျမှာမဟုတ်ဘူး၊ ဆိုင်းမဆင့်ဗုံမဆင့် အစိမ်းကာစ် ကစ်လိုက်တာ ငွေလေးသောင်းခွဲက အတင်းကို ခုန်ဝင်လာတော့တာပဲ၊ မင်းအိုင်ကျူတွေ နည်းနည်းအသုံး ဝင်လာပြီ ခိုင်ခန့်ရ. . ဟား. . ဟား. . ဟား. ."

"ကဲ. . မအတ္တာကြီးကို အိမ်လခပေးရမှာက သုံးလစာ လေး သောင်းခွဲ၊ ခု. . သူပေးတဲ့ ပိုက်ဆံနဲ့ပဲ. . သူ့ကို အိမ်လခပြန်ပေးလိုက် ရုံပေါ့ကွာ၊ သူ့တဏှာနဲ့သူ ပြန်ရိုက်. . အဲ. . ဟုတ်ပါဘူး. . သူ့တုတ်နဲ့သူ ပြန်ရိုက်လိုက်ကြတာပေါ့. . ဒန်. . တန့်တန့်"

အလကားပဲနင်း ရလိုက်သောငွေကြောင့် ထွက်ပေါက်တစ်ခု ရသွားသော ကြွက်တွင်းပိတ်ခံထားရသည့် ကြွက်သူငယ်လေးတွေလို မြူးတူးခုန်ပေါက်နေကြ၏။





# အခန်း ( ၄ )

"ပိုးရိပ်"

"ရှင်. ."

"ဒါက ဘယ်လဲ. ."

"ဟို. . အင်တာနက်ဆိုင်ကိုပါ. . မာမိ. ."

အသားဖြူဖြူ မျက်လုံးက ဝိုင်းစက်ရွှန်းစိုလျက်. . နှင်းဆီရောင် နှုတ်ခမ်းဖူးဖူးလေးနှင့် ပြေပြစ်သောနှာတံချွန်မြမြလေးက ကျစ်လစ်ဖွံ့ဖြိုး သော ကိုယ်ခန္ဓာလေးနှင့် လိုက်ဖက်စွာ ဖက်ထားချင်စရာကောင်း အောင် အိစက်နူညက်နေသည်။ ဝကစ်ကစ်ကလေးပေမယ့် ချစ်စရာ ကောင်းသော သမီးလေးကို ဒေါ်ဖန်စီ စိတ်မချ. . ရပ်ကွက်ထဲက တစ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ တားကိုလိမ်ကြောရင် ဦးကို မိုးကြိုးကျစ်ရိုက်မယ် ဘာမှတ်ရဲ့"

"ဟာ ဒီကောင်လေး အဲဒါငါ့ပိုက်ဆံပါဆိုမှ . . ကဲ . . ပေး ငါ့ကို လူကြီးပဲ ဆိုပြီးလာမညှပ်ချနဲ့ . . ဟင်းဝါနေက ဝါးရင့်ပြန်ပတ်လို့"

ခိုင်ခန့်ပြောလည်းပြောရင်း ထိုကောင်လေးဘောင်းဘီအိတ်ထဲမှ ငါးထောင်တန်ပိုက်ဆံခေါက်ကို အတင်းပြန်နိုက်ထုတ်သည်။

မိုးရိပ် ခိုင်ခန့်ကိုမှတ်မိသလို လှမ်းကြည့်နေတုန်း ကလေးနှင့် အပြိုင် ပိုက်ဆံလုနေသော အဖြစ်ကိုကြည့်ပြီး သူမနောက်မှကောင်မလေးတစ်ယောက်ကို လက်တို့ပြီးလှမ်းပြကာ နှစ်ယောက်သား ရယ်နေကြသည်။

ထိုအဖြစ်ကို ခိုင်ခန့်လုံးဝသတိမထားမိတော့ ငွေရဲ့နောက်ကို အငမ်းမရလိုက်နေသော မုဆိုးတစ်ယောက်လို မက်လုံးတွေ အလျှံအယ်ထနေသည်။

ပိုက်ဆံကြတဲ့အလျှုရှင်တွေရော ပိုက်ဆံလုတဲ့သူတွေပါ အရှေ့သို့တိုးသွားကာ ဝေး၍သွားချိန်အထိ ခိုင်ခန့်ငါးထောင်တန် ပြန်တောင်းသည့် ပြဿနာက မပြီးနိုင်သေး။

မိုးရိပ် သမင်လည်ပြန်ငေးရင်းငေးရင်း ဝေးသွားသည်။

"ဦးရေး မရုန်နဲ့နော် တားအဖေနဲ့အော်တိုင်လိုက်မှာ တားအဖေက . . ဒီမှာ ရာအိမ်မှူး . . . အဟင့်ဟင့်ဟင့်"

ကလေးက ခိုင်ခန့်လက်ထဲမှ ငါးထောင်တန်ကို အတင်း မရမက ပြန်လုသည် လုတာမှ ခြေကန်ပြီးတော့ပင် လုသည်။

နှုတ်မှလည်း သူ့အဖေရာအိမ်မှူးပါဆိုတာကိုပြောပြီး ခြိမ်းခြောက်သေးသည် အရွယ်အားဖြင့် ငါးနှစ်ခြောက်နှစ်သာသာ,သာရှိ





သေး၏။

"ဟေ့ကောင် မင်းအဖေ ရာအိမ်မှူးမကလို့ ဒိုဘားမားပဲဖြစ်နေပါစေ ငါ့ပိုက်ဆံငါ ပြန်လုတာကွာ ဘာဖြစ်လဲ"

"အဟင့် . . အင့် . . အင့်အင့် . . အီးဟီး . . ဟီး"

ကလေးအားနှင့် လူကြီးလည်းမမျှတော့ ပိုက်ဆံက ခိုင်ခန့်လက်ထဲပါသွား၍ ကလေးမှာ ဆက်မလုတော့ပဲ ပလက်ဖောင်းပေါ် ဖင်ထိုင်ချ ခြေနှစ်ချောင်းပွတ်လိမ်ပြီး အော်ကြီးဟစ်ကျယ် ငိုတော့သည်။

"ဟာ . . ဟေ့ကောင် မငိုနဲ့လေ . . ထ၊ ငါပိုက်ဆံငါလုတာပဲ မင်းက ငယ်ငယ်ရွယ်ရွယ်နဲ့ သူများပိုက်ဆံကို အချောင်လိုချင်တာကိုး လူဆိုရင် ရိုးရိုးကျင့် မြင့်မြင့်ကြည့်ကွ . . အဲ . . မြင့်မြင့်ကြံကွ"

"ဟေ့ကောင်ဖိုးသား ဘာဖြစ်လို့ ငိုနေတာလဲ"

ထောင်ထောင်မောင်းမောင်းနှင့် လမိုက်ညသန်းခေါင်ယံမှာ တစ်ကိုယ်လုံး ရေနံချေးသုတ်ပြီး ကျွဲစီးနေသော လူတစ်ယောက်နှယ် မဲမှောင်လွန်း၍ Color Tone ကျွမ်းနေသော လူဝကြီးတစ်ယောက် ခြေလှမ်းကြဲကြီး လျှောက်လာပြီး မေး၏။

ခိုင်ခန့်နောက်သို့ ခြေတစ်လှမ်းကို အသင့်နေအထားဖြင့် ဆုတ်လိုက်သည်။ သူ့ကလေးငိုအောင်လုပ်ထား၍ ပြဿနာကတော့ အမှန်အကန်တက်မှာ သေချာနေပြီ။ ဗလကြီးကလည်း တောင့်နေတော့ ကိုယ့်လို လူဖလံလေးက ဘယ်လိုမှ မယှဉ်နိုင်။

"ဖေကြီး တားတောက်တဲ့ ပိုက်ချံကို ဒီရူကြီး တားဆီက ပန်ရုတွားတယ်"

"ဘာ . . ဟုတ်လား၊ ဟေ့ကောင် မင်းကဘာကောင်လဲဟ သား



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံကို ဘာကိစ္စနဲ့ လုရတာလဲ မင်းမရှက်ဘူးလား၊ ကိုယ်မွေးရင် ကိုယ့်သားတင်မဟုတ် ကိုယ့်မြေးတောင်လုပ်လို့ရနေတဲ့ ကလေးဆီက လုစရာလား လာ. . စခန်းကိုလိုက်ခဲ့ မင်းကိုလုယက်မှုနဲ့အပြင် ကလေးကို ညှင်းပန်းနှိပ်စက်မှုနဲ့ပါ တရားစွဲအမှုဖွင့်မယ်"

"ဟာ. . ဟော့လူ၊ ကျုပ်အကျီကိုပ်ကိုမဆွဲနဲ့ ဒီပိုက်ဆံက ကျုပ်ရထားတဲ့ပိုက်ဆံ၊ လက်ထဲက အခန့်မသင့်လို့ပြုတ်ကျသွားတာကို ခင်ဗျားသားက သူ့ပိုက်ဆံဆိုပြီး ဖွတ်ပြောနေတာ၊ ခင်ဗျားသားကသာ ငယ်နိုင်ကြီးညှင်းလုပ်နေတာ ဒီတော့ ကျုပ်ကလည်း ခင်ဗျားသားကို ပြန်တရားစွဲမယ် ရှင်းလား"

ခိုင်ခန့် ပါးစပ်ထဲတွေ့ကရာကို အဆီအငေါ်တည့်တည့် မတည့်တည့် စွတ်၍တင်နေသည်။

"ဘာ. . မင်းကငါ့သားကိုပြန်ဆွဲမယ် ဟုတ်လား၊ အေး ငါ့သားကို မင်းအမှုမဖွင့်ခင် မင်းကိုငါ အူပွင့်အောင်ဆွဲမယ်ကွ၊ ကဲ. . ဒါ ဒဲ့ လက်သီး ဒါက ဝိုက်လက်သီး"

"ဘုတ်"

"အွတ်"

"ဒုတ်"

"ခွပ်"

"အား. . အောင်မလေးဗျ"

ပိုက်ကိုတစ်ချက် မေးရိုးကိုတစ်ချက် လက်သီးပြင်းဖြင့် အဆော်ခံလိုက်ရသည်။ ခိုင်ခန့် နာကျင်မှုကို ရင်စည်းခံနေရ၍ ပြန်ပြီးခုခံချိန် တောင်မရလိုက်. . .





ငြိမ်းဝေ ခုကျမှအနားကို တဖတ်ဖတ်ပြေးလာသည်။ လူတွေလည်း တစ်စထက်တစ်စ ဝိုင်းအုံလာသည်။ ခိုင်ခန့် ရှက်ရွံ့ထူပူစွာ လက်ထဲမှပိုက်ဆံခေါက်ကို ထိုကလေးထံ ပစ်ပေါက်လိုက်၏။

ထိုကလေးက ခိုင်ခန့်အား သူ့အဖေဆော်ထည့်လိုက်တာတို့ သဘောကျကြီးကျကာ ငိုနေရာမှ တဟီးဟီးဖြင့်ထရယ်ကာ ခုန်ပေါက်မြူးတူးနေ၏။

ခိုင်ခန့်ပစ်ပေးလိုက်သော ပိုက်ဆံခေါက်ကို ကောက်ကာ လက်ညိုးကို ကွေးချည်ဆန့်ချည်ဖြင့် ကရော်ကရော်လုပ်ပြနေသည်။ ခိုင်ခန့်အံကို ခပ်တင်းတင်းတစ်ချက်ကြိတ်လိုက်ပြီး ကိုယ့်ကိုအုံကြည့်နေသော လူအုပ်ကြီးကြားထဲမှ ခပ်ရှက်ရှက်ဖြင့် တိုးထွက်လိုက်သည်။ ငြိမ်းဝေ ခိုင်ခန့် နောက်မှ အပြေးတစ်ပိုင်းဖြင့်လိုက်လာ၏။

ခိုင်ခန့် ရှက်လိုက်တာမှ ပြောဖွယ်ရာပင်မရှိ။

ခုမှပင် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ကာ နောင်တတွေအကြီးအကျယ်ရနေတော့သည်။ သူများတွေကို ရိုက်စားလုပ်ခဲ့သမျှ ခုတော့ ကိုယ့်ကို လူမမယ် အရွယ်ကလေးကပြန်ပြီး ရိုက်စားအလုပ် လုပ်လိုက်သည်။ အမှန်ဆိုရင် ဒီကလေးအပြစ်မဟုတ်. . . ငွေလေး ငါးထောင်ကြောင့် ကိုယ့်အဖြစ်က စားခွက်လုသလို ဖြစ်သွားရပြီ။

ရှက်ဖွယ်ကောင်းပါဘိ ကိုယ့်မျက်နှာကို ပေတစ်ရာလမ်းမနှင့်သာ အကြိမ်တစ်ထောင် လွဲရိုက်ပစ်ချင်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၀ )

"**အား**. . နာတယ်ကွ၊ ဖြည်းဖြည်းလုပ်ပါ မင်းကလည်း သောက် ရမ်းပဲ"

"ဟ. . ကြပ်ထုပ်ထိုးတာပဲ အဲလောက်တော့ရှိမှာပေါ့၊ ဟွန်း တိုယ့်ဟာကို လက်ဖက်ရည်ဆိုင်ထဲက ထိုင်ကြည့်ရင်ပြီးနေတဲ့ကိစ္စ နန့် ကြောဆွဲပြီး အနီးကပ်သွားကြည့် ဒီကြားထဲ လောဘကလည်း တက် သေးတာကိုး၊ အံ့ဩပါရဲ့ ကလေးနဲ့အပြိုင် ပိုက်ဆံသွားလုကောက် နေရတယ်လို့ ဟိုကောင်မလေး မင်းအပေါ် ဘယ်လောက်အထင်သေး သွားမလဲ မစဉ်းစားမိဘူး မဟုတ်လား"





ကလေးအတွက် လျှောက်နင်းသော ခိုင်ခန့်ကို ငြိမ်းဝေမှာ အပြစ်တင်၍မဆုံး။

"ငါလည်း ပိုက်ဆံလုဖို့ ရည်ရွယ်တာမှမဟုတ်တာ၊ ငါ့ တည့် တည့်ကို ကျလာလို့ ငါရမ်းသမ်းပြီးဖမ်းလိုက်တာ ငါ့လက်ထဲ ရောက်ပြီးမှ ပြန်ကျသွားတာကို အဲဒီသောက်ကောင် နောလေးက လုမ်းကောက် လိုက်တာ"

"အေးပေါ့ ကလေးကတော့ ကြလိုက်တဲ့ပိုက်ဆံလို့ပဲ ထင်ပြီး ကောက်လိုက်တာနေမှာပေါ့၊ ဒါကို မင်းက အလျှော့မပေးပဲ ကိုယ့် သားအရွယ်ကလေးနဲ့ အပြိုင်ပြန်လုနေတာ ရှက်ဖို့တောင်ကောင်းသေး"

"ငါလည်း အဲဒီတုန်းက ရှက်ရမှန်း ဘယ်သတိထားမိမလဲကွ မျက်စိထဲမှာ ငါးထောင်တန်ကိုပဲ မြင်တာကိုး"

"လောဘဆိုတာ နေရာဒေသကို ကြည့်ပြီးမှတက်ရတယ်ကွ ခုတော့ မွေးကင်းစကြောင်ကလေး အစာလုမှာစိုးလို့ မာန်ဖီနေတဲ့ ကြောင်ထီးကြီးလို ကြည့်ရတာ ဘယ်လိုမှ အမြင်မကောင်းဘူး"

"ငြိမ်းဝေ ဖုန်းလာတယ်"

သီတာဦး ကုန်ခြောက်ဆိုင်မှ ဒေါ်အေးသန်းဖုန်းလာခေါ် တော့မှ သူငယ်ချင်းနှစ်ယောက် စကားဝိုင်းရပ်သွားတော့၏။

"ဟုတ်ကဲ့ ဒေါ်အေးသန်း ဘယ်သူတဲ့လဲ"

"မသိဘူး မိန်းမတစ်ယောက်ရဲ့အသံပဲ. . ရော့ အမြန်ပြော ဆိုင်မှာ ဘယ်သူမှမရှိဘူး"

"ဒါဆိုလည်း ပြောပြီးရင် ကျွန်တော်လာပေးမယ်ဗျာ"

ငြိမ်းဝေ ဒေါ်အေးသန်းလှမ်းပေးသော ဟမ်းဆက်ကိုလှမ်းယူ



www.burmeseclassic.com

www.burmeseclassic.com



"သူ့ရဲ့ ခွဲပစ်ပစ် ချိအီအီစကားသံတွေကို နားထောင်ပြီး ငါလေ တော်ဖီသောက်ရင်တောင် သကြားထည့်မသောက်တော့ဘူး၊ အဲဒီ လောက်ထိ ချိုချိုအီအီတွေကို ကြောက်သွားတာ၊ ဘယ်လိုမှခွာထုတ်လို့ ရမယ့် မိန်းမကြီးမဟုတ်ဘူး"

ငြိမ်းဝေ ထမင်းပန်းကန်ထဲကို ငပိရည်ဆမ်းကာ နယ်လိုက်ပြီး စိတ်မသက်သာစွာ ပြောသည်။ ခိုင်ခန့်ကြက်ဥပန်းကန်ထဲမှာ ကြော်ထား သောကြက်ဥတစ်ချပ်ကို ငြိမ်းဝေပန်းကန်ထဲသို့ ထည့်ပေးလိုက်သည်။

"ဒီလောကမှာ ကြောက်စရာအကောင်းဆုံးမိန်းမက ဒိတ်လွန် နေတဲ့အပျိုကြီးတွေရယ် တစ်လင်ကွာတစ်ခုလပ်နဲ့ မုဆိုးမတွေပဲကွ၊ သူတို့လက်ထဲကိုရောက်တဲ့ ယောကျ်ားဆိုရင် ဘယ်သူမှ အလွတ်မပေး တော့ဘူး"







"အခု ဒီအဘွားကြီး အခြေအနေသိပ်မကောင်းတော့ဘူးထင် တယ်ကွ၊ ဒီအိမ်ကို သိန်းနှစ်ရာနဲ့ ပေါင်ထားတယ်ဆိုလားပဲ"

"မင်းကို ဘယ်သူပြောလဲ"

"သူတို့ဖဲသမား အချင်းချင်းပြောသံကြားတာ၊ နောက်ပြီး မင်း ကောင်မလေးကိုလည်း ဘောစိတစ်ယောက်နဲ့ ပေးစားမလို့တဲ့"

ငြိမ်းဝေစကားကြောင့် ဝါးနေသော ထမင်းလုတ် လည်ချောင်း ထဲမှာ တစ်ဆို့သွား၏။ မျက်လုံးအနည်းငယ်ပြူးသွား၏။

"ဘာ. . မိုးရိပ်ကို ယောကျ်ားပေးစားမလို့ ဟုတ်လား"

"ဟုတ်တယ် ဘောစိကြီးက သူနဲ့ဆိုရင် ရွယ်တူဆိုလားပဲ"

"ဒါဆိုလည်း သူပဲယူလိုက်ပေါ့ကွာ၊ ကိုယ့်သမီးအပျိုစင် နုနု ထွတ်ထွတ်လေးကိုများ ပေးစားနေရသေးတယ်. . တောက်. . ဘယ် လို မအေမျိုးလည်းမသိဘူး အံ့သြတယ်"

"ဟာကွာ. . ဟိုဘောစိက သူ့လိုရုပ်ကြမ်းကြီးကို ကြိုက်မလား ကွ၊ မင်းကလည်း ဒီခေတ်အဘိုးကြီးတွေက သမီးအရွယ်လောက်တွေ ကိုပဲ ကြိုက်တာ"

"ဘာပဲဖြစ်ဖြစ် ငါ မိုးရိပ်ကို အဆုံးရှုံးမခံနိုင်ဘူး၊ ကိုယ့်ချစ်သူ ကို ဘယ်သူ့လက်ထဲမှ အပါမခံနိုင်ဘူးကွာ"

"ဒါဆို မင်းနည်းလမ်းရှာပေါ့၊ ငါတို့ရဲ့ သက်တမ်းတစ်လျှောက် မှာ သူများတွေအပေါ်မှာ လုလည်ကျပြီး စားလာတာဆိုတော့ ဒီဘဝကြီး နဲ့တော့ မင်းချစ်သူကို ဂုဏ်မငယ်စေနဲ့ပေါ့ကွာ"

အလေးအနက်ပြောနေသော ငြိမ်းဝေစကားကို ခိုင်ခန့် အာ ပြည့်အဝထောက်ခံစွာဖြင့် ခေါင်းကိုတဆတ်ဆတ်ညိတ်လိုက်ပြီး ဘဝတို့



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်..ဘိုင့်.."

ငြိမ်းဝေ အီလည်လည် အသံကြီးနှင့်သာ ဘိုင့် လုပ်လိုက်တာ ချက်နှာတစ်ခြင်လုံးတာတော့ စိတ်ပျက်လွန်းလို့..ကားဘီးအောက် ဝင်အိပ်ချင်တဲ့ရုပ်..။

"ကဲ..ဘယ်လိုလဲ..ငြိမ်းဝေ..ဒီမိန်းမကြီး အထာကတော့ မင်းမဆွတ်လည်း သူကတော့ အတင်းညွှတ်ပြီး အပီဆွဲစားမယ့်ပုံနော် ငါတော့တွေးကြည့်ရုံနဲ့ ကြက်သီးထတယ်.."

"ငါလည်း ကြက်သီးထတာပါပဲကွာ..ဒါပေမဲ့ လောလောဆယ်မှာ အိမ်လခအများကြီး မပေးရဘဲနဲ့ အလကားနီးနီး နေရမယ့် အိမ်မျိုး လိုအပ်တယ်လေကွာ၊ ဒီမိန်းမကြီးကို အလိုက်အထိုက်တော့ ဆက်ဆံရမှာပေါ့ကွာ..ဒီမိန်းမကြီးက အမြှောက်ကြိုက်တာ မင်းလည်း အသိပဲ..အဓိက,က အနေအစားချောင်ဖို့ပဲ မဟုတ်လား၊ သူကတွေ့ မရှောင်ဆိုရင် ငါကတွေ့ရှောင်လိုက်ရုံပေါ့..ဟား..ဟား..ဟား"





# အခန်း ( ၁၁ )

"မမေ..ဒီနေ့ ဘာစိတ်ကူးနဲ့များ..ဟင်းတွေဘာတွေ ဝင်ချက်နေရတာလဲ.."

မနက်အစောကြီးကတည်းက ကိုယ်တိုင်ဈေးသွား မီးဖိုခန်းဝင်တာ ,စီမံချက်ပြုတ်နေသော မိခင်ကိုကြည့်၍ မိုးရိပ်အံ့အားသင့်နေသည်။ ထို့ကြောင့်နှုတ်အငြိမ်မနေဘဲ မေးလိုက်မိခြင်းဖြစ်သည်။

"ဒီနေ့ ဟိုဘက်အိမ်ကို..မေမေ့ ကောင်လေးတစ်ယောက် ပြောင်းလာလိမ့်မယ်.."

မေမေ့ ကောင်လေးဆို၍..မိုးရိပ် နှုတ်ခမ်းလေးဟသွားတာ



www.burmeseclassic.com

www.burmeseclassic.com



မိခင်ဖြစ်သူကို မျက်ဝန်းဝိုင်းလေးဖြင့် စူးစမ်းလိုက်သည်။

"အိမ်ငှား မဟုတ်ဘူးလား . ."

"ဟုတ်တော့ ဟုတ်တယ်. . ဒါပေမဲ့ မေမေတို့က ပိုပြီးရင်းနှီးကြတယ်၊ မေမေ့ကို အရမ်းအလိုက်သိတယ်. . ပြောရရင် အိမ်စီကလီ လုပ်ချင်နေတယ်ပေါ့. ."

မိုးရိပ်. . ရင်ထဲမှပဲ ခပ်တိတ်တိတ် ဘုရားတလိုက်သည်။ ဒီအသက် ဒီအရွယ်ကြီးနှင့် ကောင်လေးတစ်ယောက် အိမ်စီကလီ လုပ်တာကို အသာတကြည် လက်ခံနေတယ်ပေါ့။ မိုးရိပ်ကိုကျတော့ ဟိုလူနဲ့စကားမပြောရ ဒီလူနဲ့ စကားမပြောရ၊ ဟိုမသွားရ ဒီမသွားရဆိုတဲ့ ချုပ်ချယ်မှုမျိုးတွေနဲ့ အိမ်ခေါင်းထဲမှာပဲ ထည့်ထားသည်။

မေမေကျတော့ တစ်နေ့တစ်နေ့ ပါတီသွားလိုက် ဂျင်ဝိုင်းသွားလိုက် ပိုကာဝိုင်းသွားလိုက်နှင့် ဖလန်းဖလန်းကို ထနေသည်။ ဒါဟာ တရားပါသလား။ ထို့ကြောင့် မိုးရိပ်၏ ကြည်လင်နေသော မျက်နှာလေးမှာ မကျေနပ်ခြင်းတွေဖြင့် ညိုမှောင်သွားသည်. .။

"မေမေ့ကို အဲဒီကောင်က ယူမှာမို့လို့လား. ."

ခပ်ချဉ်ချဉ် ဖြစ်၍ တမင်ရွဲ့မေး လိုက်ခြင်းဖြစ်သည်။

"မေမေသာ ခေါင်းတစ်ချက်ညိတ်လိုက်. . မေမေ့ ဘဝကို အပိုင်သိမ်းမယ့်ကောင်လေး ဖူးစာပေါ့သမီးရယ်. . အဟင်း. . ဟင်း"

မိုးရိပ် နှုတ်ခမ်းအစုံ တွန့်ကွေးပြီး မဲ့လိုက်သည်။ ဒေါ်ဖန်စီ. . သမီး၏ မျက်နှာရိပ် မျက်နှာကဲမှာ မကျေနပ်သော အရိပ်တွေပါနေသည်ဆိုတာ သိပေမယ့်. . ဝသီအတိုင်း သာသာထိုးထိုးလေးပြောလိုက်ခြင်းဖြစ်သည်။





ဒါမှ. . ငြိမ်းဝေပြောင်းလာသည့် အခါကျရင် သမီးအနေနှင့် ခပ်ကင်းကင်း ခင်စိမ်းစိမ်းနေမှာ ဖြစ်သည်။ ကိုယ့်အကြံကို. . ကိုယ်ပဲ သိသည်။

အမှန်ဆို. . ငြိမ်းဝေဆိုတဲ့ကောင်လေးက ဒေါ်ဖန်စီအတွက်ပဲ။ ဖူးစာဆိုတာ ကြီးသည်ငယ်သည်မရှိ နှလုံးသားချင်း ရင်းနှီးသွားရင် အချစ်တစ်ခုကို စိတ်တူကိုယ်တူ ဖန်တီးလို့ရတာပဲ. . လူက ဘယ်လောက် အိုအို. . ဒေါ်ဖန်စီ ရင်ထဲက စမ်းရေလို စိမ့်ထွက်လာတဲ့ အချစ်က နုပျိုသစ်လွင်ဖို့ပဲလိုတာ မဟုတ်လား . .။

"ပတ်ဝန်းကျင် အမြင်မတင့်အောင်တော့ မလုပ်မိပါစေနဲ့နော် မေမေ၊ ဘာပဲဖြစ်ဖြစ် ဒီအိမ်မှာ မေမေ တစ်ယောက်တည်းနေတာ မဟုတ်ဘူး. . . ကိုယ့်သမီးအပျိုလေး တစ်ယောက်လည်း ရှိသေးတယ်ဆိုတာတော့ ကျေးဇူးပြုပြီး သတိထားပေးပါ မေမေ. ."

မိုးရိပ် မပြောသင့်မှန်းသိပေမဲ့ အမေရဲ့ အနေအထိုင် အပြုအမူ အပြောအဆို စိတ်နေစရိုက် အားလုံးဟာ ထိုသို့မှ ကြိုမပြောထားလျှင်. . အမှားတွေသာ သရဖူဆောင်းပြီး ပတ်ဝန်းကျင်မှာ အရှက်ရစရာတွေနှင့်သာ ကြုံရမှာ သေချာသည်။

"ညည်း ဆရာမလုပ်ပါနဲ့. . ညည်းကို ကျုပ်ကမွေးထားတာပါအေ့"

"သမီးလည်း ဆရာမလုပ်ချင်ပါဘူး မေမေ၊ တချို့ အသေးအဖွဲ့ ကိစ္စလေးတွေမှာတောင် မေမေက လူသိအောင် ဖယားခဲ့ တစ်ရာတစ်ဆယ်လုပ်ပြီး. . မေမေ့ကို လူတွေအာရုံစိုက်အောင် လုပ်တတ်တာ"

"ဘာ. . ငါ့ရဲ့လုပ်ရပ်တွေက လူတွေ အာရုံစိုက်အောင် လုပ်



www.burmeseclassic.com

www.burmeseclassic.com



သလိုဖြစ်နေတယ်. . ဟုတ်လား. . ”

“ဟုတ်တယ်လေ. . ဟိုးတစ်ခါတုန်းကလည်း သမီးပိုက်ဆံအိတ်ထဲက ငွေနှစ်သောင်းနဲ့ သမီးအတွင်းခံအင်္ကျီတွေ ဂျင်းဘောင်းဘီတွေကို အိမ်ဖော် မသန်းခိုးပြီး ထွက်ပြေးတာကို အိမ်ဖော်ခိုးပါတယ် မပြောဘူး၊ ဥက္ကဋ္ဌရော ရပ်ကွက်ထဲက လူတွေပါ သမီးကိုတစ်မျိုးထင်အောင်. . ကျွန်မသမီး အနှိုက်ခံရလို့ပါ. . အတွင်းပစ္စည်းတွေ ပါသွားပါတယ်နဲ့. . ဘာမှန်းကိုမသိအောင် လျှောက်ပြောလိုက်တာ. . လူတွေက သမီးကို တစ်မျိုးတွေထင်ကြရော. . ”

မိုးရိပ်. . တစ်အိတ်ကို တစ်စိတ်လုပ်တတ်သော မိခင်ဖြစ်သူအပေါ် မကျေနပ်နေသော ခံစားချက် အခုမှ ဖွင့်အန်ဖြစ်လိုက်သည်။

“အို. . ဒါကတော့. . ငါက အမှန်အတိုင်းပြောတာပဲ. . သူတို့ဘာသာသူတို့ တလွဲတွေးတာတော့ ကျုပ်လည်းမတတ်နိုင်ဘူး၊ အဲဒီလို ပိုပိုသာသာ ပြောတတ်တာက ကျုပ်စတိုင်ပဲ. . ညည်း ဘာမှ ဝေဖန်စရာမလိုဘူး. . ဒါပဲ၊ ညည်းသာ မောင်လေးငြိမ်းဝေ ပြောင်းလာရင် အနေတတ် အထိုင်တတ်အောင် သတိထား. . ”

“ဟွန်း. . ကိုယ်ထက် အသက်ကြီးတဲ့ မိန်းမကို ပိုင်းလုံးလုပ်တဲ့ယောကျ်ား. . ဝေးသေးတယ် အရေးကိုမလုပ်ဘူး. . ”

မိုးရိပ်. . မကျေမနပ်ဖြင့် ချာခနဲ လှည့်ထွက်ခဲ့ပြီး. . မကြားတကြားပြောသွားသည်။





# အခန်း ( ၁၂ )

“ဟေ့ ကောင်. . ငါတို့နေရမှာ ဒီအိမ်လား. . ဒါ. . ဒါ. . ဟိုကောင် ကျော်ဦးရဲ့ အဒေါ်အိမ်လေ. . ”

“ဟမ်. . ဟုတ်လို့လား မင်းကလည်း၊ အိမ်မှားတာပါကွာ. . ”

“မမှားဘူး. . ဒီအိမ်မှ ဒီအိမ်ပဲ. . ”

သူငယ်ချင်းနှစ်ယောက်. . အိမ်ပြောင်းရန် ငှားလာသော TAXI ကားပေါ်က မဆင်းသေးဘဲ. . ကျော်ဦးအဒေါ်အိမ် ဟုတ်သည် မဟုတ်ဘူးဟု အငြင်းပွားနေကြတုန်း. . အိမ်ထဲမှ ဒေါ်ဖန်စီကြီး ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . မောင်လေး ပြောင်းလာပြီပဲ၊ မမက. . အိမ်ပြောင်းတယ်ဆိုတော့ ကားအကြီးကြီးနဲ့ ပြောင်းလာမယ်ထင်တာ. ."

"တစ်ကိုယ်ရေ တစ်ကာယသမားဆိုတော့လည်း အိမ်ထောင်ပရိဘောဂ အသုံးအဆောင် ဘာမှကိုမဝယ်တော့တာ မမရေ. . ကျွန်တော့်အဖို့ အဝတ်ထုပ်နဲ့ အိပ်စရာအိပ်ရာပါရင် ရပြီလေ. . အဟဲ"

ငြိမ်းဝေ အရှက်ပြေ ဆင်ခြေပေးရင်း အဝတ်တွေထည့်ထားသော လက်ဆွဲအိတ်ကြီးကို ဆွဲပြီး ကားပေါ်မှ ဆင်းလာသည်။ ခိုင်ခန့်လည်း နောက်မှဆင်းလာသည်။

ဒေါ်ဖန်စီ. . ခိုင်ခန့်ကိုတော့ ခရီးဦးကြိုမပြုဘဲ တစ်ချက်သာ လှမ်းကြည့်ပြီး ငြိမ်းဝေကိုသာ ဖောင်ဖွဲ့အောင် စကားတွေပြောနေသည်။

TAXI ဆရာ ကားနောက်ဖုံးကိုဖွင့်ပြီး. . အိပ်ရာထုပ်တွေ ဖျာလိပ်တွေ ချပေးနေသည်။ ခိုင်ခန့် သူ့အဝတ်ထည့်ထားသော ကျောပိုးအိတ်ကို မနိုင်မနင်းလွယ်ရင်း အိပ်ရာထုပ်တွေကိုပါ သယ်ပိုးလိုက်သည်။

"မမ. . ကျွန်တော်တို့ ဘယ်အခန်းမှာ နေရမှာလဲ. ."

"ဩော်. . ဒီဘက်ခြေရင်းက အိမ်ကလေးလေ ဘယ်လိုလဲ သဘောကျတယ် မဟုတ်လား. ."

"ဟုတ်ကဲ့ သဘောကျပါတယ်. . မမ. ."

အိမ်ကလေးက ဘန်ဂလိုလေးလို နေချင်စဖွယ်လေး၊ ဆယ်ပေခန့်သာရှိပေမယ့် သူငယ်ချင်းနှစ်ယောက် ကောင်းကောင်းနေလို့လောက်သည်။





"ဘယ်လိုလဲ ခိုင်ခန့်. . အိမ်ကလေးက နေလို့လောက်တယ် မဟုတ်လား. ."

"ဟာ. . နေလို့လောက်ပါတယ်. ."

"အို. . မောင်လေးရယ် ကိုယ်နေမယ့်အိမ်ကို ကိုယ်သဘောကျဖို့က အဓိကမဟုတ်လား၊ ဘာလို့သူများကို မေးနေရတာလဲ၊ မမကလေ ဒီအိမ်လေ ခုလို အသစ်ကလေးအတိုင်း ပြန်ဖြစ်အောင် ဆေးအသစ်တွေ ပြန်သုတ်ပေးထားတာ. ."

"ကျေးဇူးတင်ပါတယ် မမရယ်၊ ကဲ. . ခိုင်ခန့်. . အိပ်ရာထုပ်တွေ ဟိုဘက်အိမ်ကလေးကို ပို့ပြီးနေရာချလိုက်တော့၊ ငါမမနဲ့ စကားပြောလိုက်ဦးမယ်. ."

"အိုကေ. . အေးဆေးပြော သူငယ်ချင်း၊ ငါပစ္စည်းတွေ နေရာချပြီးတာနဲ့ ဝါးတီးဆွဲဖို့ ပြေးဝယ်လိုက်မယ်. ."

"ဟယ်. . ဝါးတီးဆွဲဖို့. . မမက အဆင်သင့်ပဲ ကြိုစီစဉ်ထားပါတယ်ကွယ်၊ တကူးတက ထွက်ဝယ်မနေပါနဲ့. ."

ဒေါ်ဖန်စီ သဒ္ဓါတွေလွန်လေ ငြိမ်းဝေမှာ ကျောထဲ စိမ့်ခနဲ စိမ့်ခနဲ ဖြစ်သွားရသည်။ နှုတ်မှတော့. .

"အား. . မမရယ်. . အားနာစရာတော့ ဖြစ်ကုန်ပါပြီ၊ မမရဲ့ ကျေးဇူးတွေက များလွန်းလို့ ကျွန်တော်ဘယ်လို ပြန်ဆပ်ရမှန်းတောင် မသိတော့ပါဘူး. ."

ခိုင်ခန့်. . ငြိမ်းဝေ ဖောရှောရိုက်နေတာကို နားထောင်မနေတော့ဘဲ. . အိမ်ကလေးထဲသို့ အထုပ်အပိုးတွေ မနိုင်တနိုင်မပြီး ဝင်ခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ်. . ဒေါ်မြသင်းကြွယ်နှင့် ငြိမ်းဝေကို 'မ'နေသော မမတစ်ယောက်တည်းဖြစ်နေတာ ငြိမ်းဝေအတွက်. . ဒုက္ခတွေထမ်းပွေ့နေသလို ဖြစ်ပေမယ့် ခိုင်ခန့်ကတော့ သူ့သမီး လုံးကြီးပေါက်လှလေးနှင့် နီးနီးကပ်ကပ် နေရတော့မည့်အဖြစ်ကို တွေးပြီး. . ရင်ထဲမှာ တထိတ်ထိတ်နှင့် အခုန်မြန်၍နေသည်။

သန့်ရှင်းသပ်ရပ်နေသော အခန်းတွင်းသို့ဝင်ပြီး ဘာမှရေရေရာရာ မရှိသော တိုလီထွာလီ ပစ္စည်းကလေးတွေကို နေရာချပြီးတာနှင့် အိမ်နောက်ဖေး အခန်းဆီသို့ ထွက်လာလိုက်သည်။

"ဟင်"

နှုတ်မှ အာမေဋိတ်သံ ခပ်တိုးတိုး ပေါ်ထွက်လာသည်။

ခိုင်ခန့် နှလုံးသားကို လှုပ်ခါရမ်းခဲ့သည့် ပေါက်လှမလေး။ ကြည့်ပါဦး. . အုတ်ကန်ကြီးဘေးတွင် စိမ်ပြေနပြေ ရေထိုင်ချိုးနေလိုက်ပုံများ အိုက်စပ်စပ်ဖြစ်နေသော ကိုယ်ပင် ရေချိုးချင်စိတ်တွေ တဖွားဖွား ပေါ်လာသည်။

အတွေးနှင့်အတူ အကြည့်တွေက ဘာရယ်မဟုတ် ရေစိုနေသော ဖွံ့ဖွံ့ထွားထွား ကိုယ်လုံးလေးဆီမှ ခွာမရဘူးဖြစ်၍နေသည်။

ရုတ်တရက်. . အနောက်မှ ခြေသံကြောင့် ကောင်မလေးကို ကြည့်နေရင်းမှ အနောက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

ငြိမ်းဝေနှင့် သူ့မမကြီး။ ငြိမ်းဝေ၏ အကြည့်တွေက ဘာအဓိပ္ပါယ်ကိုမှ မဖော်ဆောင်ပေမယ့်. . သူ့မမကြီး၏ အကြည့်တွေက ခိုင်ခန့်အား မနှစ်မြို့သော အကြည့်ဖြင့် ခပ်စူးစူးကြည့်ကာ. .

"မင်း ဒီမှာ. . ဘာရပ်ကြည့်နေတာလဲ. ."





"ဗျာ"

"ဟိုမှာ ငါ့သမီး ရေချိုးနေတာကို မင်းရပ်ကြည့်နေတာ မဟုတ်လား. ."

"ဟာ. . မ. . မဟုတ်ပါဘူးဗျာ၊ မီးဖိုခန်းတံခါး ဖွင့်ကြည့်တာယ်ဆိုတာ. . အိမ်သာတွေ ရေချိုးတဲ့နေရာတွေ ဘယ်မှာလဲဆိုတာ သိချင်ရုံသက်သက်ပါ။ အဒေါ်ကြီးသမီးကို ချောင်းကြည့်တာမဟုတ်ပါဘူး. ."

ဒေါ်ဖန်စီ အဒေါ်ကြီးဟု ခေါ်ခံလိုက်ရသဖြင့် မျက်နှာကြီး ညိုပုပ်သွားကာ. . ငြိမ်းဝေရှေ့မှာ သူ့ဇာတိရုပ်မပေါ်အောင် မနည်းထိန်းနေရသည့်ပုံစံဖြင့်. . .

"ဒီမှာ. . ကောင်လေး၊ မင်းသူငယ်ချင်းကို အိမ်လိုက်ပြောင်းပေးပြီးပြီမဟုတ်လား။ ဒီတော့ အခုအားလုံးနေရာချပြီးသွားပြီဆိုတော့ မင်းလည်း ပင်ပန်းရောပေါ့ ပြန်လို့ရပါပြီ. ."

"ဗျာ. . ဟင်. ."

"မင်း နားမကောင်းဘူးထင်တယ်. ."

ခိုင်ခန့်ကို အတင်းနှင်လွှတ်နေသော ဒေါ်ဖန်စီကို ကြည့်ပြီး ငြိမ်းဝေ ခေါင်းတကုတ်ကုတ်ဖြင့် ဘယ်ကစပြီး ပြောရမှန်းမသိအောင် အခက်တွေ့နေသည်။ ခိုင်ခန့်ကတော့ မျက်လုံးအပြူးသားဖြင့် ငြိမ်းဝေကိုတစ်လှည့် ဒေါ်ဖန်စီကိုတစ်လှည့် ကြည့်ပြီး. . မျက်နှာငယ်လေးဖြင့် ကြောင်စီစီလေး ရပ်နေရှာသည်။

"ဟိုလေ. . မမ. . သူနဲ့ ကျွန်တော်နဲ့က အတူတူနေတာပါ အခု ပြောင်းလာတော့လဲ အတူတူပဲလေ. ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ဒါဆို. . သူလည်း ဒီမှာနေမှာပေါ့ ဟုတ်လား ငါ့မောင်. ."

"ဟုတ်ပါတယ် မမ ကျွန်တော့်သူငယ်ချင်းက ရိုးပါတယ်. . တဗျာဆရာပါ"

ဒေါ်ဖန်စီ မျက်စိပျက် မျက်နှာပျက်ဖြင့် ခေါင်းခါ၏။

"မဖြစ်ဘူးထင်တယ်. . ငါ့မောင်. . မမက ငါ့မောင်တစ်ယောက်တည်းကိုပဲ ဒီကိုပြောင်းလာဖို့ ခေါ်တာ၊ မင်းကလွဲပြီး မမ တခြားယောက်ျားလေး လက်ခံလို့မဖြစ်ဘူး. ."

"ဘာ. . ဘာဖြစ်လို့လဲ. . မမ. ."

"မမမှာ သမီးပျိုလေးနဲ့ကွယ့်၊ သူစိမ်းယောက်ျားလေးနဲ့ နီးနီးတပ်ကပ်နေဖို့ မသင့်တော်ဘူး. ."

ခိုင်ခန့် ဒေါ်ဖန်စီကြီးကို ကြည့်ပြီး ရူးများနေပြီးလားဟု စိတ်ထဲမှာ ပြစ်ပြစ်နှစ်နှစ် ဝေဖန်လိုက်သည်။

ကိုယ့်ကိုကျတော့ သူစိမ်းယောက်ျားတဲ့. . ငြိမ်းဝေကရော သူစိမ်းယောက်ျားမဟုတ်လို့ သူ့လင်လား၊ တော်တော် လက်ပေါက်တပ်အောင်ပြောတဲ့ မိန်းမကြီး. . လင်တရူးမကြီး. . တဏှာရူးမကြီး။

ခိုင်ခန့်စိတ်ထဲမှ ပယ်ပယ်နယ်နယ် ကျိန်ဆဲလိုက်သည်။

"မမရယ်. . ကျွန်တော့် သူငယ်ချင်းက အဲဒီလို ရှုပ်ရှုပ်ယှက်ယှက်မျိုး မလုပ်ပါဘူး၊ သူနဲ့ကျွန်တော်နဲ့က ရန်ကုန်တက်လာကတည်းက အတူနေအတူစားလာတာ၊ ကျွန်တော့်မိဘတွေကလည်း သူပါလို့သာ ရန်ကုန်ကိုလာပြီး စီးပွားရှာခွင့်ပြုတာ၊ သူနဲ့ သတ်သတ်စီ နေခဲ့ရင်. . ကျွန်တော်ကို နယ်မှာပဲ ပြန်ပြီးစီးပွားရှာဖို့ခေါ်မှာ"





ငြိမ်းဝေ. . မရှိတဲ့ မိဘကို အကြောင်းပြလိုက်သည်။ ဒီတော့ ဒေါ်ဖန်စီတစ်ယောက် ငြိမ်သွားသည်။ စောစောကလောက် မျက်နှာကြောမတင်းတော့။ ခိုင်ခန့်ကိုပါ မလွဲသာလို့ မျက်နှာထောက်ပြီး ထားရသည်ဆိုသည့် အနေအထားနှင့် သက်ပြင်းကို ဟင်းခနဲချလိုက်ပြီး. .

"အေးလေ. . မင်းတို့က အတူနေတဲ့သူငယ်ချင်းတွေဆိုတော့လည်း မောင်လေးမျက်နှာကြောင့် မမဘာမှမပြောတော့ပါဘူး၊ အဲ. . အရင်ကတော့ ငါ့မောင်တစ်ယောက်တည်းမို့ အိမ်လခတောင်ယူဖို့ စိတ်မကူးဘူး. . ဒါပေမဲ့ အခုတော့ ဒီကောင်လေးတစ်ယောက်စာတော့ ပေးရမယ်၊ တစ်ယောက်ကတော့ အလကားရမယ် တစ်ယောက်ကိုတော့ အလကားမရဘူး၊ နှစ်ယောက်စလုံးဆိုရင် မမလည်း မနိုင်ဘူးလေ၊ သူများ ပြောစရာဖြစ်မှာမို့လို့ပါ"

အနှောင့်အသွားမလွတ် ပြောနေသောစကားကြောင့် ငြိမ်းဝေရော ခိုင်ခန့်အတွက်ပါ ဖင်ကြောရှုံ့စရာ. . .

"ဟာ. . ကျေးဇူးတင်ပါတယ်မမရာ၊ ကျွန်တော့်သူငယ်ချင်းကြောင့် မမစိတ်အနှောင့်အယှက် လုံးဝမဖြစ်စေရပါဘူးလို့ လုံးဝကတိပေးပါတယ်၊ လစာကိုလည်း မမကြိုက်သလောက် တောင်းပါ"

"အေးလေ. . အဲဒါကိုတော့ ညကျမှ အေးအေးဆေးဆေး ဈေးညှိကြတာပေါ့"

"ဟုတ်ကဲ့ပါ"

"ကဲ. . ကဲ. . မင်းစားဖို့အတွက် မမသွားပြီးပြင်ဆင်လိုက်ဦးမယ်၊ အဆင်သင့်ဖြစ်ရင် လှမ်းခေါ်လိုက်မယ်"

ဒေါ်ဖန်စီ ညုတုတုလေသံဖြင့်ပြောပြီး ငြိမ်းဝေရှေ့က ပဲတွေ



www.burmeseclassic.com

www.burmeseclassic.com



မလိုင်တွေ အပြည့်ခင်းကာ ဆင်မယဉ်သာလေး လျှောက်သွား၏။

အဲ. . သွားကာနီး ထွက်ခပ်ခတ်သည့်အနေဖြင့် ခိုင်ခန့်ကို မကျေမနပ် ဘုကြည့်ကြည့်သွားသေးသည်။ သူမ အပြင်ရောက်သွားမှ သူငယ်ချင်းနှစ်ယောက် မထွေးနိုင်မအန်နိုင်ဖြင့် ခွက်ထိုးခွက်လှန် ရယ်လိုက်ကြသည်။

"ဟွန်း. . တော်တော်တုတ်ကြောင်တဲ့ မိန်းမကြီး၊ ဘာလိုလိုနဲ့ ငါ့သူငယ်ချင်း ငြိမ်းဝေတောင် စပွန်ဆာတွေဘာတွေရနေပြီပဲ၊ အဟတ် ဟားဟားဟား. . ငါကလည်း ကဗျာဆရာ ဖြစ်သွားပြီ"

"ဟေ့ကောင် မနောက်နဲ့ ငါကျော်ချမ်းလွန်းလို့ပါကွာ မဖြစ်ဘူး. . မဖြစ်ဘူး ငါတို့သူငယ်ချင်းနှစ်ယောက် အလုပ်တစ်ခုကို အခြေတကျလေးလုပ်ပြီးတာနဲ့ တခြားနေရာကို ပြောင်းကြရအောင်နော်"

"ဟာ. . မင်းကလည်း အလုပ်ရှာပြီး လုပ်တာကိုတော့ ငါလက်ခံတယ်နော်၊ ဒါပေမဲ့ ဒီကတော့ မပြောင်းပါနဲ့ဦးကွ ဖူးစာရေးနတ်က ငါ့ကောင်မလေးနဲ့တွေ့အောင် ငါ့ကိုဒီနေရာကိုလွှတ်ခဲ့တာ၊ ပေးတဲ့အခွင့်အရေးလေးကိုတော့ ငါအကျိုးရှိရှိအသုံးချပါစေဦး"

"မင်းက သူ့ကို တကယ်အတည်လား ဘာလုပ်ကျွေးမှာလည်း မင်းရဲ့ ပင်ကိုယ်စရိုက်ကိုသာသိရင် အဲဒီကောင်မလေး မင်းကို လှည့်ကြည့်မှာမဟုတ်ဘူး"

"ငါလည်း စဉ်းစားမိပါတယ်၊ ဒါကြောင့် ငါ့ဘော်ဒါတစ်ယောက်ရဲ့ ဆောက်လုပ်ရေးလုပ်ငန်းမှာ ရတဲ့နေရာက ဝင်လုပ်မယ်ကွာ ပိုက်ဆံစုမယ် ဒီကြားထဲ သူနဲ့ငါ ချစ်သူဖြစ်အောင် ငါကြိုးစားမယ်၊ ဖြစ်ပြီဆိုတာနဲ့ ဒီအိမ်ကလည်းပြောင်း ကောင်မလေးကိုလည်း တစ်ခါ





တည်းသုတ်ပဲ"

ခိုင်ခန့် ကိုယ့်တွက်ကိန်းနှင့်ကိုယ်တော့ ရင်ချောင်နေသည်။ သူ့အပြုံးသူ့စကားလုံးတွေမှာ မျှော်လင့်ချက်ရောင်စဉ်တွေက ဖျတ်ဖျတ်လတ်လျက် ရင်ထဲမှကဗျာတစ်ပုဒ် ဖတ်နေရသလို ရင်ခုန်သံတွေက ရှမ်းအိုးစည်သံတွေလိုပဲ နှောင်းပေနှောင်း နှောင်းပေနှောင်းနဲ့. . .။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၃ )

ထမင်းစားပွဲလေးက ဖွန်းသံပန်းကန်ခွက်ယောက်သံတွေဖြင့် သံစုံတီးဝိုင်းလေးလို ဖြစ်နေသည်။ စုံလင်လှသော ဟင်းဝိုင်းကြီးကို ကြည့်ပြီး ခိုင်ခန့်နှင့်ငြိမ်းဝေ ပို၍ပင် ဗိုက်ဆာလာသည်။ ရနံ့စုံသော ဟင်းနံ့တွေကြောင့် ဗိုက်ထဲမှာ တဂွီဂွီအသံတွေက ထိမ်းမနိုင်သိမ်းမရ။

"ကဲ. . လာ. . ထိုင်ကြ"

ဒေါ်ဖန်စီထံမှ အမိန့်ကျသည်နှင့် ငြိမ်းဝေနှင့်ခိုင်ခန့်ထိုင်ခုံမှာ အေးချင်းယှဉ်၍ ထိုင်လိုက်သည်။ ဒေါ်ဖန်စီ ငြိမ်းဝေဘေးကပ်လျက် ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။ ဒေါ်ဖန်စီကိုယ်မှ ရေမွှေးရနံ့တွေက ဟင်း





နံ့တွေနှင့်ရောသွား၍ ငြိမ်းဝေဟင်းရနံ့တွေကို နှမြောသွားမိသည်။

ရေမွှေးကန်ထဲ ခုန်ချလာသလားဟု ထင်ရလောက်အောင်တို့ ရနံ့ကြီးက စူးရှလွန်းနေ၏။ အိုဗာတွေဖြစ်နေသော သူ့အမေကို မိုးရိပ် စိတ်ပျက်စွာကြည့်လိုက်ပြီး သက်ပြင်းခပ်တိတ်တိတ်ချလိုက်သည်။

"ကဲ. . စားကြရအောင်နော်၊ မမလက်ရာကိုစားပြီးရင် နောက် ထပ် စားပြီးရင်း စားချင်သွားမယ်ကွယ့်"

"ဩော်. . ဒါနဲ့ ကျွန်တော်တို့ကို မမရဲ့မိသားစုနဲ့ မိတ်ဆက်ပေး ဦးလေ၊ ကျွန်တော်တို့က မမအရိပ်မှာ စပြီးခိုလှုံရပြီးဆိုတော့ မိသားစုနဲ့ ရင်းနှီးထားသင့်တယ်"

ငြိမ်းဝေ စားကောင်းအောင် စကားကြွယ်လိုက်ခြင်းဖြစ်သည်။

"ဒါပေါ့ မိတ်ဆက်ပေးရမှာပေါ့၊ ဒါက မမရဲ့တစ်ဦးတည်းသော သမီးလေး. . မမတို့မှာ ဒီသားအမိနှစ်ယောက်ထဲရှိတယ်လေ"

ငြိမ်းဝေ မိုးရိပ်ကို ခေါင်းလေးတဆတ်ဆတ်လုပ်ရင်း ပြုံးပြ၏။ မိုးရိပ်ခပ်တည်တည်မျက်နှာပေးဖြင့် အရယ်အပြုံးမရှိဘဲ ငြိမ်းဝေကို စွေကြည့်သည်။

ငြိမ်းဝေ ရယ်နေသောမျက်နှာကို အမြန်မျက်နှာပိုးသတ်ပြီး အကြည့်လွှဲလိုက်သည်။ ဒီကောင်မလေး သူ့အမေကို ဇယားချနေတဲ့ ငချူကောင်လို့ ထင်နေလို့ ခုလိုဆက်ဆံလိုက်တာဟု ငြိမ်းဝေ တထစ် ချတွေးလိုက်သည်။

"မင်းက ကဗျာရေးတာဆိုတော့ အိမ်မှာပဲ အနေများမှာပေါ့ ဟုတ်လား"

မနှစ်မြို့သော အထက်စီးနင်းသံဖြင့် မေးလိုက်သော ဒေါ်ဖန်စီ



www.burmeseclassic.com

www.burmeseclassic.com



စကားကြောင့် ခိုင်ခန့်ပါးစပ်ထဲရောက်ခါနီး ထမင်းလုပ် လမ်းခုလပ်တွင် ရပ်သွားကာ ဒေါ်ဖန်စီကို လှမ်းကြည့်လိုက်ပြီး. . .

"ကဗျာရေးတယ်ဆိုတာ အပျင်းပြေပါမမ. . ကျွန်တော်က ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုမှာ တာဝန်ခံပါ"

"ရှင်က ကဗျာရေးတတ်တယ်. . ဟုတ်လား"

"နည်းနည်းပါးပါးပါ"

"မဂ္ဂဇင်းတွေမှာရော ပါဖူးလား"

"အင်း. . လွန်ခဲ့တဲ့ သုံးလေးနှစ်လောက်တုန်းက မဟေသီတို့ အမြုတေတို့မှာတော့ ပါဖူးတယ်"

ခိုင်ခန့် ရှိုးလက်စနဲ့ မှင်သေသေဆက်ရှိုးနေ၏။ မိုးရိပ်က လည်း တကယ်ယုံကြည်ဟန်ဖြင့် ခိုင်ခန့်ကို တလေးတစားဖြင့် အထင် ကြီးသော အကြည့်ဖြင့်ကြည့်သည်။

"ကလောင်နာမည်ကရော"

"ချစ်လေးမောင်"

"ဟင်. . ကလောင်နာမည်ကလည်း စီးပိုးလိုက်တာ"

မိုးရိပ် ပြုံးမြမြလေးဖြင့် ခိုင်ခန့်ပါးစပ်ထဲ တွေ့ကရာ ပြောလိုက် သောနာမည်ကို ဝေဖန်၏။

"မိုးရိပ်က အရင်က မဟေသီမဂ္ဂဇင်းတွေဖတ်တယ်၊ အင်းလေ အမှတ်တမဲ့လည်း ဖြစ်နေမှာပေါ့. . ဒါနဲ့ ဘယ်နှစ်ပုဒ်ပါဖူးလဲဟင်"

"ခြောက်ပုဒ်"

"ရှန် "

"ဟင်. . ဖလူး. . အွန့်. . အဟွတ်. . အဟွတ်"





ဒေါ်ဖန်စီ ဟင်းရည်ကိုဇွန်းဖြင့် ခပ်သောက်နေရင်း ခိုင်ခန့် ထမင်းဝါးကာပြောလိုက်သော ပလုံးပထွေးဖြေသံကြောင့် ဟင်းရည်သီး သလိုဖြစ်သွားသည်။ ထို့နောက် သူ့ရင်ဘတ်ကိုထုရင်း. . .

"မင်း ဘယ်လိုပြောတာလဲ"

"ဗျာ. . ကျွန်တော် ဘာပြောလို့လဲ"

"မင်းပြောတာ မင်းမသိဘူးလား၊ မင်းစကားက အဓိပ္ပါယ်အ မျိုးမျိုး ကောက်လို့ရတယ်ကွ"

"ဟာ. . မမ တလွဲမတွေးပါနဲ့၊ ကျွန်တော်က ခြောက်ပုဒ်မို့လို့ ခြောက်ပုဒ်ပြောတာပါ၊ ကဲ. . ဒါဆိုလည်း ပြောင်းဖြေမယ် ခြောက်ကြိမ် လို့ ကျေနပ်ပြီလား"

"ဟွန်း. . စကားကို အနှောင့်အသွားမလွတ် ပြောတယ်"

ဒါတောင် ဒေါ်ဖန်စီ တွတ်ပွတွတ်ပွပြောနေတုန်း၊ မိုးရိပ် အူနွ နေသောမိခင်ကို ကြည့်ပြီး ပြုံးရုံသာပြုံးလိုက်ကာ ခိုင်ခန့်ကို စကား တစ်ခွန်းစရန် နှုတ်ခမ်းပြင်လိုက်သည်။

"ကျွန်မ ရှင့်ကို တစ်နေရာမှာ မြင်ဖူးသလိုပဲ. . အဲ. . ရှင် ရှင်အရင်က ကျွန်မတို့အိမ်ကို လာဖူးတယ်မဟုတ်လား"

မိုးရိပ်၏ ဇဝေဇဝါအမေးကြောင့် ခိုင်ခန့်မေ့ထားသော အ ကြောင်းအရာတစ်ခုကို ပြန်၍အစဖော်ရတော့မည်။

"သမီး သူကမေမေတို့အိမ်ကို ဘယ်တုန်းကရောက်ဖူးတာလဲ"

"ကြာပါပြီ အကြွေးလာတောင်းတာ"

"ဘာ. . အကြွေးလာတောင်းတာ ဟုတ်လား"

"အဲ. . ဟိုလေ ဟိုတုန်းကတော့ ဟုတ်ပါတယ် မမ၊ အဲ. . .



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ မတောင်းတော့ပါဘူး၊ အားနာလို့ စကားတောင်မဟတာကို ကြည့်"

"နေပါဦး မင်းဆီက ငါဘာအကြွေးမှ ယူမထားပါဘူး၊ ဒါနဲ့များ မင်းက ဘာအကြွေးကို လာတောင်းသေးလဲ"

"ဖဲကြွေးပါ"

"ဘာ"

ထမင်းစားခန်းထဲတွင် ဒေါ်ဖန်စီ၏ ဘာဟူသောအသံ ဟိန်းသွား၍ အနားတွင်ထိုင်နေသော ငြိမ်းဝေပင် ကိုယ်ကို ဆတ်ခနဲ မတ်လိုက်ပြီး အလန့်တကြားကြည့်သည်။

"ဟို . . ဒါက . . ဒီလိုပါမမ ကျွန်တော်ရှင်းပြပါ့မယ်၊ ကျောက်ဆည်၊ ရဲစုရွာက ကျော်ဦးကို မမသိမလား မသိဘူး"

ဒေါ်ဖန်စီ၏ မျက်နှာအရိပ် တစ်မျိုးပြောင်းကာ မျက်မှောင်ကျုံ့လိုက်ပြီး . .

"နေပါဦး မင်းစကားလမ်းကြောင်းက ဘယ်လိုလုပ် ရဲစုရွာကို ရောက်သွားတာလဲ၊ မင်းနော် စကားကိုဝေ့လည်ကြောင်ပတ် မပြောနဲ့ ငါ့ကို နားရှင်းအောင်ပြော"

"ပြောပါ့မယ် ကျွန်တော်ရော ငြိမ်းဝေရော ရဲစုရွာကပါ၊ ကျွန်တော် ပြီးခဲ့တဲ့လလောက်က ရွာကိုခဏပြန်တုန်း ရဲစုရွာက သူငယ်ချင်း ကျော်ဦးက ကျွန်တော့်ဆီက ငွေနှစ်သောင်းချေးပါတယ်၊ ကျွန်တော်ရန်ကုန်ပြန်လို့ သူ့ဆီကငွေကို သွားပြန်တောင်းတော့ ရန်ကုန်က ငါ့အဒေါ်ဆီမှာသွားတောင်းဆိုပြီး နာမည်နဲ့လိပ်စာ ပေးလိုက်ပါတယ်၊ သူလည်း မုန်းကြိုဆက်မယ်လို့လည်း ပြောပါတယ်၊ နောက်ပြီး ဒီပိုက်ဆံက ဖဲဝိုင်း





မှာတုန်းက ချေးထားတဲ့ပိုက်ဆံဆိုရင် ငါ့အဒေါ်သိတယ်လို့ ပြောလိုက်ပါတယ်"

ဒေါ်ဖန်စီမျက်နှာပျက်စွာဖြင့် . . .

"အောင်မလေး ကျော်ဦး ကလိန်ကကျစ်ကောင် အဲဒီဖဲဝိုင်းမှာ တင်တဲ့အကြွေးက မမချေးတာမှမဟုတ်တာ၊ သူ့ဦးလေးအရင်းခေါက်ခေါက် သေသွားတဲ့မမယောက်ျားချေးတာ၊ အမလေး. . ခုတော့ ငါ့ဆီကို မြားဦးလှည့်ပြီး ပြန်တောင်းတယ်ပေါ့"

ဒေါ်ဖန်စီ ငြိမ်းဝေရှေ့မှာ သူ့သရုပ်မှန်ပေါ်သွား၍ အရှက်ကြီးရှက်ကာ တွေ့ကရာဆင်ခြေတွေ လျှောက်ပေး၏။

မိုးရိပ် ဖေဖေ့ကိုအပြစ်တွေပုံချနေ၍ သိပ်တော့ဘဝင်မကျလှ၊ အမှန်ဆို ဖေဖေက မသေခင်အထိတောင် မေမေပိုကာဝိုင်းတွေ လျှောက်ထိုင်တာကို နှစ်မြို့ခဲ့တာမဟုတ် သူကိုယ်တိုင်ဖဲချပ်တွေ ကိုင်ပြီး ကစားဖို့ဆိုတာ ဝေလာဝေးပေါ့။

"ဟို . . အခုမတောင်းတော့ပါဘူး မမ၊ မမနဲ့ ကျွန်တော်တို့ကြားမှာ သူ့စိမ်းဆန်တဲ့ အပြုအမူအပေးအယူတွေမှ မရှိသင့်တာ၊ အရင်က ဒီကောင်လာတောင်းတယ်ဆိုတာ မသိလို့ပါ၊ အခုတော့ အဲဒီကိစ္စကို မမခေါင်းထဲက ထုတ်ပစ်လိုက်တော့ ဟုတ်ပြီလား"

"ဟုတ်ပါတယ် မမ၊ ကျွန်တော်အဲဒီကိစ္စကို မမနဲ့ငြိမ်းဝေ စပြီး ခင်ကတည်းက မေ့ထားတာပါ"

ငြိမ်းဝေကြားထဲမှဝင်ပြီး အခြေအနေမတင်းမာသွားအောင် ညှိနှိုင်းသည့်စကားကို အဆင်ချောအောင် ပြောလိုက်သဖြင့် ဒေါ်ဖန်စီ မျက်နှာမှာ အနည်းငယ်ပြုံးဖျော့၍ သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ထမင်းဝိုင်းလေးမှာ နွေးထွေးစွာ အသက်ပြန်ဝင်သွားသည်။





# အခန်း ( ၁၄ )

"ဟိတ် . . . ကိုခိုင်ခန့်"

"ဟင် . . မိုးရိပ်ပါလား လာလေ"

အိပ်ရာမှထထချင်း မျက်နှာမသစ်သေးဘဲ အိမ်ရှေ့ခန်းတွင် ငူငူကြီးထိုင်နေသော ခိုင်ခန့် . . မိုးရိပ်ကိုမြင်တော့ မျက်နှာပဲပြေးသစ်ရမလို ဆက်ပဲထိုင်နေရတော့မလိုနှင့် ကြောင်တိကြောင်အမ်းဖြစ်နေသည်။

"အို . . သူများကိုကျတော့ လာလေလို့ပြောပြီး သူကျတော့ အိမ်ထဲဝင်ပြေးတော့မယ့်ပုံနဲ့"

"အာ . . မ . . မဟုတ်ပါဘူး၊ ခုမှ အိပ်ရာနိုးပြီး မျက်နှာမသစ်ရ



www.burmeseclassic.com

www.burmeseclassic.com



သေးတော့ မိုးရိပ်ကိုအားနာလို့”

“ဟယ်. . ခုပဲ ဆယ်နာရီထိုးတော့မယ် မျက်နှာမသစ်ရသေးဘူး အိပ်ပုတ်ကလည်းကြီးလိုက်တာ၊ ဘာလဲ ညက ကဗျာတွေစာတွေ ရေးနေလို့လား”

“ဗျာ. . အဲ. . အင်း. . မ. . မရေးတော့ မရေးပါဘူး တွေးပဲ တွေးမိတာပါ”

ခိုင်ခန့် မနက်စောစောစီးစီး မုသာဝါဒတွေကို ကျူးလွန်ရ၏။ ဒီကောင်မလေး ပုံစံကြည့်ရတာ ကဗျာရူး စာရူးလေး ထင်သည်။ ဒါကြောင့်လည်း ငြိမ်းဝေက ကဗျာဆရာလေးလို့ ပြောလိုက်ကတည်းက ဒီကောင်မလေးမျက်နှာ ဝင်းလက်သွားတာ ခိုင်ခန့်သတိထားလိုက်မိသည်ပဲ။

ငြိမ်းဝေကို ဆက်ဆံပုံနှင့်တောင်မတူ ကိုယ့်ကိုဆို သစ်သီးတစ်လုံးလို ချိုမြိန်နေသော စကားသံတွေဖြင့် ကောင်းကောင်းမွန်မွန်ဆက်ဆံသည်။

“ကိုခိုင်ခန့်က ဘယ်ကဗျာအမျိုးအစားတွေကို ရေးတာလဲ အချစ်ကဗျာလား ဘဝရသကဗျာလား ကာရန်မဲ့လား ကာရန်နဲ့လား”

“အဲ. . ကာ. . ကာရန်မဲ့တွေရေးတာပါ”

“အင်း. . ကာရန်မဲ့က ကဗျာရဲ့အနှစ်သာရပိုင်း သိပ်မပါဘူး၊ ရေးမယ့်ရေး ကာရန်ညီတဲ့ကဗျာတွေ ရေးပေါ့”

မိုးရိပ် ကဗျာအကြောင်း စတင်ဆွေးနွေးရန် အရှိန်ယူနေပြီမို့ ခိုင်ခန့် ဘုရားတနေသည်။ တကယ်ဆို ကိုယ်က ကဗျာကိုဘယ်ကစရေးရမှန်းတောင် ဘာမှသိတာမဟုတ် လေးချိုးတို့ ဒွေးချိုးတို့ဆိုတာတောင်





ကြားပဲကြားဖူးတာ။

“မိုးရိပ်ကလေ ကဗျာတွေအရမ်းရေးတတ်ချင်တာ စာရေးတာလဲ ဝါသနာပါတာပဲ၊ ခုဆိုရင်လေ ဝတ္ထုတိုလေးတွေ စမ်းရေးနေပြီ သိလား၊ အဲဒါ ကိုခိုင်ခန့်ကိုပေးပြီးဖတ်မယ်. . မိုးရိပ်အရေးအသားနဲ့ အကြောင်းအရာဆက်စပ်မှု ဇာတ်အိမ်ကျမကျ ဝေဖန်ပေးပါလား၊ ကိုခိုင်ခန့်ကို မိုးရိပ် ဆရာတင်ပါရစေ”

“မြတ်စွာဘုရား. . ဗုဒ္ဓေါ ကယ်တော်မူပါ”

ခိုင်ခန့်စိတ်ထဲမှ ခပ်တိုးတိုးဘုရားတလိုက်မိသည့်အဖြစ်. . ဟိုကောင်ငြိမ်းဝေ ပါးစပ်သရမ်းပြီး လျှောက်ပြောလိုက်တဲ့ ကောင်းကိုးကြောင့် ခုတော့ ပြေးပေါက်ပိတ်နေတဲ့ ယုန်သူငယ်ဘဝကို ရောက်ရပြီ။

“အဟတ်. . မိုးရိပ်က ကျွန်တော့်ကိုစွတ်ပြီး အထင်ကြီးနေပြန်ပါပြီ၊ ကျွန်တော်က မိုးရိပ်ကို သင်ပြဝေဖန်ပေးနိုင်လောက်အောင် စာပေနဲ့ ပတ်သက်ပြီး ဘာမှသိပ်မသိပါဘူး၊ ဖတ်ဆိုရင်တော့ ဖတ်ပေးပါ့မယ်. . ပြီးရင် ကောင်းမကောင်း ဝေဖန်ပေးမယ်၊ အဲ. . ကျွန်တော့်ကို ဆရာတော့ မတင်လိုက်ပါနဲ့”

“ဒီလိုပါပဲလေ ဆရာကြီးအဆင့်တွေက မိုးရိပ်တို့လို စာပေရူးလေးတွေနဲ့လည်းတွေ့ရော ကိုယ့်ပညာကို ကြောင်လက်သည်းဝှက်သလို ဝှက်လိုက်ကြရော”

“ဟာ. . မဝှက်ရပါဘူး မိုးရိပ်လေ့ရယ် ဘုရားစူးရစေရဲ့. . ကိုယ့်ချစ်သူလေးနဲ့ပဲ ချစ်တိုင်းညားရပါစေရဲ့”

“ဟယ်. . ကျိန်တာကလည်း ရယ်စရာကောင်းလိုက်တာ ဒါဆိုရင်တော့. . ကိုခိုင်ခန့် ချစ်သူနဲ့ညားမှာမဟုတ်ဘူး မိုးရိပ်ကိုမသိ



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ကျွန်တော်ချစ်သူဆိုတာ ခုမှ ကျွန်တော်ကချစ်တုန်းသူဘက်တကကျွန်တော်သူ့ကို ချစ်နေမှန်းတောင်သိတာမဟုတ်ဘူး၊ အဟဲ တစ်ဖက်သတ် အချစ်ပေါ့ဗျာ"

"ဟယ်. . သနားစရာကောင်းလိုက်တာ ဒါဆိုလည်းကိုယ့်နှလုံးသားကို ငဲ့ညှာသနားတဲ့အနေနဲ့ တစ်ခါတည်း ဖွင့်ပြောလိုက်ပေါ့"

"ပြောလို့မသင့်တော်ပါဘူးလေ၊ သူနဲ့က ခုမှ ရင်းနှီးမယ်ကြံကာရှိသေးတယ် ပြောရမယ်ဆိုရင် သူ့ကိုစတွေ့ကတည်းက ချစ်မိသွားတာခုနေ ဖွင့်ပြောလိုက်ရင် သူစိတ်ဆိုးသွားမှာ"

"အချစ်ဆိုတဲ့အရာက အချိန်အကြာကြီး ဆွဲဆန့်ထားလို့ကောင်းတဲ့အရာမဟုတ်ဘူး ကိုခိုင်ခန့်ရဲ့ ခင်မင်မှုတွေကိုပဲ ပီကေဝါးသလိုဝါးပြီး ရင်ထဲကအချစ်ကို ထုတ်အံမပြရင် ဒီမောင်မှာ အသည်းကျွမ်းပြလရမ်း ရင်တွေခါ ခင်နွှေကညာ သူများနောက်ပါသွားမှ တစ်ဘဝလုံးလူပျိုကြီး လုပ်နေရမှဖြင့်. . ငှက်ပျောတုံးနဲ့ နှစ်ပါးသွားနေရမှာပေါ့. . အဟင်း. . ဟင်း. . ခစ်ခစ်ခစ်"

"ကျွန်တော် ဖွင့်ပြောလိုက်လို့သူ ကျွန်တော့်ကို ပြန်ချစ်မယ်လို့ မိုးရိပ် အာမခံသလား"

"သြော်. . ကိုခိုင်ခန့်က ရုပ်ခံရှိပြီးသားပဲ အဲဒီမိန်းကလေးမှာ ချစ်သူ မရှိသေးဘူးဆိုရင်တော့ ကိုခိုင်ခန့်အချစ်ကို လက်ခံမှာပါ"

ပျားသကာလိုချိုမြိန်လှသော မိုးရိပ်၏စကားသံချိုချိုလေးတွေနှင့် မြှောက်ထိုးပင့်ကော်စကားတွေရဲ့ မြားဦးက သူ့ဘက်လှည့်လာမည်ဆိုတာ လုံးဝထင်မထားလေသော မိုးရိပ်၏မျက်နှာလေးသည် ခိုင်ခန့်၏ဆန္ဒတစ်စုံကို အပြင်သို့ဖွင့်အန်ထွက်အောင် တွန်းထိုးကန်ကျောက် နေ





ကြ၏။

နှလုံးသားနံရံတွေဟာ ကမ်းပျောက်တဲ့ ပင်လယ်လို ဦးတည်ချက်မဲ့သော လှိုင်းလုံးတွေ တဝုန်းဝုန်းနဲ့ ဆူညံပွက်လောရိုက်ကုန်ကြ၏။

သေချာပြီ ဒီလိုအခြေအနေမျိုးမှာ မိုးရိပ်ကို ရည်းစားစကားပြောဖို့ အကောင်းဆုံး နက္ခတ်အချိန်အခါ ဖြစ်ပေသည်။

ဒီတော့. . ကောင်းမြတ်သော အချိန်အခါကောင်းကို ဝိဇ္ဇာဝိဖြစ်နေစရာမလို ကိုယ့်ကိုအလင်းရောင်ပေးနေတဲ့ နေရောင်ခြည်ကိုမျက်စိစူးလို့ဆိုပြီး မျက်လုံးလွဲသွားတဲ့ လူစားမျိုးလည်း အဖြစ်မခံနိုင်ဝရုန်းသုန်းကားဖြစ်နေသော ရင်ခုန်သံလှိုင်းတွေကို နှစ်သိမ့်လိုက်ပြီး. .

"ကိုယ်မင်းကို ချစ်တယ် မိုးရိပ်၊ ကိုယ်တိတ်တခိုးချစ်နေတာမင်းပဲ"

"ဟမ်. . . ဘာ"

"ဘဝဆိုတာ စက်ဝိုင်းတစ်ခုလိုပဲ မထင်မှတ်တာတွေနဲ့အမြဲလှည့်ပတ်နေတတ်တယ်၊ အဲဒီထဲမှာ အချစ်ဟာ မပါမဖြစ်တဲ့ လူတွေစားသုံးတဲ့ အာဟာရတစ်မျိုးပေါ့၊ ဒါကြောင့် လည်ပတ်နေတဲ့ သံသရာစက်ဝိုင်းကြီးထဲမှာ မင်းရယ်ကိုယ်ရယ် ပြီးတော့ တို့နှစ်ယောက်ရဲ့အချစ်တွေရယ်ကို ရောသမမွှေပြီး သံသရာထဲမှာ ဆက်ပြီးလည်ပတ်ကြရအောင်၊ ဒါဟာ. . ကိုယ့်ဘဝမှာ အနှောင့်တဆုံး အာသီသပဲ ကိုယ်မင်းရဲ့ အချစ်တွေကို အငမ်းမရ ကိုးကွယ်ပါရစေ"

"အဟင်း. . ခစ်ခစ်ခစ်. . အဲဒီစက်ဝိုင်းကြီး ရပ်သွားရင်ရော အငမ်းမရ အချစ်တွေလည်း ရပ်သွားမှာပဲမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီစက်ဝိုင်းကြီးဟာ မင်းနဲ့ကိုယ့်ရဲ့မျိုးဆက် အဆက်တစ်ရာ ရှင်သန်ပေးဖို့အတွက် ဘယ်တော့မှရပ်မှာမဟုတ်သေးဘူး အခန့်မသင့် ရင် နောင်ဘဝတောင်ဆက်ချစ်လို့ရတယ်"

"အို့ . . မချစ်ချင်ပါဘူး ကိုယ်ဟာကိုယ် တစ်ယောက်တည်း ချစ်"

"ဟာ. . အချစ်ဆိုတာ တစ်ယောက်တည်း ချစ်ရတာမဟုတ် ဘူး၊ နှစ်ယောက် ဒါမှမဟုတ် နှစ်ယောက်ထက်ပိုတဲ့ အရေအတွက်နဲ့မှ ချစ်လို့ရတာ"

"ဩော်. . ဒါဆို ရှင်က နောက်ထပ် သုံးလေးငါးယောက်နဲ့ လည်း ချစ်လို့ရသေးတယ်ဆိုတဲ့ သဘောပေါ့"

"ဟာ. . အဲလိုတော့ မဟုတ်ဘူး၊ နှစ်ယောက်ပေါင်း ချစ်လို့ရတဲ့ အချစ်က အင်မတန် ရင်ခုန်ကြည်မွေ့စရာကောင်းတဲ့ (၁၅၀၀)တန် အချစ် နှစ်ယောက်ထက်ပိုပြီး သုံးလေးငါးယောက်မက ချစ်လို့ရတဲ့ အချစ်က စိမ့်စမ်းရေလို အေးမြတဲ့(၅၂၈)အချစ် မိသားစုညီအစ်ကို မောင်နှမ သူငယ်ချင်းအချစ် ဒါကိုပြောတာ"

"ဟွန်း. . တော်ပါ၊ သူများပေးတဲ့ အကြံဉာဏ်ကိုယူပြီး သူများ ကိုပဲ ရည်းစားစကားလာပြောရတယ်လို့၊ ရှင့်လိုအလှူပွဲတွေမှာ ပိုက်ဆံ ကြဲတိုင်း လိုက်လုတဲ့ လူစားမျိုးကို မစဉ်းစားသေးဘူး"

"ဟိုက်. . ဒီ. . ဒီကိစ္စကို မိုးရိပ်သိတယ်ဟုတ်လား၊ ဟာ. . သွားပါပြီကွာ မဟာအရှက်တော်တွေတော့ ဖြန်းဖြန်းကွဲပါပြီ"

ကိုယ့်နဖူးကိုယ်ရိုက်ပြီး ခိုင်ခန့်ရှက်စိတ်တွေ မွှန်နေ၏။ မိုးရိပ် အနားမှ လှစ်ခနဲထသွားသည်။





သူမမျက်နှာလေးပေါ်မှာ ပန်းသွေးရောင်သမ်းလာသော ရှက် ရိပ်လေးတွေ စွန်းထင်းသွားတာ ခိုင်ခန့်အသေအချာ မြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၅ )

"**အား**. . . အမလေး၊ သွား. . သွား. . ဟဲ့"

မိုးရိပ်တို့အိမ်ဘက်မှ မိုးရိပ်၏အလန့်တကြားအော်သံကြောင့် ခိုင်ခန့်ထမင်းပွဲပြင်နေရင်းမှ ကပျာကသီထလာလိုက်သည်။

"မိုးရိပ် ဘာဖြစ်တာလဲ မိုးရိပ်"

အိမ်ရှေ့ခန်းမှာ ဘယ်သူမှရှိမနေ၊ ထို့ကြောင့် အိမ်အတွင်းခန်းဘက်သို့ ခြေလှမ်းကျဲကြီးဖြင့် ဝင်လာလိုက်၏။

"ဒုန်း. . ဝုန်း"

"သွား. . သွား. . မလာနဲ့ အင့်ဟာ"





အသံတွေက မိုးရိပ်အခန်းအတွင်းမှဖြစ်သည်။ ခိုင်ခန့် ဝင်သင့် မသင့် တွေဝေမနေတော့ဘဲ အန္တရာယ်တစ်စုံတစ်ရာနှင့် ရင်ဆိုင်နေရပြီဖြစ်သော မိုးရိပ်အခန်းထဲသို့ အခန်းတံခါးတွန်းဖွင့်ပြီး စွေ့ခနဲ ဝင်လိုက်သည်။

"မိုးရိပ် ဘာဖြစ်တာလဲ"

အခန်းထဲရောက်တော့ မြင်ရသည့်မြင်ကွင်းက ဖရိုဖရဲ ထဘီ ရင်ရှားပေါ် တဘက်ခြုံပြီး ပိုးဟပ်နှင့်ပြေးတမ်းလိုက်တမ်း ကစားနေသူလို အခန်းတွင်း လှည့်ပတ်ပြေးပြီး. . ဝဲပျံနေသော ပိုးဟပ်ကို အကြောက်ကြီး ကြောက်နေသော မိုးရိပ်ကို သနားစရာ တွေ့မြင်လိုက်ရသည်။

"ကိုခိုင်ခန့်. . မိုးရိပ် ပိုးဟပ်ကြောက်တယ်၊ အဲဒီကောင်ကို အခန်းထဲက မောင်းထုတ်ပေး"

အထိတ်တလန့်ဟန်လေးဖြင့် နံရံမှာ ကျုံ့ဝင်မတတ်တွယ်ကပ်ရင်း ကြောက်စိတ်တွေဝေ့နေသောလေသံလေးက သနားစရာ၊ ဒီတော့ ဒီအချိန်မှာ ခိုင်ခန့်ကမိုးရိပ်အတွက် မဟာသူရဲကောင်းကြီးတစ်ယောက်။

'မကြောက်နဲ့ မိုးရိပ်မကြောက်နဲ့ ကိုယ်ရှိတယ် ကိုယ်ရှိတယ်' လို့ ပြော၍မှမဆုံးသေး ပိုးဟပ်က မိုးရိပ်အနားသို့ ဖျတ်ခနဲ ပျံသွားသည်။ မိုးရိပ်ကြောက်အားလန့်အားဖြင့် ခိုင်ခန့်နားသို့စွေ့ခနဲ ခုန်ဝင်ကာ ခိုင်ခန့်ကို အားကိုးတကြီး ဖက်တွယ်ထားလိုက်၏။

"ဟင့်အင်း. . ကြောက်တယ် ကြောက်တယ်"

အခွင့်အရေးကို လက်လွှတ်မခံသော ခိုင်ခန့်ကလည်း မိုးရိပ်၏ ခန္ဓာကိုယ်လေးကို အပီအပြင် ပြန်လည်သိုင်းဖက်လိုက်ရင်း သူ့ကိုယ်မှ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ကလုဆဲသဘက်ကို ဖျတ်ခနဲဆွဲယူပြီး အနားတွင် ပျံဝဲနေသော ပိုးဟပ်ကိုအားကုန်လွှဲပြီး ရိုက်ချလိုက်သည်။ ပိုးဟပ်ခမျာ နံရံနှင့် ဖတ်ခနဲ ရိုက်မိပြီး ကြမ်းပြင်ပေါ်တွင် ပက်လက်ကလေး ယက်ကန်ယက်ကန် ဖြစ်နေရှာသည်။ ခိုင်ခန့် ထိုပိုးဟပ်ကိုဖနောင့်နှင့် အငြိုးကြီးစွာသုံးလေးချက် ဆင့်ပေါက်လိုက်သည်။ ပိုးဟပ်ခမျာ သတ္တဝါနှင့်လက်နက် မမျှဆိုသလို ခိုင်ခန့်၏ ဖနောင့်ဒဏ်ချက်အောက်မှာ ပြားပြားဝပ်သေပွဲဝင်ရရှာလေတော့သည်။

"ကဲ မိုးရိပ် ဘာမှမကြောက်နဲ့တော့ ပိုးဟပ်သေသွားပြီ"

ဒီတော့မှ ခိုင်ခန့်ရင်ခွင်ထဲတွင် မျက်နှာဝှက်ထားသော မိုးရိပ် အရှက်သည်းစွာဖြင့် ရုန်းထွက်လိုက်သည်။ သို့သော်လည်း ခိုင်ခန့်ရုန်းထွက်ခွင့်မပေး နုအိနေသော အသားစိုင်တွေကို တိုး၍ဖက်လိုက်သည်။

"ချစ်တယ် ချစ်လိုက်တာ မိုးရိပ်ကလေးရယ်"

'အို လွှတ်ပါ အရေးထဲ အမြတ်လာထုတ်နေတယ်၊ တော်ကြာ မမေပြန်လာမှ တွေ့သွားရင် အိမ်ပေါ်က ခေါင်းနဲ့ဆင်းနေရမယ်"

"ဒါဆို ကိုယ့်ကိုချစ်လား"

"လွှတ်ပါ"

"ဖြေမှလွှတ်မယ် မဖြေရင် အဘွားကြီးလာတဲ့အထိကို ဖက်ထားမှာ"

"ဟွန်း. . ခုကျတော့ အဘွားကြီးတဲ့၊ အရင်ကတော့ မမ. . မမနဲ့"

"ဩော်. . ဒါကတော့ မိုးရိပ်အမေက သူ့ကိုယ်သူ မမလို့ပြောနေတော့ ကိုယ်တို့သူငယ်ချင်းနှစ်ယောက်လည်း အလိုက်အထိုက်လိုက်





ပြီး မမလို့ ခေါ်ရတာပဲပေါ့၊ ကဲပါ ချစ်ပါတယ်လို့မဖြေဘဲ ဘာတွေလျှောက်ပြောနေတာလဲ'

ခိုင်ခန့် မိုးရိပ်၏ ရေချိုးပြီးစ ဆပ်ပြာနံ့သင်းနေသော ကိုယ်လုံးအေးစက်စက်လေးကို နွေးသွားအောင် တင်းကျပ်စွာဖက် တွယ်ထားလိုက်ပြီး နှုတ်ခမ်းနီဆွေးဆွေးလေးကို ကြင်နာစွာ နမ်းရှိုက်လိုက်သည်။ မိုးရိပ်ကလည်း မရုန်းမဖယ်မိ အထိအတွေ့ နွေးနွေးတို့သည် ပစ္စုပ္ပန်နှင့် နေသားမကျစွာ အသစ်စက်စက် ချစ်သူနှစ်ဦးကို ပရမ်းပတာရင်ခုန် လိုက်မောစေ၏။

ချစ်သူကို နမ်းခွင့်ကြုံတဲ့ ဒီအချိန်ကာလလေးဟာ ခိုင်ခန့်အတွက် ဘယ်လောက်ခမ်းနားလွန်းတဲ့ လောဘတွေလဲလို့။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၆ )

"**ဟော့**ကောင်. . . ခိုင်ခန့် ထမင်းမစားဘဲ ဘယ်နှယ့်ထမင်းပန်းကန်ကြီးကို စိုက်ကြည့်နေရတာလဲ လက်ထဲမှာလည်း ကြွက်ဥကြီးနဲ့"

ကြော်ထားသော ကြွက်ဥကြော်ကို အရသာခံဝါးရင်း စဉ်းစားခန်းဝင်နေသောခိုင်ခန့် ငြိမ်းဝေအမေးကြောင့် အရှက်ပြေရယ်လိုက်ပြီး. . .

"ကြွက်ဥ အာဟာရအရည်အသွေးကို သုတေသနလုပ်နေတာဟေ့"

ခိုင်ခန့် ခပ်ရွဲ့ရွဲ့စကားကြောင့် ငြိမ်းဝေထမင်းဝိုင်းနားတွင် ဝင်ထိုင် ရင်းရယ်လိုက်သည်။





"ကြွက်ဥကို သုတေသနလုပ်လို့ မင်းကိုဘယ်သူမှ ဂင်းနစ်ဆုလာမပေးဘူး မင်းသုတေသနလုပ်ရမှာက မင်းကောင်မလေးနဲ့ ချစ်သူဖြစ်ပြီး နောက်ပိုင်းခံစားရတဲ့ ရင်ခုန်ခံစားမှု. . ဒါကိုသုတေသနလုပ်ရမှာ"

"ဒါက ငါ့ရင်ထဲမှာ သုတေသနလုပ်စရာမလိုအောင် နက်ရှိုင်းလေးနက်ပြီးသား"

"ငါတော့မင်းကို အားကျတယ်ကွာ၊ ငါ့မှာသာ တစ်နေ့တစ်နေ့ ဒီအဘွားကြီးက သူသွားတဲ့နောက် တကောက်ကောက်ခေါ်နေလို့ စိတ်ညစ်နေရတယ်"





www.burmeseclassic.com

www.burmeseclassic.com



"သူ့ရဲ့ ချွဲပစ်ပစ် ချိုအီအီစကားသံတွေကို နားယောင်ပြီး ငါလေတော်ဖိသောက်ရင်တောင် သကြားထည့်မသောက်တော့ဘူး၊ အဲဒီလောက်ထိ ချိုချိုအီအီတွေကို ကြောက်သွားတာ၊ ဘယ်လိုမှခွာထုတ်လို့ရမယ့် မိန်းမကြီးမဟုတ်ဘူး"

ငြိမ်းဝေ ထမင်းပန်းကန်ထဲကို ငပိရည်ဆမ်းကာ နယ်လိုက်ပြီး စိတ်မသက်သာစွာ ပြောသည်။ ခိုင်ခန့်ကြက်ဥပန်းကန်ထဲမှာ ကြော်ထားသောကြက်ဥတစ်ချပ်ကို ငြိမ်းဝေပန်းကန်ထဲသို့ ထည့်ပေးလိုက်သည်။

"ဒီလောကမှာ ကြောက်စရာအကောင်းဆုံးမိန်းမက ဒိတ်လွန်နေတဲ့အပျိုကြီးတွေရယ် တစ်လင်ကွာတစ်ခုလပ်နဲ့ မုဆိုးမတွေပဲကွ၊ သူတို့လက်ထဲကိုရောက်တဲ့ ယောကျ်ားဆိုရင် ဘယ်သူမှ အလွတ်မပေးတော့ဘူး"







"အခု ဒီအဘွားကြီး အခြေအနေသိပ်မကောင်းတော့ဘူးထင်တယ်ကွ၊ ဒီအိမ်ကို သိန်းနှစ်ရာနဲ့ ပေါင်ထားတယ်ဆိုလားပဲ"

"မင်းကို ဘယ်သူပြောလဲ"

"သူတို့ဖဲသမား အချင်းချင်းပြောသံကြားတာ၊ နောက်ပြီး မင်းကောင်မလေးကိုလည်း ဘောစိတစ်ယောက်နဲ့ ပေးစားမလို့တဲ့"

ငြိမ်းဝေစကားကြောင့် ဝါးနေသော ထမင်းလုတ် လည်ချောင်းထဲမှာ တစ်ဆို့သွား၏။ မျက်လုံးအနည်းငယ်ပြူးသွား၏။

"ဘာ. . မိုးရိပ်ကို ယောကျ်ားပေးစားမလို့ ဟုတ်လား"

"ဟုတ်တယ် ဘောစိကြီးက သူနဲ့ဆိုရင် ရွယ်တူဆိုလားပဲ"

"ဒါဆိုလည်း သူပဲယူလိုက်ပေါ့ကွာ၊ ကိုယ့်သမီးအပျိုစင် နုနုထွတ်ထွတ်လေးကိုများ ပေးစားနေရသေးတယ်. . တောက်. . ဘယ်လို မအေမျိုးလည်းမသိဘူး အံ့သြတယ်"

"ဟာကွာ. . ဟိုဘောစိက သူ့လိုရုပ်ကြမ်းကြီးကို ကြိုက်မလားကွ၊ မင်းကလည်း ဒီခေတ်အဘိုးကြီးတွေက သမီးအရွယ်လောက်တွေကိုပဲ ကြိုက်တာ"

"ဘာပဲဖြစ်ဖြစ် ငါ မိုးရိပ်ကို အဆုံးရှုံးမခံနိုင်ဘူး၊ ကိုယ့်ချစ်သူကို ဘယ်သူ့လက်ထဲမှ အပါမခံနိုင်ဘူးကွာ"

"ဒါဆို မင်းနည်းလမ်းရှာပေါ့၊ ငါတို့ရဲ့ သက်တမ်းတစ်လျှောက်မှာ သူများတွေအပေါ်မှာ လူလည်ကျပြီး စားလာတာဆိုတော့ ဒီဘဝကြီးနဲ့တော့ မင်းချစ်သူကို ဂုဏ်မငယ်စေနဲ့ပေါ့ကွာ"

အလေးအနက်ပြောနေသော ငြိမ်းဝေစကားကို ခိုင်ခန့် အာပြည့်အဝထောက်ခံစွာဖြင့် ခေါင်းကိုတဆတ်ဆတ်ညိတ်လိုက်ပြီး ဘဝတို



www.burmeseclassic.com

www.burmeseclassic.com



မိုးရိပ်နဲ့အတူ အလေးအနက်ပုံဖော်ဖို့ သူမအားကိုးလောက်တဲ့ အရည်အချင်းတွေကို ကြိုးစားပြီး မွေးထုတ်ရတော့မှာပေါ့။

"ဟော့ . . မောင်လေးရေ ထမင်းစားနေကြပြီလား၊ မမလာပို့တဲ့ ဟင်းလေးတော့ စောင့်ပါဦးကွယ်"

ဟင်းချိုင့်ကလေးကိုင်ပြီး ထမင်းဝိုင်းနားသို့ လျှောက်လာသော ဒေါ်ဖန်စီအသံကြောင့် ရှေးအနာဂတ်ကို ပုံဖော်နေကြသော သူငယ်ချင်းနှစ်ယောက် အရှိန်ပျက်သွားကြသည်။

မချစ်သော်လည်း အောင့်ကာနမ်းဆိုသလို မရယ်ချင်ပေမယ့်လည်း အောင့်အည်းပြီး ရယ်ရသည့်ဘဝ။

"မမလာ. . စားပါဦးဟင်းတော့မကောင်းဘူး"

"ထင်တယ်. . ထင်တယ်. . အဲဒါကြောင့် မမက ဟင်းလာပို့တာကွယ့်၊ အိမ်မှာ ဒီနေ့ပုစွန်တုပ် ချက်စားတယ်လေ. . ဒါကြောင့် ငါ့မောင်လေးအတွက် အချိန်မီလာပို့တာ"

ငါ့မောင်အတွက်ဆိုတော့ ငြိမ်းဝေအတွက်ပဲပါသည်ဆိုသည့် သဘော။ ခိုင်ခန့် စားလက်စထမင်းကို ရပ်လိုက်ပြီး ထမင်းပန်းကန်ကို တိုင်ကာ ထရပ်လိုက်သည်။

"ဟာ. . ဟော့ကောင် တော်ပြီလား"

ငြိမ်းဝေအမေးကို ခေါင်းသာဆတ်ခနဲညိတ်ပြပြီး နောက်ဖေးခန်းဆီသို့ ထွက်လာလိုက်သည်။ နဂိုကမှ ထမင်းစားမကောင်းရသည့်ကြားထဲ ဒီမိန်းမကြီး၏ အော်ဂလီဆန်စရာ အသံကြီးကြားတော့ ပို၍ပင် ထမင်းစားပျက်ရသည်။

"ကို"





နောက်ဖေးတံခါးပေါက်မှ ဘွားခနဲပေါ်လာသော ချစ်သူလေးကို မြင်တော့ စောစောက အော်ဂလီဆန်စရာကောင်းသော ခံစားချက်ကြီး လုံးခနဲ ပျောက်ကျသွားသည်။

သနပ်ခါးအဖွေးသားလေးနှင့် ဟင်းပန်းကန်လေးကိုင်ပြီး ခိုင်ခန့် အနားရောက်လာသော မိုးရိပ်အား လေသံတိုးတိုးဖြင့်. . .

"မိုးရိပ် ထမင်းစားခန်းထဲမှာ မမကြီးရှိတယ်"

"မိုးရိပ်သိတယ် ဒီမှာ ကိုယ့်အတွက် ပုစွန်တုပ်ဟင်း၊ ရော့. . မိုးရိပ် သွားမယ် ညကျမှတွေ့မယ်"

ဟင်းပန်းကန်ကို ခိုင်ခန့် လက်ထဲကိုအတင်းထိုးထည့်ပေးလိုက်ပြီး မိုးရိပ်ပျာတိပျာယာဖြင့် နောက်ဖေးပေါက်မှ ပြန်ထွက်သွားသည်။

ချစ်သူ၏ သိတတ်နားလည်မှုကြောင့် ရင်မှာဖော်မပြနိုင်လောက်အောင် ပီတိတွေဖြစ်မိ၏။ သူ့သမီး ပုစွန်တုပ်လာပို့သည်ကို ထိုမိန်းမကြီး သိများသိလျှင် သူမကြီး၏ဒေါသတွေသည် ဗုံးတစ်လုံးလို အုန်းခနဲမြည်အောင် ထပေါက်ကွဲမလားမသိ။

ဘာပဲဖြစ်ဖြစ် မစားရတာနှစ်ပေါင်းကြာနေတဲ့ ပုစွန်တုပ်ဟင်းကလေးနဲ့ နောက်ဖေးမှာ အသာလွေးလိုက်ဦးမှ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၇ )

ည သည် ကောင်းကင်မှ လကွေးကွေးလေးအောက်တွင် ငြိမ်သက်တိတ်ဆိတ်စွာ အိပ်မောကျနေ၏။ ခိုင်ခန့်၏ ခြေလှမ်းတွေသည် မိုးရိပ်နှင့်တွေ့နေကျ နောက်ဖေးအုတ်ကန်ဘေးမှ ခရေပင်ကြီး အောက်ဆီကို ခြေလှမ်းတွေကို ဦးတည်လိုက်သည်။

ကိုယ်ကပဲ စိတ်စောနေ၍လားမသိ ခရေပင်အောက်တွင် မိုးရိပ်ပင် မရောက်သေး။ နောက်ဖေးအိမ်မှ မီးအလင်းရောင်က ခရေပင်ကြီးထဲသို့ ပျောက်တိပျောက်ကျား ထိုးဖောက်နေသည်မှအပ ကျန်သည့်နေရာတွေမှာ မှောင်အတိကျနေ၏။





ခိုင်ခန့် ခရေပင်အောက်ကျောမှီပြီး ထိုင်ချလိုက်ရုံရှိသေးသည်။ မိုးရိပ်တို့နောက်ဖေးတံခါး ဖျတ်ခနဲပွင့်လာသည်။ ခိုင်ခန့်ရင်ထဲ ထိတ်ခနဲ ဝမ်းသာသွားသည်။

ညအိပ်ဂါဝန်ခပ်လွင့်လွင့်လေးဖြင့် တစ်လှမ်းချင်း လျှောက်လာသော မိုးရိပ်၏အလှသည် ညကောင်းကင်မှကြယ်ပွင့်လေးများလို တဖျတ်ဖျတ်လက်၍နေသည်။

အနားရောက်လာသော ချစ်သူ၏ ကိုယ်သင်းရနံ့ဖြစ်သော သနပ်ခါးရနံ့လေးကို အကြိုမိတ်ဆက်၍ ရှူရှိုက်လိုက်သည်။

"ကို စောင့်နေတာကြာပြီလား"

"သိပ်မကြာသေးပါဘူး ကိုယ်က မိုးရိပ်မေ့ပြီးအိပ်ပျော်သွားပြီးထင်တာ"

"အိုး.. ကိုယ့်ရည်းစားနဲ့ တွေ့ဖို့ကို မေ့မလားလို့ တစ်ညလုံး မအိပ်ပဲနဲ့တောင် မိုးလင်းအထိနေနိုင်သေးတယ်"

ချစ်သူနှစ်ဦး တစ်ယောက်လက်ကို တစ်ယောက်ခပ်တင်းတင်း ဆုပ်ကိုင်လိုက်သည်။ အမှောင်ရိပ်ထဲမှာ တစ်ယောက်မျက်နှာကို တစ်ယောက် မလွတ်တမ်းငေးရင်း ရင်ဘတ်ချင်းထိကပ်လိုက်ကြ၏။

အထိအတွေ့နွေးနွေးတို့သည် ည၏လေပြည်တို့နှင့်အတူ ရှိန်းမြကြည်မွေ့စရာ ကောင်းလွန်းနေသည်။

"မိုးရိပ်ကို ဘွားတော်ကြီးက ဘောစိတစ်ယောက်နဲ့ပေးစားမလို့ လုပ်နေတယ်ဆို"

"အင်း မနေ့ကတော့ အရိပ်အမြွက်ပြောတယ်၊ ဒါပေမဲ့ မိုးရိပ် လက်မခံပါဘူး ကိုယ့်အဖေအရွယ်လောက်ကြီးကို မိုးရိပ်ကယက်ထစ်



www.burmeseclassic.com

www.burmeseclassic.com



စရာလား အဲလူကြီးကိုသာ ယူရရင် မိုးရိပ်တော့ အဆိပ်သောက်သေပစ်မှာ”

“ဟာ. . သေတော့မသေလိုက်ပါနဲ့၊ ကိုယ့်ဘဝမှာ ရှားရှားပါးပါး ချစ်သူလေးတစ်ယောက်ရတာ၊ မိုးရိပ်သာ အဲလိုလုပ်သွားရင် ကိုယ်လည်း မိုးရိပ်နဲ့အတူ လိုက်သေမှာ”

“ကိုရယ် မိုးရိပ်လေ အမေနဲ့နေရတာ စိတ်ညစ်တယ်သိလား၊ ကိုသာ မိုးရိပ်နဲ့ဝေးတဲ့နေရာမှာဆိုရင် ခိုးခိုင်းတယ်သိလား”

“ကိုယ်ကြိုးစားပြီး ဒီကနေထွက်နိုင်အောင်ကြိုးစားမှာပါ”

မိုးရိပ်ကိုသာ ဖြေသိမ့်စကားပြောလိုက်ရသည် ခုချိန်ထိအလုပ်က အဆင်မပြေသေး။

“အဲဒီကျရင် မိုးရိပ်လည်းလိုက်မယ်နော်”

“အင်းပါ. . မိုးရိပ်ကို ခိုးပြေးမှ ကိုယ်တို့နှစ်ယောက်ပေါင်းရမှာ. . နို့မို့ဆို ယောက္ခမကြီးက သဘောတူမှာမဟုတ်ဘူး”

ချစ်သူနှစ်ဦး ရှေ့ရေးအတွက် တိုင်ပင်နှီးနှောတုန်းရှိသေးသည် မိုးရိပ်တို့အိမ်အတွင်းထဲမှ မီးလင်းလာသည်။

“ဟင်. . ကို မေမေနိုးလာပြီထင်တယ် ကိုပြန်တော့”

ရုတ်တရက်တံခါးပွင့်လာသဖြင့် မိုးရိပ် ခိုင်ခန့်ကို တွန်းလွှတ်သည်။ ခိုင်ခန့် အိမ်ထဲပြေးဝင်ဖို့ အချိန်မရတော့သဖြင့် နီးစပ်ရာအိမ်သာခန်းထဲသို့ စွေ့ခနဲဝင်ပုန်းလိုက်ရသည်။

မိုးရိပ် အုတ်ကန်နားအမြန်ပြေးကပ်လိုက်ပြီး လက်ဆေးချင်ဟန်ဆောင်လိုက်သည်။

“ဟဲ့. . သမီးညကြီးမိုးချုပ် ဘာထွက်လုပ်တာလဲ”





“အိမ်သာဝင်တာပါမေမေ ခုပဲလက်ဆေးနေတာ”

“အေးအေး. . ပြီးရင်ဝင်တော့”

ဒေါ်ဖန်စီ အိမ်မှုန်စုံမွှား ဖရိုဖရဲဂါဝန်စကြီးကိုမကာ အိမ်သာတံခါး ဆွဲဖွင့်လိုက်သည်။ မိုးရိပ်ခေါင်းနားပန်းကြီးသွားရလောက်အောင် စိတ်လှုပ်ရှားသွားသည်။

“မေ. . မေမေ ဘာလုပ်မလို့လဲ”

“ဟဲ့. . ဘာလုပ်ရမှာလဲ အိမ်သာထဲဝင်မှတော့ အိမ်သာတက်ဖို့ပေါ့”

မိုးရိပ်တားလို့လည်း မဖြစ်နိုင်သဖြင့် ခြေမကိုင်မိလက်မကိုင်မိ ဖြစ်နေသည်။ အိမ်သာမီးသာ ဖွင့်လိုက်လို့တော့ တန်းပြီးတိုးပြီ။

“ဟင်. . အရေးထဲအိမ်သာမီးက ပျက်နေပြန်ပြီ”

ဒေါ်ဖန်စီ အိမ်သာမီးကျွမ်းနေ၍ အမှောင်ထဲမှာပင် ကိစ္စကိုရှင်းရန် ကြွေခွက်ပေါ် ဆောင့်ကြောင့်ထိုင်ချလိုက်သည်။

အိမ်သာထဲတွင် ခိုင်ခန့် ရှိနေသည်ကို လုံးဝမတွေ့။

ခိုင်ခန့်မှာ သူ့ကိုဒေါ်ဖန်စီကြီး မြင်မှာစိုး၍ အိမ်သာခေါင်မိုးထုပ်တန်းမှာ မျောက်လွဲကျော်လို တွဲလွဲခိုနေရ၏၊ ဒေါ်ဖန်စီမှာ ညတ ဆရာမိုး ဆေးသောက်ထား၍ ဝမ်းတွေကတဘူဘူတဂွမ်ဂွမ်ဖြင့် ပုလဲဆိပ်ကမ်း ဗုံးကြဲသလိုဆူညံပွက်လောရိုက်နေသည်။

အနံ့က တထောင်းထောင်းဖြင့် ခေါင်မိုးမှာတွဲလွဲခိုနေသော ခိုင်ခန့် နှာခေါင်းပေါက်ထဲ တန်းဝင်၏။ လက်နှစ်ဖက်စလုံး မအားလပ်၍ နှာခေါင်းပင် မပိတ်နိုင် ခိုင်ခန့်အဖြစ်မှာ ချေးပုံးထဲပိတ်မိနေသည်. . အသက်ပင် ဝဝမရှူနိုင်၊ နံလိုက်သည့်ချေး ဒီလောက်အနံ့ပြင်းသော



www.burmeseclassic.com

ချေးမှုံး ဒီတစ်ခါပဲ ပယ်ပယ်နယ်နယ်ရှုဖူးသည်။ အရေးထဲ လက်အံသေလာသည့်အပြင် ထုပ်တန်းကိုဆုပ်ကိုင်ထားသော လက်နှစ်ဖက်နှင့် တွဲလွဲကျနေသော ခြေထောက်ကို ခြင်က အသေကိုက်နေ၏။

ခိုင်ခန့်အံကို တင်းတင်းကြိတ်ကာ တောင့်ခံသည်။ ဒီမိန်းမကြီးတော်တော်ချေးကြော ရှည်လွန်းနေသည်။ ချေးပါရင်း အိပ်ပျော်နေပြီလားတောင်မသိ။

ခိုင်ခန့်ဇောချွေးတွေပင် သီးထလာသည်။ ဒီမိန်းမကြီးကို ဒေါ်သထွက်လွန်း၍ တက်တစ်ချက်ကို ယောင်ရမ်းပြီးခေါက်လိုက်သည်။

“တောက်”

ဒေါ်ဖန်စီ မျက်လုံးမှေးစင်းကာ ဇိမ်ဖြင့်ပါနေတုန်း တက်ခေါက်သံကြောင့် အမှောင်ထဲမှာ ကိုယ်ဆတ်ခနဲတုန်သွားသည်။ အမှောင်ထဲမှာပင် ဟိုဒီဝေ့ဝဲပြီး ကြည့်လိုက်သည်။

ရုတ်တရက် ခိုင်ခန့်မျက်နှာပေါ်သို့ အိမ်မြှောင်တစ်ကောင်ဖတ်ခနဲ ခုန်တက်လာသဖြင့် ခိုင်ခန့်လက်ဖြင့် ပုတ်ချလိုက်ပြီး ထိုအိမ်မြှောင်မှာ ဒေါ်ဖန်စီပေါင်ပေါ်သို့ ဘုတ်ခနဲကျသွားသည် ထင်၏။

“အောင်မလေး. . ဘာ. . ဘာကောင်လဲ”

ခိုင်ခန့် ထိုအသံကြောင့် အံသေနေသောလက်မှာ လွတ်သွားတာ ဒေါ်ဖန်စီကိုယ်ပေါ်သို့ ဝုန်းခနဲ ပြုတ်ကျလေသည်။

“အောင်မလေးဗျ”

“သရဲ . သရဲ . အရပ်ကတို့ ကယ်တော်မူပါ သရဲခြောက်နေပါတယ်”

အိမ်သာခန်းထဲတွင် ဒေါ်ဖန်စီနှင့်ခိုင်ခန့် လုံးထွေးရစ်ပတ်၍





သွားသည်။

တော်သေးတာပေါ့ မှောင်နေ၍သာ. . .။

www.burmeseclassic.com



# အခန်း ( ၁၈ )

"တော်. . တိတ်. . ငါ့ကိုဘာဆင်ခြေမှမပေးနဲ့ ငါ့စိတ်ထဲ ဒီလောက်မြန်မြန်ဆန်ကြီး မငြိုလောက်ပါဘူးဆိုပြီး ဦးသိန်းမောင်နဲ့ လက်ထပ်ဖို့ကိစ္စကို အချိန်ဆွဲနေတာ၊ ခုတော့ ရှက်ဖို့ကောင်းလိုက်တာ. . ဟွန်း"

"အိုး မေမေနော် အဲဒီလူကြီးက မေမေတောင်ဦးသိန်းမောင်လို့ခေါ်နေရတဲ့လူ ကိုယ့်အဘိုးအရွယ်လောက်ရှိတဲ့လူကြီးကို မေမေ့ဘာသာမေမေယူ သမီးတော့ လုံးဝမယူဘူး ကိုခိုင်ခန့်ကလွဲပြီး သမီးဘယ်သူမှ လက်မထပ်ဘူး"

အကြွေးမဆပ်နိုင်၍ သမီးကိုထိုးရောင်းနေသော မိခင်ဖြစ်သူ





ကို မိုးရိပ် နာနာကြည်းကြည်း ကြည့်လိုက်သည်။

"အဲဒါ. . မေမေဖဲဆော့လို့ ဂျင်ဆော့လို့ တင်တဲ့အကြွေးလေ၊ မေမေ့ဘာသာ မေမေဆပ်ပေါ့၊ ဒါမှမဟုတ် မေမေပဲ အဲလူကြီးကိုယူလိုက်"

"ဟဲ့. . သူက ငါ့ကိုမယူလို့ပေါ့၊ ငါ့ကိုယူလို့ကတော့ ဆယ်ခါပြန်တောင်ယူတယ်ဟဲ့၊ ဒီမယ် မိုးရိပ် ညည်းငါ့ကို ဘာမှဆင်ခြေတွေနဲ့ ပြန်ပက်မနေနဲ့ ငါက မိဘ ငါစီမံတာကို နင်နာခံရမယ်၊ နင့်အကောင်လို ကြွက်တွင်းပဲပိုင်တဲ့ ခြေသလုံးအိမ်တိုင်ဘဝမျိုးနဲ့ကောင်ကိုလေ ငါက သားမက် လုံးဝမတော်နိုင်ဘူး၊ အံ့ပါရဲ့တော် မိန်းကလေးတစ်ယောက်ကို အချောင်နိုက်ချင်တာနဲ့ ညသန်းခေါင်ကြီး ခေါ်တွေ့ရတယ်လို့ မတော် ဗိုက်ကြီးသွားကြည့် သူကအသာလေး လက်လျှိုပြီး လစ်မှာလေ၊ ဗိုက်တစ်လုံးနဲ့ ကျန်ခဲ့မယ့်သူက ညည်းပဲ တခြားကိစ္စသာဆို ရပ်ကွက်ဥက္ကဋ္ဌကြီးဆီကို သွားတိုင်ပြီးပြီ၊ ခုတော့ ကိုယ့်အထုပ်ကိုယ်ဖြေ ဖြစ်နေမှာစိုးလို့ ဒီနေ့ကစပြီး ဦးသိန်းမောင်ကို လက်ထပ်မယ်ဆိုတဲ့စိတ်ကို ရအောင်မွေးဒါပဲ"

ဒေါ်ဖန်စီ ပြင်းပြင်းထန်ထန်အမိန့်ပေးပြီး မိုးရိပ်ရှေ့မှဒေါသနှင့် ခြေလှမ်းကျဲကျဲလှမ်းပြီးထွက်သွား၏။ မိုးရိပ်ခုတင်ထက်မှာ ခေါင်းအုံးကို စိတ်ရှိတိုင်း တဖုန်းဖုန်းထုပြီး တဟီးဟီးဖြင့်ငို၍ ကျန်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၉ )

"ဟော့ကောင်. . မင်းက ဘာအထာလဲကွာ၊ သူငယ်ချင်းနှစ်ယောက် အတူတူရှာဖွေစားသောက်ပြီး. . ညီအစ်ကိုလိုစိတ်မျိုးနဲ့နေကြတာတောင် မင်းကဒီကိစ္စကို ငါ့လျှို့စရာလားကွ. ."

ငြိမ်ဝေ မျက်ထောက်နီကြီးနှင့် အပြစ်တင်သည်။

"ငါ. . မလျှို့ပါဘူးကွာ. ."

"မလျှို့ရင်. . အခုမင်းဆီမှာ ရှိနေတဲ့ အဖိုးတန်ပစ္စည်းကို ငါ့ကိုပါပြရမှာပေါ့ကွ၊ မင်းပစ္စည်း သိန်းထောင့်ငါးရာ နှစ်ထောင်တန်ရှိမကလို့ သိန်းတစ်သောင်းတန်လည်း မင်းကိုသတ်ပြီး ငါဘတ်မသွားပါဘူးကွ"





"ငါယုံပါတယ်ကွ. . ဒါပေမဲ့ ခုချိန်မှာ ဒီပစ္စည်းက သိန်းထောင့်ငါးရာတန်ပေမယ့်လည်း ငါကိုယ်တိုင်ခံစားခွင့် မရှိသေးဘူး၊ အချိန်တန်လို့ ခံစားခွင့်ရရင် မင်းလည်းပိုင်ဆိုင်ရမှာပါကွာ၊ မင်းကို ငါပစ်မထားပါဘူး. ."

"အေးလေ. . ငါ့ကိုပါ ခံစားခွင့်ပေးမယ်ဆိုမှတော့ ဒီတန်ဖိုးမြောက်များစွာတန်တဲ့ပစ္စည်းဟာ ဘာလဲဆိုတာ ငါမသိသင့်ဘူးလား"

ငြိမ်းဝေအသံ ဒေါသသံထွက်လာ၍ အနည်းငယ် မာဆတ်လာသည်။

"ငါ့ကိုနားလည်ပေးပါ. . ငြိမ်းဝေရာ၊ ငါ့ပစ္စည်းကို ငါ့ချစ်သူအတွက် ရည်စူးထားလို့ပါ. . သူနဲ့လက်ထပ်ပြီးရင်. . ငါဒီလိုဘဝနဲ့ မနေနိုင်တော့ဘူး၊ ငါနဲ့ငါချစ်သူရဲ့အနာဂတ် နောက်ပြီးငါတို့ရဲ့ မွေးဖွားလာမယ့် မျိုးဆက်ကလေးတွေအတွက် ဒီငွေတွေကို အသုံးချပြီး လုပ်ငန်းတစ်ခု ထောင်ရမယ်လေ၊ မင်းလည်း ဟိုစကားပုံ ကြားဖူးမှာပေါ့ မပြီးခင်ဗမာမမြင်စေနဲ့တဲ့. . မင်းကိုမှမဟုတ်ဘူး ငါ့ချစ်သူကိုတောင် ငါမပြဘူး. ."

"တော်ကွာ. . တော်. . တော်. . မင်းကငါ့ကို. . တကယ် ခင်တွယ်တဲ့ ကောင်မှမဟုတ်တာ၊ ငါ့မှာသာ မင်းကို ညီအစ်ကိုအရင်းတစ်ယောက်လို သံယောဇဉ်မျိုးနဲ့ တစ်လျှောက်လုံး အတူနေအတူစားလာခဲ့တာ၊ ဒီနေ့ကစပြီး မင်းနဲ့ငါ. . ဘာမှပတ်သက်စရာ အကြောင်းမရှိတော့ဘူး. ."

ငြိမ်းဝေ. . ခိုင်ခန့်ကို လက်ညှိုးငေါက်ငေါက်ထိုးကာ ရင့်သီးသော စကားလုံးတွေဖြင့် သူငယ်ချင်းအဖြစ်မှ ပြတ်စဲကြောင်း ထုတ်ပြတ်



www.burmeseclassic.com

www.burmeseclassic.com



စကားဆိုကာ. . အခန်းထဲမှ ခြေသံခပ်ပြင်းပြင်းနင်းကာ ထွက်လာခဲ့သည်။

အိမ်ရှေ့ခန်းရောက်တော့ ဧည့်ခန်းထဲတွင်ရပ်ပြီး ငြိမ်းဝေတို့ပြသနာကို ခိုးနားထောင်နေသော ဒေါ်ဖန်စီကို မြင်တော့. . မျက်နှာထား တင်းနေသော ငြိမ်းဝေ၏ မျက်နှာမှာ အနည်းငယ် ပြေလျော့သွားတော့. . .

"ဩော်. . မမ. . ဘယ်တုန်းကရောက်လဲ. ."

"သိပ်မကြာသေးဘူး. . မင်းတို့သူငယ်ချင်းနှစ်ယောက် ဘာတွေ အဝေမတည့်ဖြစ်နေတာလဲ. ."

"ဒီကောင်ဘော်ဒါစိတ်မရှိဘူးမမ၊ သူ့မှာအလုံးအရင်းနဲ့ ဝင်လာစရာ ငွေအရင်းအမြစ်ကြီးတစ်ခု ရှိနေတာနဲ့ ကျွန်တော့်ကို တောက်ထုတ်ပစ်လိုက်တယ်၊ ဒီလိုကောင်မျိုးနဲ့ မရှိအတူရှိအတူ ဒုက္ခတွေ မျှဝေခံစားလာမိတဲ့ ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်လို့မဆုံးဘူး၊ သူ့မျက်စိထဲမှာ ကျွန်တော် မရှိတော့ဘူး. . သူ့အနာဂတ်ကို ဒီငွေတွေနဲ့ လှပအောင် ပုံဖော်ဖို့လောက်ပဲ တွေးနေတော့တယ်၊ ဒီတော့. . ဒီကောင့်ကို အိမ်မှာ မထားနိုင်တော့ဘူး. ."

ငြိမ်းဝေစကားကြောင့် ခိုင်ခန့်ကို သူ့သမီးနှင့်ကြိုက်နေသည့်အတွက်ဒီအိမ်မှာ ဆက်မထားဘူးဟု ငြိမ်းဝေကိုလာပြောသည့် အစီအစဉ်တောင် လောဘလေမုန်တိုင်းကြောင့် ဘယ်ကမ္ဘာကို လွင့်သွားပြီလဲမသိ။

"အဲ. . အဲလိုလည်း စိတ်လိုက်မာန်ပါ မလုပ်လိုက်ပါနဲ့ဦးကွယ်၊ ငယ်ငယ်ကတည်းက လည်ပင်းဖက် ကြီးလာကြတဲ့ သူငယ်ချင်းတွေပဲ ညှိညှိနှိုင်းနှိုင်းပေါ့၊ ဒါနဲ့ သူ့ဆီမှာ ဒီလောက်သိန်းပေါင်းထောင်နဲ့ချီပြီး





တန်တယ်လို့ ပြောရလောက်တဲ့ ရတနာပစ္စည်းဆိုတော့ဘာလဲ ပတ္တမြားလား. . စိန်လား ဒါမှမဟုတ် ရှေးဟောင်းရုပ်တုလား"

ဒေါ်ဖန်စီ သူ့ပါလောဘတက်လာ၍ ဘာမှမသိသောငြိမ်းဝေကို အစ်အောက်ပြီးမေးပြန်သည်။

"ကျွန်တော်လည်း မသိရလို့ ဒီကောင့်ကို တင်းပြီး ထွက်လာတာမမရဲ့. . သူတစ်ချိန် မိန်းမယူပြီး လုပ်ငန်းတစ်ခုတည်ထောင်ရင် မင်းကိုလည်း အကျိုးခံစားခွင့်ပေးမှာမို့ ခုမသိချင်ပါနဲ့ဦးတဲ့. . ဘယ်လောက် ဒေါသထွက်စရာကောင်းလိုက်သလဲ"

ငြိမ်းဝေက ဒေါသကြောင့် တွတ်ပွတွတ်ပွပြောမဆုံး ဖြစ်နေသလောက် ဒေါ်ဖန်စီမှာ အကြံထုတ်နေသူတစ်ယောက်လို ငြိမ်ကုပ်နေသည်။

အရင်ရက်တွေက ညဘက်အိမ်သာထဲမှာဖြစ်သည့်ကိစ္စနှင့် သမီးနှင့်ချိန်းတွေ့သည့်ကိစ္စကြောင့် သေလောက်အောင်မုန်းတီးနေသောစိတ်တွေက ခုတော့ အရောင်ဖျော့သွားသည်။ ဒေါ်ဖန်စီစိတ်ထဲထင်တော့ထင်သား ဒီကောင်လေးရဲ့ ရုပ်ရည်ရူပကာလေးက မရှိဆင်းရဲသား ရုပ်မပေါက်ပါဘူးလို့. . ခုတော့ သိန်းပေါင်းများစွာ ချမ်းသာတဲ့ သူဌေးလောင်းလေးတစ်ယောက် ဖြစ်နေတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၂၀ )

"သမီး . . ထ၊ ထမင်းစားကြမယ်"

ဦးသိန်းမောင်ကြီးနှင့် လက်မထပ်လိုသော မိုးရိပ်မှာ မိခင်ကို ဆန္ဒပြသည့်အနေနှင့် ထမင်းမစားဘဲ အခန်းထဲအောင်းနေတာ သုံးလေးရက်မကတော့၊ ကြာတော့ ဒေါ်ဖန်စီမနေသာတော့ ဦးသိန်းမောင်နှင့် မင်္ဂလာကိစ္စ ပြောပြီးကာမှ ကိုယ့်ဘက်က ကိုယ့်သမီးလေးက အစာရေစာငတ်ပြီး ပိန်ချုံးချိနဲ့သွားလို့မဖြစ်။

"မစားချင်ဘူး . . သမီးလုံးဝမစားဘူး"

"ဟဲ့ . . မစားလို့ရမလား ဒီရက်ထဲမှာ ညည်းအလှပျက်သွားလို့





မဖြစ်ဘူးအေ့၊ ဟိုခမျာ မင်္ဂလာဝတ်စုံစီစဉ်ဖို့ ညည်းကိုစောင့်နေရတာ"

"အို . . စောင့်ရုံမကလို့ စောင့်ရင်းနဲ့သေသေ ကိုယ့်မြေးအရွယ်ကြီးကို သူမို့ အားမနာလျှာမကျိုး လက်ထပ်ဝံ့တဲ့သူ၊ လူကဖြင့် ပါးရေနားရေတွန့်ရုံမကဘူး သင်္ချိုင်းကုန်းသွားဖို့တောင် ရက်ချိန်းယူပြီးလောက်ပြီ တကျာကြောကထတုန်း၊ ဟွန်း . . ပတ်ဝန်းကျင်ကြားလို့မှ မကောင်း"

"ဟဲ့ . . ပတ်ဝန်းကျင်များ ဂရုစိုက်စရာလို့ တွေးမနေနဲ့၊ လူ့ဆိုတာ ကိုယ့်အကြောင်းနဲ့ကိုယ် ကိုယ့်ရှင်သန်ဖို့အတွက် ဖြစ်သင့်ဖြစ်ထိုက်တာကို ဦးစားပေးလုပ်ရမှာပဲ"

"ဒါဆို အရင်က ရပ်ကွက်ထဲက ကာလသားတွေလိုက်တုန်းတာတော့ သမီးနဲ့တူတဲ့တန်တဲ့ကောင် ဒီရပ်ကွက်ထဲမှာ တစ်ကောင်မှမရှိဘူးဆိုပြီး ဖိုက်တင်လုပ်ခဲ့တာ . . ခုတော့ သူ့သမီးနဲ့တန်တဲ့လူက အဘိုးအိုကြီးပါလားလို့ လူတွေဝိုင်းပြီး လှောင်ပြောင်ကဲ့ရဲ့ကြမှာကိုရော မေမေစဉ်းစားမိရဲ့လား"

မိုးရိပ် မျက်ရည်ပေါက်ကြီးငယ်ကျကာ ငိုသံနှော့သောအသံခပ်အက်အက်ဖြင့် အမေလုပ်သူကို ပြန်လည်ချေပစကားဆို၏။

"အို . . စဉ်းစားစရာမလိုပါဘူး၊ ကိုယ့်မိသားစုအခက်အခဲကို ဖြေရှင်းတဲ့ ကိစ္စကို ညည်းဒီလောက်လေးတောင် မစွန့်စားရဲဘူးလား ဒီအဘိုးကြီးနဲ့ အလွန်ဆုံးပေါင်းရ ဆယ်နှစ်ပေ့ါ . . နောက်ပိုင်းကျန်ခဲ့မယ့် စည်းစိမ်ဥစ္စာက ကိုယ့်အတွက် . . သူ့မှာ အမွေစောင့်တောင်းမယ့်သားသမီးလည်း ရှိတာမဟုတ်ဘူး လူပျိုကြီးတစ်ကောင်ကြွက်"

ဒေါ်ဖန်စီ သူ့တွက်ကိန်းနှင့် သူ့လောဘကတော့ ကကြိုးတကွက်ညီနေသည်။ ထိုစဉ် အိမ်ရှေ့သို့ ကားတစ်စီးထိုးရပ်သံကြားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဖန်စီ အိမ်ရှေ့ခန်းသို့ ထွက်ကြည့်လိုက်၏။

"ဟယ်. . ဦးသိန်းမောင်ပါလား၊ လာ. . လာ. . သမီးရှိတယ်"

အစိမ်းပုပ်ရောင်ဂျစ်ကားပေါ်မှ ဟန်ပါပါဆင်းလာသော ဦးသိန်းမောင်ကို ဒေါ်ဖန်စီခရီးဦးကြိုပြုကာ မိုးရိပ်အခန်းထဲသို့ ခပ်သုတ်သုတ်ပြန်ဝင်လာပြီး. . .

"သမီး. . ညည်းမျက်နှာကို ကရင်းပတ်ခ်မြန်မြန်ဖို့ပြီး အိမ်ရှေ့ထွက်ခဲ့၊ မချစ်သော်လည်း အောင့်ကာနမ်းဆိုသလို အလိုက်အထိုက်တော့ဆက်ဆံရမှာပဲ. . ကြားလား၊ အမေ့ကို အရှက်မခွဲနဲ့နော်၊ ငါ့အကြောင်းသိတယ်မဟုတ်လား၊ ညည်းအကောင်ကို ခုချက်ခြင်း အိမ်ပေါ်က နှင်ချလို့ရတယ်"

ခပ်ကျိတ်ကျိတ် ခြိမ်းခြောက်ပြီး ဒေါ်ဖန်စီအိမ်ရှေ့သို့ ပျာတိပျာယာဖြင့် ပြန်ထွက်သွားသည်။

ချစ်သူနှင့် ခြိမ်းခြောက်သွားတော့ မိုးရိပ်မနေသာတော့ ခိုင်းသည့်အတိုင်း ဦးသိန်းမောင်ကို ထွက်တွေ့ရသည်။

"ဩော်. . မိုးရိပ်လေးရှိတာကိုး၊ ကိုကိုက မရှိဘူးထင်နေတာ"

သူ့ကိုယ်သူ ကိုကိုဟုနာမ်စားသုံး၍ အိုမင်းရွတ်တွနေသော ဦးသိန်းမောင်ကြီးကို မနှစ်မြို့စွာဖြင့် မိုးရိပ်ကြည့်လိုက်ပြီး အာခေါင်ထဲလက်ထိုးပြီး အန်ချချင်စိတ်တောင် ပေါက်သွား၏။

"မရှိပဲနေမလား ဦးလေးသိန်းမောင်ရယ် ဒီနေ့လာမယ်လို့ သူတို့ပြောပြထားလို့ နေ့ခင်းလောက်ကတည်းကမျှော်နေတာ၊ သမီးနဲ့ အေးအေးဆေးဆေး စကားပြောကြဦး ကျွန်မ ကော်ဖီလေးဝင်ဖျော်လိုက်ဦးမယ်"





ဒေါ်ဖန်စီရှောင်ပေးသည့်အနေနှင့် အိမ်ထဲသို့ သုတ်ခနဲဝင်သွားသည်။

မိုးရိပ်မှာ သေခါနီးလူ ဇောခုနစ်တန်ပြန်သလို ဒီအဘိုးကြီးနားနေရတာ နေမထိထိုင်မထိဖြင့် ချွေးတွေပင်ပြန်လာကာ ရင်ထဲမှာ အော်ဂလီ ဆန်လာသည်။

"ကလေး နေမကောင်းဘူးလား၊ မျက်နှာလေးက နေထိထားတဲ့ ပန်းလေးလို ညှိုးနေတယ်ကွယ်"

"အင်း. . ဟုတ်. . ဟုတ်တယ်. . သမီးနေမကောင်းဘူး ဘဘကြီး၊ ခု. . ခုတောင်. . ချွေးတွေ တအားထွက်ပြီး သွေးပေါင်ကျချင်သလို ဖြစ်နေတာ"

"ဟင်. . ဟုတ်လား. . ဒါဆို နေဦး ကိုကိုကားထဲမှာ ဆေးသေတ္တာပါတယ်၊ တစ်ခါတည်း သွေးပေါင်ချိန်ပေးမယ် ဒီလိုပဲပေါ့ကွယ် တစ်ယောက်ကိုတစ်ယောက် ဆေးပေးမီးယူဆိုသလို ကိုကိုက ကလေးကို ပြုစုရမှာပေါ့"

"ဟာ. . ဟ. . ဟ. . လဲ. . လဲပြီ"

"ဒုန်း"

ဦးသိန်းမောင်ကြီးမှာ သွားလေရာဆောင်သွားတတ်သော ဆေးသေတ္တာကိုယူဖို့အထ မိုးရိပ်ခြေထောက်နှင့် တိုက်မိကာ ရှေ့သို့ ဟတ်ထိုးလဲကျသွားသည်။ မိုးရိပ်ပင် ဖမ်းဆွဲချိန်မရလိုက်။

ဦးသိန်းမောင် ရှက်ကိုးရှက်ကန်းနှင့်ပြန်ထတော့ ပါးစပ်ထဲမှ သွားတွေက အံ့လိုက်ကျွတ်ပြီး ကြမ်းပြင်ပေါ်တွင် ငုတ်တုတ်ကလေး. .

"ဟင်. . သွား. . သွားအတုကြီးပဲ. . အဟင်းဟင်း ယားတား"



www.burmeseclassic.com

www.burmeseclassic.com



မိုးရိပ် ငိုအားထက် ရယ်အားသန်ဆိုသလို စိတ်မထိန်းနိုင်ဘဲ တဟားဟား အော်ရယ်ပစ်လိုက်သည်။

ဒေါ်ဖန်စီအိမ်ထဲမှ အတင်းပြေးထွက်လာကာ. . .

"သမီး ဘာဖြစ်တာလဲ၊ ဘာဖြစ်တာ. . ဟင်. . ဟော့တော်"

ဒေါ်ဖန်စီ ဆုံးအောင်တောင်မမေးလိုက်ရ အခြေအနေမှန်ကို သူ့ကိုယ်တိုင်တွေ့ပြီး တအံ့တဩ ဖြစ်သွားသည်။ ဦးသိန်းမောင်မှာ ထမရ ပြုမရဖြင့် ခါးဆစ်ရိုးလွဲသွားသဖြင့် ကြမ်းပြင်တွင်လေးဖက်ထောက်ကြီးဖြင့် ကုန်းကုန်းကွကွ ဖြစ်နေရရှာ၏။

"မိုးရိပ်လေးရေ လုပ်ပါဦးဟ ကိုကို့ခါး. . ကိုကို့ခါး လှုပ်လို့မရတော့ဘူး လာတွဲပါဦး၊ အား. . ကျွတ်ကျွတ်. . အောင်မလေးဗျာ နာလိုက်တာ"

မိုးရိပ်ကို တွဲထူရန်အကူအညီတောင်းနေသော ဦးသိန်းမောင်ကြီးကိုကြည့်ပြီး မိုးရိပ်တွဲမထူဘဲ အိမ်အပြင်သို့ပြေးထွက်ခဲ့၏။ ထို့နောက် ဒေါ်ဖန်စီမှာ ဆေးရုံကားခေါ်ကာ ဦးသိန်းမောင်အား အရိုးအကြောကုဌာနသို့ တင်လိုက်ရ၏။

ခုံစောင်းနှင့် ရိုက်မိ၍ခါးဆစ်ရိုးပြုတ်သွားသည်ဟု ဆေးရုံမှ ပြန်လာသောမိခင်ဖြစ်သူပြောပြ၍ မိုးရိပ်ထခုန်မိမတတ် ဝမ်းသာသွားသည်။ ဒါဆို သက်ကြားအိုနှင့် မင်္ဂလာဆောင်ဖို့ ရာနှုန်းပြည့်မကျိန်းသေတော့ဘူးပေါ့။





# အခန်း ( ၂၁ )

"ဘယ်လို မိုးရိပ်ကို ကိုခိုင်ခန့်နဲ့ သဘောတူလိုက်ပြီ ဟုတ်လား. . မေမေ"

"ဦးသိန်းမောင်ကြီးက ခါးဆစ်ရိုးလွဲရုံတင်မဟုတ်ဘူး ရိုးတွင်းချဉ်ဆီကင်ဆာပါ ဖြစ်နေပြီဆိုတော့ ညည်းကိုဘယ်လိုလုပ် ပေးစားလို့ရမလဲအေ"

ဒေါ်ဖန်စီ စိတ်ပျက်စွာဖြင့်ပြော၏။

"ဒါဆို သမီးနဲ့မင်္ဂလာဆောင်စရာ မလိုတော့ဘူးပေါ့နော်"

"ဘာလဲ ဆောင်ချင်သေးလို့လား၊ ဒါဆို ဆေးရုံမှာလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပွဲ လုပ်ပေးမယ်လေ"

ဒေါ်ဖန်စီ ပျော်ရွှင်နေသောသမီးကို ခပ်ရွဲ့ရွဲ့လေး ပြန်ပြောလိုက်၏။

"မနောက်ပါနဲ့မေမေရယ် အဲဒီအဘိုးကြီးနဲ့သာယူရင် အဘိုးကြီးနဲ့နံပြီး သမီးသေလိမ့်မယ်သိလား၊ အသက်ကိုမှအားမနာ ဘုရားသွားကျောင်းတက် မလုပ်ချင်တဲ့ အဘိုးကြီး အခုတော့ သူ့စရိုက်နဲ့သူနားသွားပြီ၊ မေမေ့ကို ကျေးဇူးအရမ်းတင်တယ် သမီးကို ကိုခိုင်ခန့်နဲ့ သဘောတူလို့လေ"

"ဒါနဲ့ ညည်းအကောင်နဲ့သဘောတူတာတော့ ဟုတ်ပါပြီအေ၊ ယူပြီးရင် ညည်းကို ဘာအလုပ်များ လုပ်ကိုင်ကျွေးမယ်ပြောလဲ"

ဒေါ်ဖန်စီ သိပြီးသားကိစ္စဖြစ်ပေမယ့် မသိချင်ဟန်ဆောင်၍ မေးလိုက်သည်။

"သူ့မှာ လုပ်ငန်းတစ်ခုထောင်ဖို့ ငွေအရင်းအနှီးရှိတယ်ထင်တယ်မေမေရဲ့၊ လက်ထပ်ပြီးရင် မိုးရိပ်ကို မျက်နှာမငယ်ရအောင်ထားမယ်တဲ့"

"သူ့မှာ အဖိုးတန်ရတနာတစ်ခု ရှိနေတာကိုရော ညည်းသိလား"

"ဟင့်အင်း မသိဘူးမေမေ၊ ဘာဖြစ်လို့လဲ ကိုခိုင်ခန့်နဲ့ပတ်သက်ပြီး မေမေဘာကြားထားလို့လဲ"

"ဘာမှမကြားပါဘူး သူကလုပ်ငန်းထောင်မယ်ဆိုလို့ မေးကြည့်တာပါ၊ ကဲပါလေ သူ့ကိုပြောလိုက် မေမေက မင်္ဂလာပွဲစီစဉ်ပေးမယ်ဆိုတဲ့အကြောင်းကို နောက်ဆိုရင် မေမေ့ကို သူ့မိဘလိုသဘောထားဖို့





သမီးပဲ ကြားဝင်စေ့စပ်ပေးတော့၊ ဟိုတစ်နေ့ညက သမီးတို့ချိန်းတွေ့တဲ့ကိစ္စနဲ့ပတ်သက်ပြီး တော်တော်လေးကို လွန်လွန်ကဲကဲ ပြောမိတယ်၊ နောက်ပြီး အိမ်သာထဲကကိစ္စလည်း မေမေကခုချိန်ထိ မျက်နှာပူနေတုန်း. . တော်သေးတာပေါ့ မီးပျက်ပြီး မှောင်နေလို့"

ခိုင်ခန့်အပေါ် သိသိသာသာကြီးပြောင်းလဲသွားသော မိခင်ဖြစ်သူကိုကြည့်ပြီး မိုးရိပ်သံသယဝင်မိသည်။ ဒီလောက် ငွေမက်မောသာ အမေက ဘာကြောင့်သူ့မုန်းသောလူနှင့် ချက်ချင်းသဘောတူသွားရတာပါလိမ့်. .

အမေ ဘာတွေများ အကြံထုတ်နေလို့လဲ သတိတော့ ထားနေမှဟု မိုးရိပ်ကိုယ့်ကိုယ်ကိုယ် သတိပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၂၂ )

"**အေး**ပေါ့လေ. . သိန်းထောင့်ငါးရာ နှစ်ထောင်လောက် ချမ်းသာမယ့်သူဌေးလောင်း ဆိုတော့လည်း. . လုံးဝကြည့်မရပါဘူး ဆိုတဲ့ ဒေါ်ဖန်စီကြီးတောင်. . သူကိုယ်တိုင် အကုန်အကျခံပြီး မင်္ဂလာဆောင်ပေးမယ်ဆိုတာ နည်းတဲ့ကုသိုလ်ကံမှ မဟုတ်တာ"

အိပ်ရာထက်တွင် လှဲနေရင်း ခနဲ့တဲ့တဲ့ ရွဲ့တဲ့တဲ့ပြောနေသော ငြိမ်းဝေကိုကြည့်ပြီး ခိုင်ခန့်ထမင်းစားပြီး ထမင်းလုံးစီနေသော မျက်လုံးတွေ ဖျတ်ခနဲပြန်ပွင့်လာသည်။

"ငြိမ်းဝေ ငါဒီနေ့ထမင်းစားတာ အဆီနည်းနည်းတက်သွား





လို့ စောစောအနားယူချင်ပြီကွာ၊ မင်းရဲ့ငှက်ဆိုးထိုးသံနဲ့လူကို အာရုံနောက်အောင် လာမရစ်စမ်းပါနဲ့"

"ဘာလဲ ယောက္ခမလောင်းကြီးက ခုကစပြီး သူ့သမီးအတွက် ပိုအားရှိအောင် သားမက်လောင်းကို ဆီဦးထောပတ်တွေ စကျွေးနေပြီမဟုတ်လား"

"အေးကွာ ငါ့ကိုခုတစ်လော မင်းမမကြီး လုံးဝထင်မထားလောက်အောင် ကောင်းနေတယ်၊ ဟို. . ဘောစိကြီးကလည်း ဆေးရုံတက်ပြီးအနားယူနေတယ်ဆိုတော့ မင်္ဂလာပွဲကလည်းပျက်ပြီ၊ ခုတော့ အမြင်မှန်ရပြီး ငါနဲ့ပေးစားတော့မယ်တဲ့၊ နောက်တစ်ပတ်လောက်ဆိုရင် ငါလူ အိုဖြစ်သွားပြီကွ. . အဟတ်. .

ငါကမင်းရဲ့ အိမ်ရှင်လည်း ဖြစ်သွားမှာနော် မဆိုးဘူးမိုက်တော့မိုက်တယ်ကွ. . . မထင်မှတ်တာတွေနဲ့ပဲ ရင်ဆိုင်ရှင်သန်ရတာ လူတွေရဲ့ဘဝပဲဆိုတာ ငါကောင်းကောင်းသဘောပေါက်သွားပြီ ဒါဟာဘဝရဲ့ အလှည့်အပြောင်းပဲ. ."

"သိပ်လဲ မာန်တက်မနေနဲ့ ဟောကောင်၊ ဟိုမိန်းမကြီးက မင်းကို သားမက်တော်တာ အကောင်းမဟုတ်ဘူး သူ့အကြွေးတွေကို ဝိုင်းဆပ်ခိုင်းဖို့ နဖားကြိုးတပ်လိုက်တာ"

"အဟတ်. . ခုလောလောဆယ်တော့ ငါတို့ချစ်သူနှစ်ယောက်ရဲ့မင်္ဂလာပွဲကို သူကိုယ်တိုင်အကုန်ကျခံပြီး လုပ်ပေးနေတာ မင်းလက်တွေ့အမြင်ပဲ၊ တော်ပြီကွာ မင်းနဲ့ဒီအကြောင်းတွေ ဆက်မပြောတော့ဘူး မင်းကငါ့ကို ဂျေဝင်နေတဲ့ကောင်ဆိုတော့ ငါဘာပြောပြော အမြင်ကြည်မှာမဟုတ်ဘူး၊ ဒီတော့ ဒေါင်ဆိုင်သွားပြီး သီချင်းနားထောင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ဦးလိုက်မယ်"

ခိုင်ခန့် အိပ်ရာထက်မှာ လှဲအိပ်နေရင်းမှ လက်ဖက်ရည်ဆိုင် သွားရန်ထလိုက်သည်။

"ဘာလဲ ဒေါ်ဖန်စီရဲ့သားမက်အဖြစ် ရပ်ကွက်ထဲမှာရှိတဲ့ ကာလသားတွေကို လှည့်ပြီးမာန်တက်ပြမလို့လား"

ခိုင်ခန့်ဘာလုပ်လုပ် ဘာပြောပြော အကောင်းမမြင်ဖြစ်နေသော ငြိမ်းဝေ၏ ထေ့လုံးငေါ့လုံး စကားတွေကို ဘာမျှပြန်မချေပတော့ပဲ . . တဟားဟားဖြင့်ရယ်ပြီး အိမ်အပြင်ကိုထွက်ခဲ့လိုက်၏။

ငြိမ်းဝေ အခန်းထဲမှာ တစ်ယောက်တည်း မကျေမနပ်ဖြစ်ကာ ကျန်ခဲ့သည်။





# အခန်း ( ၂၃ )

ဥက္ကဋ္ဌကြီးဦးစိန်မောင်နှင့် ဒေါ်ဖန်စီ၏ အိမ်ဂရန်ကိုအပေါင်ခံထားသူ ဦးသော်တာတို့ အိမ်ထဲဝင်လာကြသဖြင့် ဖိတ်စာပေါ်တွင်နာမည်တွေ ရေးနေသောဒေါ်ဖန်စီမျက်နှာမှာ မော့တော့တော့လေး ဖြစ်သွားပြီး . . .

"ဦးသော်တာနဲ့ ဦးစိန်မောင်ပါလား . . ကြွပါရှင် ကြွကြပါ"

"ဘာတွေအလုပ်ရှုပ်နေတာလဲ ဒေါ်ဖန်စီ"

ဥက္ကဋ္ဌကြီး ဦးစိန်မောင် ခပ်ပြုံးပြုံးလေးမေးကာ ဒေါ်ဖန်စီရှေ့ မျက်နှာချင်းဆိုင် ဆက်တီခုံတွင် ဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုလာမယ့်အပတ် တနင်္ဂနွေနေ့ သမီးမင်္ဂလာပွဲလေ၊ ရွှေပုစွန် ခန်းမမှာလုပ်မှာလေ၊ ဦးသော်တာအိမ်ကို ဖိတ်စာပို့လိုက်မယ်"

"လာရမှပေါ့ဗျာ ဒီလူနဲ့ဒီလူတွေပဲ"

"ဩော် . . ဒါနဲ့ ဦးသော်တာနဲ့ ဦးစိန်မောင် ကျွန်မဆီကိုလာ ရင်းကိစ္စက ဘာများပါလဲရှင်"

"ဒီကဦးသော်တာက ဒေါ်ဖန်စီရဲ့ အိမ်ကိုအပေါင်လက်ခံထား တဲ့ အချိန်ကန့်သတ်ချင်လို့ လာခဲ့ကြတာပါ"

"ဟုတ်ပါတယ်နော် ဒေါ်ဖန်စီ ကျွန်တော်တို့ချင်းပြောတာနဲ့ ရပ်ကွက်လူကြီးကို သက်သေခံထားပြီးပြောတာ ပိုခိုင်လုံမှာမို့ ခေါ်လာခဲ့ တာပါ"

ဦးသော်တာ စကားကြောင့် ဒေါ်ဖန်စီ ခပ်မှုန်းမှုန်းလေး ရယ် လိုက်သည်။

"အဲဒီအိမ်ဂရန် ပြန်ရွေးဖို့ကိစ္စဆိုင်ရင်တော့ မပြောနေပါနဲ့ တော့ ဦးသော်တာရယ်၊ လေကုန်ပါတယ် ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ သမီး မင်္ဂလာပွဲပြီးတဲ့ သိပ်မကြာတော့မယ့်ရက်မှာ အရင်းရော အတိုး ရော ပေးပြီး ပြန်ရွေးတော့မှာပါ၊ ကျွန်မသားမက်က နိုင်ငံခြားကုမ္ပဏီ တစ်ခုမှာ ရှယ်ယာ ဟိုဒါတစ်ယောက်လေ"

"ဟမ် . . အခု မင်္ဂလာဆောင်မှာက ခင်ဗျားအိမ်မှာ ငှါးနေတဲ့ ကောင်လေးနဲ့ မဟုတ်ဘူးလား"

ဦးစိန်မောင် မျက်လုံးလေး ပေကလပ် ပေကလပ်ဖြင့် အူလည် လည်မေးလိုက်သည်။ ဒေါ်ဖန်စီ ဘာတွေကြွားလုံးထုတ်ပြန်ပြီလဲပေါ့။

"ဟုတ်တာပေါ့ရှင် အဲဒီလို ကျွန်မအိမ်မှာ လာငှားနေရတဲ့အ





ကြောင်းအရင်းက ကျွန်မသမီးကို အနီးကပ် ပိုးရအောင်လို့ဆိုပြီး ကျွန်မ ဆီမှာ အိမ်ငှားနေတာပါရှင်၊ ဒီခေတ်လူငယ်တွေ ဘယ်လောက်စဉ်းစားတွင် လိုက်ကြသလဲလို့ . . အဟင်း . . ဟင်း . . ဟင်း . ."

"ဒါဆို သူဌေးသားမက်လေး ရတော့မှာဆိုတော့ ခင်ဗျားအိမ် ပြန်ရွေးနိုင်ပြီပေါ့"

"ဒါပေါ့ရှင် . . ဒါပေါ့ . . အဆင်မပြေမှုဆိုတာ လူတစ်ယောက် ဆီမှာကြာကြာမနေပါဘူး၊ အဆင်မပြေခြင်းတွေပြီးရင် အဆင်ပြေခြင်း က တစ်လှည့်လာမှာပေါ့၊ ဒါကြောင့် . . ဦးသော်တာ စိတ်အေးအေး ထားပြီးပြန်ပါ ကျွန်မအားလုံး အဆင်ပြေအောင် ဆောင်ရွက်ပေးပါ့ မယ် . ."

"ဒါဆို ကျွန်တော်တို့ ပြန်လိုက်ပါဦးမယ်နော် ဒေါ်ဖန်စီ . ."

"ကောင်းပါပြီရှင် . . ဩော် မင်္ဂလာပွဲကိုလည်း လာဖို့မမေ့ပါနဲ့ ဦးနော် . ."

ဒေါ်ဖန်စီအသံမှာ ကြုံးကြာငှက် ထိုင်ငိုရလောက်အောင်တို ချိုသာရွှင်မြူးနေသည်။ သူ့အနာဂတ်ကို သူကိုယ်တိုင် ရွှေမှုန်ကြဲကာ စိတ်ကူးယဉ် တိမ်တိုက်တွေမှာ မြူးတူးကခုန်နေဟန်ဖြင့် ပေါ့ပါးသွက် လက်၍နေသည်။

"မေမေ . . သမီးနဲ့ကို . . မင်္ဂလာဝတ်စုံသွားရွေးမလို့၊ မေမေ သစ်ခွခြံမှာ သစ်ခွမှာမယ်ဆိုရင် သမီးတို့ပဲ တစ်ခါတည်း မှာခဲ့လိုက် တော့မယ်၊ ရက်ကသိပ်မလိုတော့ ခုကတည်းက ကြိုမှာထားမှ ကိုယ်လို ချင်တဲ့ အရောင်ရမှာ . ."

"အိုကေသမီး . . မေမေဝတ်မယ့်ဝတ်စုံနဲ့ သမီးဝတ်မယ့်ဝတ်စုံ



www.burmeseclassic.com

www.burmeseclassic.com



အရောင်တိုက်ပြီး မှာခဲ့လိုက်. . "

"အင်းပါ. . မေမေရဲ့၊ ဒါပေမဲ့. . ဟိုလေ. . ဝတ်စုံဖိုးနဲ့ သစ်ခွ နှင်းဖိုးပေးဦးလေ. . "

"အေးပါ ပေးလိုက်မှာပေါ့. . သမီးသာ ညည်းယောက်ျားဆီ မှာရှိတဲ့ အဖိုးတန်ပစ္စည်းဟာ ဘာလဲဆိုတာ ရအောင်မေး ကြားလား"

" သမီးလည်း မေးတော့မေးတာပဲ. . မေမေရဲ့၊ အချိန်မကျ သေးလို့ ပြောလို့မရသေးလို့ပါတဲ့. . ကိုယ်ပိုင်တဲ့ အရာမှန်သမျှဟာ သမီးပိုင်ဆိုင်ရမှာတွေချည်းပါပဲတဲ့၊ နောက်ပြီး ပြောသေးတယ်. . . ယောက္ခမကြီးကိုလည်းဖြစ်နိုင်ရင် တစ်ကိုယ်လုံး စိန်စီပေးမယ်တဲ့. . "

"ဟယ်. . တကယ်လား၊ အမလေး. . ဝမ်းသာလိုက်တာ ဒီလို ပြောပုံထောက်ရင် သူ့မှာအတွင်းပစ္စည်း တော်တော်များများရှိပုံရတယ်၊ ဟင်းဟင်း. . ရွှေသားမက် ငွေသားမက်လေးနဲ့ ငါ့သမီး မင်္ဂလာ ဆောင်စရိတ်ကုန်တာ ကုန်ရကျိုးနပ်ပါတယ်ကွယ်. . "

အပျော်ကြီးပျော်ကာ လောဘတွေနှင့်မော်နေသော မိခင်ဖြစ်သူတို့ကြည့်ပြီး မိုးရိပ်လည်းပျော်ပါသည်။ ဖြစ်နိုင်လျှင် အချိန်တွေကို ခွဲလို့ရမယ်ဆိုရင် ခုချက်ချင်းပင် မင်္ဂလာပွဲပြုလုပ်လိုက်ချင်၏။





# အခန်း ( ၂၄ )

"ကဲ. . သမီးရေ. . . ဒီနေ့မင်္ဂလာပွဲကတော့. . အံ့မခန်း လောက်အောင်ကို စည်ကားလိုက်တာကွယ်၊ သားလည်း ပင်ပန်းသွား ရောပေါ့. . သားမိဘတွေရော ပြန်သွားကြပြီလား၊ ဒီမှာ. . တစ်ရက် နှစ်ရက်လောက် လာတည်းခိုင်းပါလားကွယ်. . "

"ရွာမှာ စပါးဖော်ချိန်ရောက်လို့ ပြန်သွားကြပါတယ် မေမေ၊ နောက်မှပဲ သီးသန့်အလည်လာကြမယ်လို့ ပြောသွားတယ်. . "

"အေး. . အေး. . အဲဒီကျရင်တော့ မေမေ ဧည့်ဝတ်ကျေ အောင် ဧည့်ခံပါ့မယ်ကွယ်. . "



www.burmeseclassic.com

www.burmeseclassic.com



"မောင်လေးငြိမ်းဝေရေ လက်ဖွဲ့ပစ္စည်းတွေ မင်းသူငယ်ချင်းနဲ့ မင်းညီမအခန်းထဲကို ထည့်ပေးလိုက်ပါကွယ်၊ သူတို့ဘာသာ နောက်မှ အေးအေးဆေးဆေး ဖောက်ကြည့်ကြပါစေ"

တားပေါ်မှ ဆင်းလာသောငြိမ်းဝေကိုလည်း အလွတ်မပေးတန်းပြီး ခိုင်းသေးသည်။ ယခင်ရက်များကထက်ပင် ဒေါ်ဖန်စီပို၍ အာသွက်လျှာသွက် ဖြစ်နေသည်။

"ဪ. . သားရေ၊ ပြီးရင် မေမေနဲ့သားနဲ့ စကားနည်းနည်း ပြောကြရအောင် မေမေ့အခန်းကို လာခဲ့ပါဦးကွယ်"

"ဟုတ်ကဲ့ မေမေ. . ကျွန်တော်လာခဲ့ပါ့မယ်"

ခိုင်ခန့်နှင့်ဒေါ်ဖန်စီ အသစ်စက်စက် သမီးယောက္ခမနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် သားရေမေမေရေဟု အတိုင်အဖောက်ညီညီ ခေါ်နေကြပုံက ဘယ်အချိန်ကာလကတည်းက သားမက်တော်ချင် ယောက္ခမတော်ချင်နေတဲ့သူတွေလည်းဟု ဝေဖန်ချင်စရာကောင်းလောက်အောင် နားထဲမှာကလောနေသူက ငြိမ်းဝေ။ သူငယ်ချင်းအရင်းကြီး ဖြစ်ပါလျက် သူ့အပေါ် လှို့ဝှက်နိုင်လွန်းသော ခိုင်ခန့်ကို ရင်ထဲမှာ နည်းနည်းလေးမှ အခဲမကျေ။

ငြိမ်းဝေ ဒေါ်မနသနှင့်တွေ့နေတုန်း ခိုင်ခန့် ဒေါ်ဖန်စီအခန်းထဲသို့ ခပ်ကုပ်ကုပ်ဝင်သွားသည်။ ငြိမ်းဝေနောက်မှ မသိမသာလိုက်ပြီး အခန်းဝတွင် အသာရပ်ပြီး နားထောင်လိုက်သည်။

"သား ဒီနေ့မင်္ဂလာဆောင်မှာ လက်ဖွဲ့ရတဲ့ငွေသိန်းနှစ်ဆယ်ကို မင်းဘာလုပ်မယ်စိတ်ကူးလဲကွယ်"

"မေမေပဲယူလိုက်ပါ ကျွန်တော်တို့အတွက်က မလိုအပ်ပါဘူး





မေမေ"

ခိုင်ခန့်အတည်ပေါက်နှင့် မမက်ကြောင်းပြောလိုက်သည်။ ဒေါ်ဖန်စီမျက်နှာမှာ ထိုသိန်းနှစ်ဆယ်ဖြင့် အတောမသတ်နိုင်သေး. . သူမလိုချင်တာက သမက်ကလေးဆီမှာရှိနေသည့် ရတနာပစ္စည်း။

ထိုရတနာပစ္စည်းကို သူမလက်ထဲရောက်အောင် မဲဆွယ်ရမည်။

"ဪ. . ဒီလိုလဲမဟုတ်ပါဘူး သားရယ်၊ မင်းတို့လို ညားခါစအကြင်လင်မယား အသစ်စက်စက်ကလေးအနေနဲ့ ဟန်းနီးမွန်းလေးဘာလေး ထွက်သင့်တယ်မဟုတ်လား၊ ဒါကြောင့် မေမေက အလိုက်တသိနဲ့ စီစဉ်ထားပါတယ်ကွယ်"

"မေမေက ဘာများစီစဉ်ထားလို့လဲ"

"မင်းတို့ ဖနီးမောင်နှံကို ချောင်းသာဟန်းနီးမွန်းလွတ်ဖို့ အခန်းတောင် ကြိုမှာပြီးသွားပြီ လက်ဖွဲ့ငွေတွေလည်း ဟိုမှာလုံလုံလောက်လောက် သုံးရအောင်အကုန်ယူသွား"

"ဟာ. . . ဝမ်းသာလိုက်တာ ချစ်မေမေရယ်၊ သားဘဝမှာ သားရဲ့ အမေအရင်းတောင် သားအပေါ် အဲလောက်မေတ္တာမပေးဖူးဘူး၊ မိုးရိပ်ကလေးသာသိရင် ဝမ်းသာမှာ ကျေးဇူးတင်တဲ့အနေနဲ့ သားကန်တော့ပါရစေ"

ခိုင်ခန့် ယောက္ခမအသစ်စက်စက်ကြီးကို ဖင်ထောင်အောင် အကြိမ်ကြိမ်ကန်တော့လိုက်သည်။ ရင်ထဲက ပါပါမပါပါ ယောက္ခမဆိုတဲ့အမျိုးက အမြှောက်ကြိုက်တဲ့အမျိုး. . .

"အဲ. . ဒါနဲ့ သားကို မေမေမေးစရာရှိတယ်၊ သားမှာ



www.burmeseclassic.com

www.burmeseclassic.com



သိန်းပေါင်း ထောင်နဲ့မကတန်တဲ့ ရတနာပစ္စည်းလေးရှိတယ်ဆို"

"ဗျာ.. ဟုတ်.. ဟုတ်ကဲ့.. ရှိပါတယ် မေမေ"

"အေးလေ.. ဒါကြောင့် အဲဒီကိစ္စကို မေမေတွေးပူနေတာ ဒီလောက် အဖိုးတန်တဲ့ပစ္စည်းကို ဟန်းနီးမွန်းထွက်တဲ့အခါ ယူသွားလို့တော့ မသင့်တော်ဘူးထင်တယ်၊ ဒါကြောင့် အဲဒီပစ္စည်း မေမေ့ကို ပေးထားလေ မေမေသိမ်းပေးထားမှာပေါ့၊ ဒါမှမဟုတ် ထုခွဲရောင်းချထားဖို့လိုတယ်ဆိုလည်း မေမေပဲ စီစဉ်ပေးထားလိုက်မယ်၊ သားတို့ပြန်လာမှ လုပ်ငန်းကိစ္စတွေ တိုင်ပင်ကြတာပေါ့.. ဟုတ်ဘူးလား"

"ဟာ.. ကောင်းတာပေါ့ မေမေရယ်၊ ခုချိန်မှာမေမေက ကျွန်တော့် အမေဖြစ်သွားပြီပဲ မေမေသင့်သလိုစီစဉ်ပါ သားတို့ ဟန်းနီးမွန်းထွက်မယ့်ရက်နဲ့ ဒီပစ္စည်းလေးကရမယ့် အကျိုးခံစားခွင့်နဲ့က သိပ်မကွာဘူး.. အင်း.. ဟုတ်တယ်.. နေဦး ကျွန်တော်ပြက္ခဒိန်ကြည့် လိုက်ဦးမယ်"

ခိုင်ခန့် ခပ်တည်တည်ဖြင့် ဒေါ်ဖန်စီခုတင်ခေါင်းရင်းတွင် ချိတ်ဆွဲထားသောပြက္ခဒိန်ကို လှန်ကြည့်ကာ တစ်ယောက်တည်း တွတ်ပွတွတ်ပွ ပြောကာ လက်ချိုးရေတွက်နေ၏။

"ဟာ.. ဟုတ်တယ် အဲဒီနေ့ဟာ နက္ခတ်အကောင်းဆုံးအချိန် သားတို့မိသားစုဘဝကို ရွှေရောင်လွှမ်းမယ့်နေ့ပဲ၊ ဒါကြောင့် အဲဒီပိုက်ဆံတွေကို မေမေပဲ ကြည့်စီစဉ်လိုက်ပါတော့၊ မေမေဝယ်ချင်တာဝယ် သုံးချင်တာတွေ သုံးထားနှင့် သမက်ပစ္စည်း ယောက္ခမလည်းပိုင်တာပဲ မေမေရာ၊ အားလုံး မေမေ့သဘော.. မေမေ့သဘော"

ဒေါ်ဖန်စီရင်ထဲမှာ ဝမ်းသာလုံးတွေ တစ်လုံးပြီးတစ်လုံး ဆို့ကာ





"အောင်မလေး.. လိမ္မာလိုက်တဲ့ မေမေ့သားလေးရယ်.. ဝစ်ဝစ်.. ဂစ်.. အစ်.. အင့်"

"ဟာ.. မေမေ.. မေမေ သတိထားလေ၊ သတိပြန်မရပါနဲ့တော့.. အဲ.. ဟုတ်ပါဘူး သတိပြန်ရပါတော့"

ဒေါ်ဖန်စီ ဝမ်းသာလွန်း၍ တက်ကာ တစ်ကိုယ်လုံးကွေးကောက်ပြီး သတိလစ်သွားလေသည်။ အမှန်တော့ ဒေါ်ဖန်စီမှာ ငယ်စဉ်က သူငယ်နာမစင်ခဲ့၍ ယခုအသက်ကြီးချိန်အထိ ထိတ်လန့်အံ့ဩစရာ.. ဝမ်းသာစရာနှင့် ကြုံရလျှင် အလျဉ်းသင့်သလို တက်တတ်သောရောဂါရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၂၅ )

မြစိမ်းရောင်လယ်ကွင်းတွေကို တရိတ်ရိတ်ဖြတ်ကျော်နေသော Express ခရီးသည်တင်ကားကြီးပေါ်မှာ ခိုင်ခန့်နှင့် မိုးရိပ်တို့၏ အသစ်စက်စက် ကြင်စဦးဇနီးမောင်နှံနှစ်ဦး၏ ပျော်ရွှင်ကြည်နူးမှုတို့သည် ကမ္ဘလာရောင် လယ်ကွင်းတွေပေါ် ထိုးကျစပြုနေသော နေခြည်တို့နှင့်အပြိုင် နွေးမြလတ်ဆတ်၍နေသည်။

မိုးရိပ် ခိုင်ခန့် ပခုံးထက်မှာ ခေါင်းမှီတင်ထားရင်းမှ ခိုင်ခန့်ကို ရွှန်းစိုဝိုင်းစက်သော မျက်ဝန်းအစုံဖြင့် မော့ကြည့်ပြီး . . .

"ကို "

"ဟင်"





"ကိုပေးခဲ့တဲ့ သိန်းထောင်ချီတဲ့ ပစ္စည်းလေးကိုကြည့်ပြီး မေမေတော့ အရမ်းကိုဝမ်းသာနေတော့မှာပဲ"

"မိုးရိပ်မေမေနဲ့ ကံစပ်ရင်တော့ ဝမ်းသာစရာပဲပေါ့၊ ကံခေစပ်ရင်တော့ ယောက္ခမကြီး ကိုယ့်ကိုဒေါသတွေနဲ့ ဆွေ့ဆွေ့ခုန်ပြီး ကျိန်ဆဲနေမှာ ကျိန်းသေတယ်"

"ဟင် . . ကံမစပ်ရင်ဟုတ်လား ကို့စကားကြီးက ဘယ်လိုကြီးလဲ မိုးရိပ်တောင် နားမလည်တော့ဘူး၊ ကိုယ်မေမေ့ကိုပေးခဲ့တဲ့ ယွန်းသေတ္တာထဲကပစ္စည်းက ဘာမို့လို့လဲ၊ နောက်ပြီး အဲ့ဒီသော့ကို ဘာကြောင့် ခြံထဲက ပိတောက်ပင်ခြေရင်းမှာ ဝှက်ခဲ့ရတာလဲ"

"မေမေ့ကို အချိန်ခဏဆွဲခဲ့တဲ့ သဘောပါ၊ အမှန်တော့ အဲ့ဒီအထဲမှာရှိတဲ့ပစ္စည်းလေးက မိုးရိပ်နဲ့ ချစ်သူဖြစ်တဲ့နေ့က စိတ်ကူးယဉ်ပြီး ထိုးခဲ့တဲ့ ထိုလက်မှတ်ကလေးပါ"

"ဟင်"

ခိုင်ခန့်ပခုံးမှာ မှီခွေ့နေသော မိုးရိပ်၏ကိုယ်လေး ဆတ်ခနဲ မတ်သွားသည်။

"ဒါ . . ဒါဆို သိန်းပေါင်းထောင်ချီတဲ့ အဖိုးတန်ရတနာတစ်ခုမဟုတ်ဘူးလား"

"အဖိုးတန် ရတနာမဟုတ်ပေမယ့် ကံကောင်းရင်တော့ ဒီထီလက်မှတ်ကလေးကလည်း သိန်းထောင်ချီပြီး တန်တာမဟုတ်ဘူးလား"

"အို . . . တန်ပေမယ့်လည်း မရေရာတဲ့ကိစ္စကြီးပါ၊ ဒုက္ခပဲ မေမေတော့ ဒေါသတွေ အလိပ်လိုက်တက်ပြီး . . တစ်ယောက်တည်း တက်ချက်နေရင်တော့ ဒုက္ခပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မပူပါနဲ့ မိုးရိပ်မေမေနားမှာ ငြိမ်းဝေကို စောင့်ကြည့်ခိုင်းထားတယ်၊ ကိုယ်တို့ထွက်မလာခင် ငြိမ်းဝေကိုလည်း ကိုယ့်လျှို့ဝှက်ချက်ကို ဖွင့်ပြောပြခဲ့လို့ ဒီကောင် ခွက်ထိုးခွက်လန်ရယ်ပြီး ကိုယ့်အပေါ် စိတ်ဆိုးပြေသွားတယ်၊ မိုးရိပ်ကို ပိုင်ဆိုင်ရဖို့အတွက် ခုလိုလှည့်ကွက်ကလေးကို သုံးလိုက်ရတာပါ၊ ဒါမှာ မိုးရိပ်အမေက ကိုယ်နဲ့သဘောတူမှာလေ၊ အာပဲဖြစ်ဖြစ် ခုချိန်မှာ ကိုယ်ပိုင်ဆိုင်မှုက ချစ်သူရယ်၊ လက်ဖွဲ့ငွေ သိန်းနှစ်ဆယ်ရယ်ပဲရှိတာပါ"

မိုးရိပ် အတည်ပေါက်နှင့် လှည့်ကွက်သုံးခဲ့သော ခိုင်ခန့်ကို စိတ်ဆိုးရအခက် ဒေါသထွက်ရအခက်နှင့် ရယ်မလိုငိုမလို မျက်နှာဖြင့် ခိုင်ခန့်ကို စိုက်ကြည့်သည်။

"ရှင်. . လူလိမ်ပဲ သိလား"

"အဟဲဟဲ. . , ချစ်လို့ လိမ်သွားမိတာပါ"

"ကဲ. . လိမ်ဦးဟယ်. . လိမ်ဦးဟယ်"

မိုးရိပ်၏ လက်သီးဆုပ်ကလေးထဲမှ စိတ်ဆိုးမှုနုနုလေး ခိုင်ခန့်ခန္ဓာကို လာရောက်ထိတို့ ကစားသွားသည်။





# အခန်း ( ၂၆ )

"ငြိမ်းဝေရေ သားက ဒီရတနာဘူးသော့ကို ပိတောက်ပင်ခြေရင်းမှာမြှုပ်ခဲ့တာတဲ့၊ လာ. . လာ. . မမတို့ အမြန်သွားတူးပြီး. . . ရတနာဘူး ဖွင့်ကြရအောင်"

ငြိမ်းဝေ လက်ကို ဖွတ်အတင်းဆွဲပြီး ခြံထဲမှာ ခိုင်ခန့် အမှတ်အသားလုပ်ခဲ့သည့် ပိတောက်ပင်အောက်တွင် မြှုပ်ခဲ့သည့် သော့ကို ဖော်ယူလိုက်သည်။

ဒေါ်ဖန်စီ မျက်နှာမှာ လောဘတွေဖြင့် အရောင်တွေ ထိန်တောက်၍နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီငွေတွေရလို့ကတော့ မောင်လေးရယ် မမရယ် စင်ကာပူမှာ တစ်လလောက် အပန်းသွားဖြေကြရအောင်နော် မောင်လေး၊ ဒီအိမ်ကို ရှေ့ပြီး သမီးနဲ့သားကို အမွေပေးခဲ့မယ်၊ ဒီပိုက်ဆံတွေကိုတော့ မမတို့ပဲ သုံးလိုက်ကြမယ်"

ငြိမ်းဝေမှာ လောဘတက်နေသော ဒေါ်ဖန်စီကြီးကိုကြည့်ပြီး ရယ်ချင်တာမှ အူကိုလှိမ့်၍နေသည်။ သူ့လောဘနှင့်သူမို့ သိပ်မကြာတော့မယ့်အချိန်မှာ ခံစားရတော့မည့် ဒေါသတွေကတော့ ခပ်လှမ်းလှမ်းမှာ ကြိုစောင့်ပြီး ခွက်ထိုးခွက်လန် လှောင်ပြောင်ရယ်မောနေကြမှာ အမှန်ပင်။

"မောင်. . မောင်လေး ဖွင့်ပါဦး မမလက်တွေ တုန်နေတယ် တွယ်"

သော့ပေါက်နှင့် သော့တံမတည့်နိုင်အောင်ပင် ဒေါ်ဖန်စီ စိတ်တွေ အရမ်းကိုလှုပ်ရှားယိမ်းထိုး၍နေသည်။ ငြိမ်းဝေ သော့ကိုယူပြီး သူကိုယ်တိုင် ဖွင့်လိုက်သည်။

ယွန်းသေတ္တာလေးကို ဒေါ်ဖန်စီ တုန်ယင်သောလက်အစုံဖြင့် ခပ်ဖြည်းဖြည်းဖွင့်လိုက်သည်။

"ဟင်. . ဒါ. . ဒါဘာကြီးတုန်း၊ အောင်မလေး. . ဘုရား. . ဘုရား"

"ထီလက်မှတ်လေ မမရဲ့"

"အို. . ထီလက်မှတ်တော့ သိတာပေါ့၊ သူပြောတုန်းကတော့ သိန်းထောင်ချီပြီးတန်တဲ့ပစ္စည်းတဲ့"

"ဒါလည်း ပေါက်ခဲ့ရင် သိန်းထောင်ချီပြီး တန်တာပဲမဟုတ်





လား"

ဒေါ်ဖန်စီမျက်နှာမှာ စောစောက လောဘတွေအစား ဒေါသတွေ ရောနှောမွှေနှောက်ကာ သူ့ကိုပတ်သွားသော ခိုင်ခန့်ကို ဒေါသဖြစ်လွန်း၍ အံကိုတင်းတင်းကြိတ်ကာ ပါးကြောတွေပင် ထောင်တတ်လာသည်။

"ဒီကောင် ကာလနာကောင်၊ ငါ့. . ငါ့သမီးကို ညာယူပြီး လက်ဖွဲ့ငွေ သိန်းနှစ်ဆယ်ကိုလည်း မသွားပြီ၊ ဘုရား. . အမလေး ကိုယ်တို့တော့ နည်းပါပြီ. . အရှက်တွေလဲကွဲပါပြီ၊ ဒီကြွက်တွင်းကောင်ကြောင့် ငါဘဝ ခုမှ ခွေးလုံးလုံးဖြစ်ရပြီပေါ့. . အီး. . ဟီး. . ဟီး. . ဟီး"

ဒေါ်ဖန်စီ အသံပြဲကြီးဖြင့် အော်ငိုကာ ထီလက်မှတ်ကို လုံးချေပြီး ခြံစည်းရိုးအပြင်သို့ လွှင့်ပစ်လိုက်ပြီး အိမ်ထဲဝင်လာလိုက်သည်။

"အောင်မလေး. . ကုန်ပါပြီ၊ ပါသွားပါပြီ၊ ဒီတစ်ခါ အနိုက်ခံရယုံတင် မဟုတ်ဘူး ငါ့ဘဝကြီးပါ ကြွက်တွင်းထဲ ဆွဲခေါ်ခံလိုက်ရတာ. . ငါ့မှာ ဒီငွေကိုမျှော်လင့်ပြီး မင်္ဂလာဆောင်ပေးလိုက်ရတာက သိန်းသုံးဆယ်လောက်ကို ကုန်သွားတာ၊ အဲ့ဒီအကြွေးတွေရော အိမ်ပေါင်ထားတဲ့ အကြွေးတွေရော ဒီကြားထဲ ဖုန်းတစ်လုံးတောင် အဆစ်ပါသွားသေးတယ်၊ ဘယ်လိုရှင်းရပါ့မလဲ အရပ်ကတို့ရဲ့ ကောင်းကြသေးရဲ့လား အီး. . အင့်. . အင့်. . ဂစ်. . ဂစ်ဂစ်"

ဒေါ်ဖန်စီ အော်ဟစ်ငိုရင်းမှာ ဆန့်ငင်ဆန့်ငင်ဖြင့် တက်သွားလေ၏။

"ဟာ. . မမ. . မမ. . သတိထားပါဦး အသက်ထွက်မယ်ဆိုလည်း တစ်ခါတည်းထွက်လိုက်တော့၊ ကျွန်တော်တက်တဲ့လူ့ ဝထီ



www.burmeseclassic.com

www.burmeseclassic.com



ကြောကို ရှာမနိုင်တတ်ဘူး”

ငြိမ်းဝေ ဒေါ်ဖန်စီမကြားလောက်ဖူးအထင်နှင့် အမြင်ကတ်စွာ ခပ်ရွဲ့ရွဲ့ပြောလိုက်သည်။ အမှန်တော့ ဒေါ်ဖန်စီ တက်တစ်ဝက် မတက်တစ်ဝက် ငြိမ်းဝေပြောတာအကုန်ကြားရသည်။

“အိမ်ရှင်တို့ ရှိလား”

ထိုစဉ် အိမ်ရှေ့မှ လူခေါ်သံကြောင့် ငြိမ်းဝေ ဒေါ်ဖန်စီနားမှ ထထွက်လာလိုက်သည်။

“ဘာကိစ္စလဲ ဦးလေး”

“ဒီအိမ်က မောင်ခိုင်ခန့် ထီပေါက်လို့ ဦးလေးဆိုင်က ပေါက်တာ”

“ဗျာ. . တကယ်လားဗျာ”

“တကယ်ပါ. . ဦးလေးက ထီဆိုင်ပိုင်ရှင်လေ နောက်ရက်ဆိုရင် ဦးလေးက ကိုယ်စားလှယ်ဆု သိန်းတစ်ရာတောင် သွားထုတ်ရတော့မှာ”

ငြိမ်းဝေ ဆံပင်မွေးများ ထောင်ထမတတ်ကို ကြက်သီးမွေးညင်းများဖြာ၍ ဝမ်းသာသွားမိသည်။ ဒေါ်ဖန်စီတက်နေရာမှ မျက်လုံးတစ်ဖက် ပေကလပ်ပေကလပ် ဖွင့်ကြည့်သည်။ ဝမ်းသာလိုက်တာမှ အသက်ရှူများမတတ်. . .

“ဟာ. . ဝမ်း. . ဝမ်းသာလိုက်တာ ဦးလေးရာ စောစောတုန်းက ဒီထီလက်မှတ်ကိုဘာမှ တန်ဖိုးရှိလာမှာ မဟုတ်ဘူးဆိုပြီး ဟိုမိန်းမကြီးက လွှင့်ပစ်လိုက်တာ”

ထိုလူကြီး သူ့ရင်ဘတ်ကို အထိတ်တလန့်ဖိကာ. .





“ဟာရော ကံသီပေလို့ပေါ့ ဦးလေးသာ အချိန်မီလာမပြောရင် မင်းတို့ မဟာအခွင့်အရေးကြီးတစ်ရပ် ဆုံးရှုံးရတော့မှာပဲ၊ ဒါနဲ့ ဟိုမိန်းမကြီးက အိမ်ရှေ့ခန်းမှာ တောင့်တောင့်ကြီး သေနေတာလား”

“ဟုတ်တယ် ဦးလေး. . နောက် နာရီဝက်လောက်ဆိုရင်တော့ ကြွလောက်ပြီ၊ ဒါကြောင့် ဒီထီပေါက်တာ ကျွန်တော်ပဲသိတော့မယ်. . တာဟ”

“ဟမ်. . သေချင်းဆိုး ငါ့ကိုများကြွလောက်ပြီလေး ဘာလေးနဲ့ ကြားထဲက သူများတာကို အချောင်နိုက်ချင်သေးတယ်၊ ငါ့သားမက် ထီပေါက်တာ ဒင်းနဲ့ဘာဆိုင်လဲ. . ဟဲဟဲ ငါ့သားမက်ပစ္စည်း ငါ့ပစ္စည်း ဒီတော့. . ဒင်း အဲ့ဒီလူနဲ့ စကားပြောနေတုန်း ငါစောစောက လွှင့်ပစ်ထားတဲ့ ထီလက်မှတ် အမြန်သွားကောက်မှ”

ဒေါ်ဖန်စီ တောင့်တောင့်ကြီး တက်နေရာမှ ဝုန်းခနဲ ထလိုက်ပြီး ခြံအပြင်သို့ သူကိုယ်လုံးကြီးဖြင့် ပြေးလေသည်။ ငြိမ်းဝေကလည်း လျင်ပြီးသား ဒေါ်ဖန်စီထက် အရင်ရောက်အောင် အမီလိုက်ပြေးသည်။ ခြံအပြင်ရောက်တော့ ခြံနားတွင်လုံးကြေနေသော ထီလက်မှတ်ကို အငမ်းမရ လုကောက်ကြ၏။

“ဟဲ့. . ငါအရင်ရတာ၊ ပေး. . ဒါ ငါ့သားမက်ထီလက်မှတ်”

“ဒါ. . ကျွန်တော့် သူငယ်ချင်း ထီလက်မှတ် မရဘူး”

“ပေးနော်. . မပေးရင် ဖက်ကိုက်လိုက်မှာ”

“ပေးဘူးဗျာ. . ဘာလုပ်ချင်လဲ”

ထီလက်မှတ်ကလေးမှာ သူတို့နှစ်ဦး၏ လက်ထဲမှာ ပြဲဖို့ ခပ်ယဲ့ယဲ့သာကျန်တော့သဖြင့် ကျကယ်ရာမဲ့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မပေးရင် တီးတယ်ဟာ"

"ဟာ ခင်ဗျားနော် လက်မပါနဲ့"

ဒေါ်ဖန်စီ ငြိမ်းဝေကို အားနေသည့်လက်တစ်ဖက်ဖြင့် နားရင်းလှမ်းအုပ်၏။ ငြိမ်းဝေရှောင်လိုက်ပြီး ဒေါ်ဖန်စီကို ပြန်တွန်းသည် လက်သီးသုံးရမှာ အားနာလို့ဖြစ်သည်။ ဒေါ်ဖန်စီ သူ့ကိုယ်လုံးကြီးဖြင့် အရှိန်မထိန်းနိုင်ပဲ မြောင်းထဲကို ပြုတ်ကျသွားသည်။ ဒေါ်ဖန်စီ သူပြုတ်ကျတော့ ငြိမ်းဝေကိုပါ ဆွဲမိဆွဲရာ လှမ်းဆွဲတော့ ပုဆိုးကွင်းကျွတ်ကာ ဘောင်ဘီတိုလေးဖြင့် သူပါရောပြီး မြောင်းထဲပြုတ်ကျတော့၏။

ရုတ်ရုတ်သဲသဲဖြစ်တော့ အိမ်နီးနားချင်းတွေ ပြေးလာကြသည်။ နှစ်ယောက်သားကတော့ ရွှံ့ဗွက်တွေပေလူးကာ ရေမြောင်းထဲမှာပင် ထီလက်မှတ် လုကောင်းနေဆဲ။

ပုထုဇနော ဥမ္မတကော ဆိုသည့်အတိုင်း ပုထုဇဉ်လူသားများ ပီသစွာ ကိုယ့်စတိုင်နှင့်ကိုယ် ဥမ္မတကော နေကြတော့သည်။

ခိုင်ခန့်နှင့် မိုးရိပ်တို့၏ ခရီးကလည်း ပျားရည်ဆမ်း၍ ကောင်းနေဆဲ ရပ်ကွက်ထဲက လူတချို့နှင့် ကလေးတချို့ကလည်း ရယ်မောကြည့်ရှုနေကြဆဲ. .

ငြိမ်းဝေနှင့် ဒေါ်ဖန်စီတို့ကတော့. . . .

**ရှင်လန်းသွမ်းမြေကြပါစေ...**

WAIH ZAR





BURMESE CLASSIC .com

www.burmeseclassic.com